# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ်(၀၉၄)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်းဆုရ "ဝ" စေတီ နောင်တော်ဘုရား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၁**

တောင်းဆုရ "ဝ" စေတီ နောင်တော်ဘုရား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အဆိုပါ စေတီတော်ရင်ပြင် ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့မင်္ဂလာဗေယျာပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ


*စာမျက်နှာ ၄ ကော်လံ ၁* ❑


**နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။**

သတင်းစဉ်




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ပြည်သူ့ညီညွတ်ရေးဖြင့် ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသို့

သူတစ်ပါး၏ကျွန်ဘဝဆိုသည်မှာ စိတ်ကူးထဲနေရသည်နှင့်ပင် ရှုံရှာစက်ဆုပ်ဖွယ်ရာအတိ ဖြစ်ပါ၏။ ဗြိတိသျှအရင်းရှင်နယ်ချဲ့လက်အောက် ကျွန်ဘဝ၊ ဂျပန်ဖက်ဆစ်လက်အောက် ကျွန်ဘဝတို့ကို ဖြတ်သန်းခဲ့ရသော မြန်မာပြည်သူလူထု၏ လွတ်လပ်လိုသော အမှီအခိုကင်းလိုသော စိတ်ဓာတ်ပြင်းထန်ကြသည်မှာ အထူးအဆန်းမဟုတ်ဟု ဆိုနိုင်ပါသည်။

သူတစ်ပါးကျွန်ဖြစ်ဖြစ်၊ ကိုယ့်အချင်းချင်း မတရားကျွန်ပြုခံရခြင်းကိုဖြစ်ဖြစ် တွန်းလှန်လိုသည်မှာ လူတို့၏ သဘာဝပဲဖြစ်၏။ လူတစ်ယောက်အဖြစ် မွေးဖွားလာသည်နှင့် တစ်ပြိုင်နက် သူ၏ဘဝအတွက် အသက်ရှင်ခွင့်၊ သူ၏ အသက်မွေးဝမ်းကျောင်းမှုဘဝကို သူ့ဘာသာ ရွေးချယ်ခွင့်၊ သူယုံကြည်သက်ဝင်ရာကို ယုံကြည်ကိုးကွယ်ခွင့်၊ သူမယုံကြည်ရာကို မယုံကြည်ခွင့်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု မည်သည့်နေရာတွင်မဆို လူချင်းတူတူ သူချင်းမျှမျှ တန်းတူညီမျှရှိခွင့်၊ သူ၏ သဘောဆန္ဒအတိုင်း ပြောဆို ဖွင့်ဟခွင့် အစရှိသည့် အခွင့်အရေးများမှာ လူတစ်ယောက်၏ မွေးရာပါ လူ့အခွင့်အရေးသာ ဖြစ်ပါ၏။

မိမိ၏ သဘောဆန္ဒအရ လုပ်ကိုင်နေထိုင် ဖွင့်ဟပြောဆိုမှု တစ်စုံတစ်ရာသည် သူတစ်ပါးအား မထိခိုက်ရေး၊ မိမိ၏ လူမှုအဖွဲ့အစည်းအား မထိခိုက်ရေး၊ မိမိ လူမှုအဖွဲ့အစည်းက သဘောတူ ချမှတ်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ဓလေ့ထုံးတမ်းတို့ကို မဆန့်ကျင်ရေးသာ လိုအပ်၏။

မိမိယုံကြည်ရာကို ယုံကြည်ခွင့်ရှိသလို သူတစ်ပါးယုံကြည်ရာကို ယုံကြည်ခွင့်ရှိသည်ဆိုတာကို အသိအမှတ်ပြုရန်သာ လိုအပ်၏။

မိမိ၏ယုံကြည်ကိုးကွယ်မှုကို လာရောက်စော်ကားခွင့်မရှိသလို သူတစ်ပါး၏ ယုံကြည်ကိုးကွယ်ခွင့်ကို မစော်ကားရန်သာရှိ၏။

နယ်မြေချဲ့ထွင်အုပ်စိုးရန် ကြိုးပမ်းခဲ့ကြသော အနောက်နိုင်ငံသားများက သည်သို့သော အခြေခံလူ့အခွင့်အရေးကို စတင်ချိုးဖောက်ကြရန် အားထုတ်ခဲ့ကြသည်။ နောက်ပိုင်းတွင် အရှေ့ဘက်က ဂျပန်ကပါ စစ်လက်နက်အင်အား ကြီးမားသည်ထက် ကြီးမားအောင် စစ်အင်အားချဲ့ထွင်ကြရင်း အရှေ့တစ်လွှားကို ရန်ပြုတိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။ ဤသည်တို့က မြန်မာနိုင်ငံအပါအဝင် အာရှတစ်လွှား ကျွန်နိုင်ငံများပေါ်ထွန်းခဲ့ကြရခြင်း၏ မူလဇာစ်မြစ်ဖြစ်၏။ အရင်းရှင်နယ်ချဲ့စနစ်က လက်နက်အားကိုးဖြင့် အစွမ်းကုန် ရက်စက်ပြင်းထန်လာသည့်အခါ ဖက်ဆစ်စနစ် ဖြစ်လာခဲ့လေသည်။

နယ်ချဲ့တို့က ကိုယ့်ကိုယ်ကိုယ် သခင်ဟု အမည်တပ်ကာ မူလ တိုင်းနိုင်ငံသားတို့ကို ကျွန်များအဖြစ်ယူဆပြီး နိုင်ထက်ကလူ ပြုကြကုန်၏။ လက်နက်အင်အားကြီးလျှင် မည်သူ့ကိုမဆို ကျွန်ပြုခွင့်ရှိသည်ဟူသော အလွန်စက်ဆုပ်ရွံရှာဖွယ် သဘောထားဖြင့် လူမှုဆက်ဆံရေးစနစ်ကို ဖျက်ဆီးခဲ့ကြ၏။

သည်လို နိုင့်ထက်စီးနင်း အမူအကျင့်က ယနေ့ထက်တိုင် မပပျောက်သေးဘဲ အင်အားကြီးသူက အင်အားနည်းသူကို နှိမ့်ချဆက်ဆံလိုသည့် စရိုက်လက္ခဏာတို့ကို ကမ္ဘာတစ်ဝန်း တွေ့နေရဆဲဖြစ်သည်က လွန်စွာစိတ်ပျက်စရာကောင်းလှပါသည်။

သည်သို့သော စနစ်ဆိုးကို တော်လှန်ကာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး လွတ်လပ်ခွင့်တို့အတွက် ယနေ့ထက်တိုင် ကမ္ဘာတစ်လွှားတွင် နစ်နာသူတို့ တိုက်ပွဲဝင်နေကြရဆဲဖြစ်၏။

အခြေခံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို လူများစုတို့ မရမချင်း လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ မရောက်သေးသည့်သဘော။

ဒီမိုကရေစီလွတ်လပ်ခွင့်၊ လူ့အခွင့်အရေးနှင့် တကယ့်ငြိမ်းချမ်းရေးတို့အတွက် အဓိကအကျဆုံးသော အင်အားမှာ ညီညွတ်ရေးအင်အားဟု ဆိုချင်ပါသည်။

မြန်မာတို့ကို ကျွန်ပြုအုပ်စိုးခဲ့ကြသည့် ဗြိတိသျှနယ်ချဲ့သမားနှင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ကာ လွတ်လပ်ရေးအရယူနိုင်ခဲ့သည့် သမိုင်းကို လည်ပြန်ကြည့်လျှင် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော် စသည့် နိုင်ငံရေးခေါင်းဆောင်တို့၏ ညီညွတ်မှုအောက်တွင် ပြည်သူတို့ သွေးစည်းခဲ့ကြသည်က အခြေခံအကျဆုံး အင်အားပဲဖြစ်ခဲ့သည် မဟုတ်ပါလား။

ယနေ့ တည်ဆောက်ရန် အားထုတ်ကြိုးပမ်းနေသော အမှန်တကယ် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံကို ပြည်သူတို့၏ သွေးစည်းညီညွတ်မှုအင်အားဖြင့် အမြန်ဆုံး ရယူနိုင်ကြပါစေသတည်း။ ။

# ယခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကော်မတီအဆင့်ဆင့်ဖွဲ့စည်း စီမံဆောင်ရွက်မည်

**မကွေး ဇန်နဝါရီ ၁**

မန်းရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်သစ်ကူး တန်ခူးလ နှစ်ဆန်း ၁ ရက်အထိ ပွဲတော်ကာလ သုံးလနီးပါး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခုနှစ်တွင် ဘုရားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မန်းရွှေစက်တော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီး ၁၀ ပါး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အဖွဲ့ဝင်ခြောက်ဦး၊ ဘုရားပွဲတော်ကျင်းပရေးဦးစီး ကော်မတီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် (နာယက)၊ ဗိုလ်မှူးကြီးမင်းဦး(ဥက္ကဋ္ဌ)၊ ဒေါက်တာခင်မောင်အေး (အတွင်းရေးမှူး)၊ ဦးဝေဇင်ထွန်း (တွဲဖက်အတွင်းရေးမှူး)ပါ အဖွဲ့ဝင် ၁၃ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ စီမံဆောင်ရွက်မည်ဖြစ်၍ ပွဲတော်ကာလအတွင်း ဒေသန္တရအမိန့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် စနစ်တကျ စည်းကမ်းရှိရှိ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထိန်းသိမ်းကြပ်မတ်မှုအပိုင်းကို ဖိဖိစီးစီးနဲ့ ဆောင်ရွက်နိုင်ဖို့ ဂေါပကအဖွဲ့များကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ဂေါပကအဖွဲ့ကို ကြီးကြပ်ဖို့အတွက် လုပ်ငန်းကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ အတွင်းရေးမှူး မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် အဖွဲ့ဝင် ၁၅ ဦးပါအဖွဲ့က တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော် ကာလအတွင်း စည်းကမ်းရှိရှိ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာယာစွာ ဖူးမြော်နိုင်ရေးနှင့် ဘုရားပွဲတော်တွင် ဈေးရောင်းဈေးဝယ်များ အဆင်ပြေစေရန် ဒေသန္တရအမိန့်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မင်းလှမြို့နယ် မုက္ခာရေတံခွန်ဆင်စခန်း၌ အပန်းဖြေလာရောက်သူ နှစ်ဆပိုမိုများပြားလာ

**မင်းလှ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ဘန်ဘွေးကုန်းကျေးရွာ မုက္ခာဆည်အနီးရှိ မုက္ခာရေတံခွန်ဆင်စခန်း၌ ဒီဇင်ဘာအားလပ်ရက်အတွင်း ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်အပန်းဖြေမှု နှစ်ဆခန့်ပိုမို များပြားလာကြောင်းကို ဒီဇင်ဘာ ၃၁ ရက်က မုက္ခာဆင်စခန်းမှ သိရသည်။

မုက္ခာ ရေတံခွန်ဆင်စခန်းကို အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စိတ်ဝင်တစားလာရောက်လည်ပတ်ကြ၍ စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ မုက္ခာရေတံခွန်ဆင်စခန်းကို ၂၀၁၈ ခု ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွင့်ခဲ့ကြောင်း၊ ဆင်စခန်းတွင်ဌာနပိုင် ဆင် ၁၄ ကောင်ထားရှိပြီး ဆင်စီးခြင်း၊ ဆင်စာကျွေးခြင်း၊ ဆင်များဖြင့် အမှတ်တရ ဓာတ်ပုံ ဗီဒီယိုရိုက်ကူးခြင်းများ ဆောင်ရွက်နိုင်ပြီး သဘာဝနားနေဆောင်များနှင့် ဝါးရုံပင်များအောက်တွင် အပန်းဖြေအနားယူနိုင်ကြောင်း၊ သဘာဝဆေးမြစ်များဖြစ်သော တောရှောက်မြစ်၊ သက်ရင်းကြီးမြစ်၊ ဝံအူမြစ်၊ ဆင်တုံးမနွယ်နှင့် ပျားရည်အစစ်ရောင်းချပေးခြင်း၊ ပန်းပုလက်ရာများဖြစ်သော ဆင်ရုပ်၊ မြင်းရုပ်၊ ငါးရုပ်၊ သမင်ရုပ် စသည့်တို့ကိုလည်း အမှတ်တရဝယ်ယူနိုင်ကြောင်း၊ ဆင်စီးပြီး သဘာဝတောတောင် အလှအပများကို ကြည့်ရှုနိုင်ကြောင်း၊ မုက္ခာရေတံခွန်၌လည်း ရေချိုး၊ ရေဆော့ကစားခြင်းများဖြင့် ပျော်ရွှင်ကြည်နူးနိုင်ကြောင်း သိရသည်။

ယခု ဒီဇင်ဘာလတွင် နှစ်သစ်ကူးရုံးပိတ်ရက်နှင့် အခြားအားလပ်ရက်များ၌ မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်ဖြစ်စေ လာရောက်အပန်းဖြေရန် သင့်တော်သော နေရာတစ်ခုဖြစ်ကြောင်း၊ ရန်ကုန်မြို့ကြီးမှ နေ့ချင်းပြန် လာရောက်လည်ပတ်နိုင်ကြောင်း၊ ဆင်များ၏ အမူအကျင့်များကို ထိတွေ့မှတ်တမ်းယူနိုင်ကြောင်း၊ ဆင်စခန်းဝင်ကြေးကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ ယခင်နှစ်က ဈေးနှုန်းအတိုင်းသာ ကောက်ခံခြင်း ဖြစ်ကြောင်း မုက္ခာရေတံခွန် ဆင်စခန်းတာဝန်ခံ ဦးသက်ဆွေအောင်က ပြောသည်။

**ပေါက်စ -မင်းလှ**

# မန္တလေးမြို့တွင် ကွမ်းသီးဖတ်မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် ကွမ်းသီးပင်မှ ရရှိသောကွမ်းသီးဖတ်များကို တစ်ခါသုံးပန်းကန်၊ ခွက်၊ ဇွန်းစသည့် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းအချို့ကို ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းပြည်ပမှ ဝယ်ယူလိုသူ များပြားလျက်ရှိကြောင်း သိရသည်။

"ကွမ်းသီးဖတ်ကနေ လူသုံးကုန်ပစ္စည်း တော်တော်များများကို ထုတ်လုပ်နိုင်ပါတယ်။ စားသောက်ကုန်နဲ့ ပတ်သက်တဲ့ ပန်းကန်လုံးတွေ၊ ပန်းကန်ပြားတွေ ဇွန်းတွေ၊ ခွက်တွေ အကုန်လုံးထုတ်လုပ်နိုင်ပါတယ်။ တစ်ခါသုံးပစ္စည်းလေးတွေကို ဆေးကာလာတင်ပြီးတော့ အမြဲတမ်းထားပြီး သုံးလို့ရပါတယ်။ တစ်သျှူးဘူး၊ ဆေးလိပ်ခွက်၊ ဆပ်ပြာခွက်တို့ကို လည်း ကြာရှည်ထားပြီး သုံးလို့ရပါတယ်"ဟု ကွမ်းသီးဖတ်မှ တစ်ခါသုံးပစ္စည်းများ ထုတ်လုပ်သူ ကိုကျော်မိုးက ပြောသည်။

လတ်တလောအနေဖြင့် အဆိုပါ ပစ္စည်းများကိုဝယ်ယူရန် စင်ကာပူနိုင်ငံမှ ကုမ္ပဏီတချို့က ကမ်းလှမ်းထားပြီး ဓာတုကင်းစင်ရန်နှင့် ပိုးမွှားကင်းစင်ရန် တာဝန်ယူ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းအနေဖြင့် ငွေဆောင်၊ ချောင်းသာ၊ ရန်ကုန်တို့မှ ဝယ်ယူရန် ဆက်သွယ်ကြကြောင်း သိရသည်။ ကွမ်းသီးဖတ်အသုံးပြုထားသည့်ပစ္စည်းများကို ဆက်သွယ်လာသည့်နေရာများသို့ နမူနာပစ္စည်းများ ပေးပို့သွားမည်ဖြစ်ပြီး ပစ္စည်းများ ပိုမိုစုံလင်စွာ ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွမ်းသီးဖတ်အသုံးပြုထားသည့် ပစ္စည်းများရရှိရန် ကွမ်းသီးပင်မှ အဖတ်ကို ခွာယူပြီးပေါင်းခံခြင်း၊ ပိုးသတ်ခြင်း၊ မိုတွင်တပ်ကာ ဖိခြင်းစသည်ဖြင့် အဆင့် ခြောက်ဆင့်ခန့် ပြုလုပ်ပြီးပါက ပိုးသတ်ထားပြီး တစ်ခါတည်း အစားအစာများထည့်သည့် ပစ္စည်းများကို ရရှိသည်။ ပုံမှန်အားဖြင့် အဆိုပါ ကွမ်းသီးဖတ်များကို လောင်စာအနေဖြင့် အသုံးပြုကြကြောင်း သိရသည်။ ကိုကျော်မိုးသည် ကွမ်းသီးဖတ်မှ တစ်ခါသုံးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ၂၀၁၈ ခုနှစ် နှစ်လပိုင်းမှ စတင်ကြိုးစားခဲ့ရပြီး ယခုနှစ်ကုန်ခါနီးအချိန်တွင် စက်များနှင့် ပစ္စည်းများကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကွမ်းသီးဖတ်ကို အခုလိုလောင်စာတွေ ဖြစ်သွားနေတာ ကျွန်တော်နှမြောတာရယ်၊ နိုင်ငံတကာမှာဆိုရင် ဒီပစ္စည်းက တကယ်တန်ဖိုးကြီးတဲ့ ပစ္စည်းအဖြစ်နဲ့ လူတွေက သုံးစွဲနေကြတယ်။ ကျွန်တော်တို့ မြန်မာပြည်အနေနဲ့က ဒါကိုသုံးစွဲရကောင်းမှန်း မသိသေးတာပေါ့။ ဖော့ဘူးတွေအစားပေါ့။ ဖော့ဘူးတွေက အပူစင်တီဂရိတ် ၆၀ ကျော်တာနဲ့ အစားအသောက်တွေမှာ အပူပြန်ပြီးတော့ ဒုက္ခရောက်နိုင်တယ်။ အဲ့ဒီအပေါ်မှာရော လူတွေရဲ့ကျန်းမာရေးလည်းဖြစ်တယ်။ အခြေခံလူတန်းစားတွေအနေနဲ့ လည်းအမှိုက်ဖြစ်မယ့်အရာတွေကို ကုန်ပစ္စည်းအဖြစ် ထုတ်လိုက်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေတွေလည်း အများကြီးရရှိနိုင်တယ်။ အဲ့ဒါကြောင့် recycle နဲ့ ပတ်သက်တဲ့ တော်တော်များများကို လေ့လာဖြစ်ပြီးတော့ အခုလိုနည်းပညာတွေကိုစုဆောင်းပြီး ထုတ်လုပ်ဖြစ်ခဲ့တာပါ"ဟု ကွမ်းသီးဖတ်မှ တစ်ခါသုံးပစ္စည်းများ ထုတ်လုပ်သူ ကိုကျော်မိုးက ပြောသည်။

ကွမ်းသီးဖတ် အသုံးပြုကာ ပစ္စည်းများ ထုတ်လုပ်နိုင်ရန် စက်နှင့်မို တန်ဖိုးတွဲလျက် အနိမ့်ဆုံးဈေး ကျပ် ၁၅ သိန်းကနေ အမြင့်ဆုံးဈေး ကျပ်သိန်း ၄၀ ခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါစက်များကို ဝယ်ယူလိုပါက ပြုလုပ်ပေးမည်ဖြစ်ကာ ကုန်ကြမ်းကောက်သည့်အဆင့်မှ အချောထည်ရသည့်အဆင့်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။





ယခုလအတွင်း မန္တလေးမြို့၌ ကွမ်းသီးဖတ် အသုံးပြုထုတ်လုပ်ထားသည့် ပစ္စည်းများကို ပြပွဲများပြုလုပ်ကျင်းပကာ ရောင်းချသွားမည်ဖြစ်ပြီး ပစ္စည်းများ ထုတ်လုပ်သည့် စက်နှင့်မိုများကိုလည်း ထားဝယ်၊ မြောင်းမြ၊ သံတောင်၊ တောင်ငူ စသည့် မြို့နယ်များနှင့် ပြည်နယ်အချို့မှ ဝယ်ယူလိုသဖြင့် ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရား အလှူတော် ဓမ္မသဘင် အခမ်းအနားကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော်က "ဘာကိုပေးလှူရမလဲ" အမည်ရှိ တရားတော်အား ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တရားနာပရိသတ် တစ်သိန်းနှစ်သောင်းခန့်က ရိုသေစွာနာယူကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်သစ်ကူးအလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး အစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားကြောင်း သိရသည်။

နှစ်ဦး ဓမ္မသဘင်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အစိုးရသစ်တက်လာတဲ့ အချိန်ကစပြီး နှစ်သစ်မှာ တရားပွဲတွေ ကျင်းပဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ နှစ်ဦး အချိန်အခါမှာ နိုင်ငံသူ နိုင်ငံသားတွေအားလုံး ဆရာတော်ကြီးတွေရဲ့ ဆုံးမသြဝါဒနဲ့အညီ တစ်နှစ်တာ ကာလပတ်လုံးနေနိုင်ဖို့အတွက်၊ ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝဖို့အတွက် ရည်ရွယ်ပြီး ကျင်းပတာ ဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်ဖို့အတွက်လည်း ဆပ်ကော်မတီတွေခွဲပြီး လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ရပါတယ်။ ဒီတရားပွဲကြီးက အကြီးမားဆုံးတရားပွဲကြီး ဖြစ်ပါတယ်။ မနှစ်ကဆို တစ်ရက်တည်း တစ်သိန်းခြောက်သောင်းလောက်အထိ လာတာကို တွေ့ရပါတယ်။ ဒီနှစ်လည်း လာရောက် တရားနာယူသူ အခုဆို တစ်သိန်းကျော်နေပါပြီ။ လာရောက်တရားနာယူတဲ့ ပုဂ္ဂိုလ်တွေ အဆင်ပြေစေဖို့အတွက် အလှူရှင်တွေက စတုဒိသာကိုလည်း သိန်းပေါင်း ၁၅၀၀ လောက် အကုန်အကျခံပြီး လှူဒါန်းကျွေးမွေးပါတယ်"ဟု ပြောသည်။

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကို ဇန်နဝါရီ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက် ညတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၃ ရက် ညတွင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက လည်းကောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးသွားမည် ဖြစ်သည်။

နှစ်သစ်ကူးတရား အလှူတော် ဓမ္မသဘင်သို့ လာရောက်တရားနာသူများအဆင်ပြေစေရန် စီစဉ်ထားရှိမှုနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီမှ ဦးမောင်မောင်ကျော်က "သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ခရိုင်အလိုက် အရှေ့ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်း၊ မြောက်ပိုင်း ခရိုင်တွေအပြင် တရားနာမယ့် ရဟန်းရှင်လူတွေအတွက် အခမဲ့ Taxi တွေကော၊ ပရဟိတအဖွဲ့ဖြစ်တဲ့ MCU က ကိုဇော်ဝင်းအောင်တို့ ကူညီတာရော၊ နောက်သယ်ယူပို့ဆောင်ရေးနဲ့ ချိတ်ဆက်ပြီး YBS တွေကိုလည်း တရားနာပရိသတ်တွေအတွက် အဆင်ပြေအောင် စီစဉ်ပေးရပါတယ်။ YBS က အစီးရေ ၁၂၀ ရှိပြီး ပရဟိတ Taxi တွေနဲ့ကူညီတာက အစီးရေ ၆၀ ရှိပါတယ်။ အပြန်ကို ကူညီမယ့် Taxi အဖွဲ့တွေက အစီးရေ ၄၀၀ ရှိပါတယ်။ မီနီဘတ်စ်အနေနဲ့ အခမဲ့ကူညီတာ အစီးရေ ၂၀ ရှိပါတယ်"ဟု ပြောသည်။

နှစ်သစ်ကူးတရား အလှူတော် ဓမ္မသဘင်သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း လာရောက် တရားနာယူကြသည်ကို တွေ့ရသည်။

မှော်ဘီမြို့နယ် မြောင်းတကာ နှင်းဆီမြိုင်ရပ်ကွက်တွင် နေထိုင်သူ ဒေါ်မျိုးကြည်က "အခုလိုတရားပွဲ ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်တယ်။ တရားနာရတဲ့အတွက်လည်း ကြည်နူးမိတယ်။ အရင်နှစ်ကလည်း သုံးရက်လုံး တရားလာနာတယ်။ တရားနာရတဲ့အတွက် အခုရော သံသရာအတွက်ပါ အကျိုးကျေးဇူးရှိပါတယ်။ ကားငှားလာတာပါ။ ကားကိုလည်း အလှူရှင်က လှူတာပါ။ လူ ၂၀ လောက်ပါတယ်"ဟု ပြောသည်။

တရားလာရောက်နာယူသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အလိုက် လာရောက်တရားနာယူကြသူများနှင့်အတူ အကြို/အပို့ ယာဉ်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် တရားနာယူနိုင်ရန်အတွက် လုံခြုံရေးကိုတာဝန်ယူပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က "ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့ ကျွန်တော်တို့ တိုင်းကျန်းမာရေးက ဦးဆောင်ပြီး ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေနဲ့ ပုဂ္ဂလိက ဆေးရုံတွေကလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဆရာဝန်၊ သူနာပြု တွေအပြင် လိုအပ်တဲ့ဆေးဝါးတွေနဲ့ တရားနာပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ဒဂုံမြို့နယ်မှ ဦးအောင်စိုးက "သတင်းစာထဲမှာ ဖတ်ရလို့ တရားပွဲကျင်းပမယ်ဆိုတာ သိရတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် တစ်ယောက်တည်းလာခဲ့တာပါ။ တရားပွဲကျင်းပတဲ့ သုံးရက်လုံး လာမှာပါ။ အခုလို နှစ်ဦးမှာ ဓမ္မသဘင်ပွဲကြီးကျင်းပတာဟာ ကျွန်တော်တို့ တိုင်းပြည်ကြီး ငြိမ်းချမ်းမှုတွေရရှိပြီး နိုင်ငံသူ နိုင်ငံ သားတွေ အေးအေးချမ်းချမ်းနဲ့ နှစ်သစ်ကို ကျော်ဖြတ်ကြရလိမ့်မယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

**ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ဗန်ကောက်မြို့တွင် ၁၂ နိုင်ငံမှ သံဃာတော်များနှင့် ပြည်သူများက နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သ






**ရန်ကုန် ဇန်နဝါရီ ၁**

နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များ ပါဝင်သည့် နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှ စတင်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆာနမ်လွန်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၁၆ ပါး၊ ဗဟိုသံဃ ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သံဃနာယက ဆရာတော်များအပါအဝင် သံဃာတော် စုစုပေါင်း ၃၁ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဗဟို (ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေနှင့် အဖွဲ့ဝင်များအပါအဝင် လူပုဂ္ဂိုလ်စုစုပေါင်း ၂၆ ဦးတို့နှင့် ၁၂ နိုင်ငံမှ သံဃာတော်များ အပါအဝင် ထိုင်းနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံ Sanam Luang Pavilion တွင် ကျင်းပပြုလုပ်သည့်The New Year's Eve Chanting & Meditation for Happiness in ၂၀၁၉ (ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနား) ကို နိုင်ငံ ၁၂ နိုင်ငံမှ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူများ စုပေါင်းကျင်းပခဲ့ကြခြင်း ဖြစ်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ စေတီတော်၏ရတနာစိန်ဖူးတော်ကို ပင့်ဆောင်၍ လက်ယာရစ်လှည့်လည်ပူဇော်စဉ်။
သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငှက်မြတ်နားတော်ကိုပင့်ဆောင်၍ လက်ယာရစ်လှည့်လည်ပူဇော်စဉ်။
သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နှင့် ဇနီး ဒေါက်တာ စိန်စိန်သိမ်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်



အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေး သာအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ဦးအေးသာအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယာယီမဏ္ဍပ်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ပန်းနှင့်ဆီမီးများကပ်လှူပူဇော်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှေးထုံးကျမ်းဂန်နှင့်အညီ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြစဉ်။

သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

နမောတဿသုံးကြိမ်ရွတ်ဆို၍ တောင်းဆုရ “ဝ” စေတီနောင်တော်ဘုရားရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြပြီး နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိသတ်များကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ပက်ဖျန်းကြဲဖြန့်ချည်နှောင်**

ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်တော် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဧည့်ပရိသတ်များက နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်း ကြဲဖြန့်ချည်နှောင်ကြသည်။

**အနုမောဒနာတရား နာကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့က စေတီတော်၏ ရတနာ စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငှက်မြတ်နားတော်၊ သာသနာ့တံခွန်တိုင်၏ စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပျဉ်းမနားမြို့မင်္ဂလာဇေယျံပါဋ္ဌိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လက်ယာရစ်လှည့်လည်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဇွန်းဘုံတော်များ၊ ဆပ်သွားဖူးတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် ရွှေခေါင်းလောင်းတော်များကို ပင့်ဆောင်၍ တောင်းဆုရ “ဝ” စေတီ နောင်တော်ဘုရားအား လက်ယာရစ် လှည့်လည်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ပူဇော်ကြသည်။

**ရေစင်ရေသန့်များဖြင့်ပက်ဖျန်း**

ပျဉ်းမနားမြို့ မင်္ဂလာဇေယျံပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ ဇနီးဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေထီးတော် ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို ပရိတ်နံ့သာရည်၊ အောင်စံပယ်ပန်း၊ အောင်သပြေပန်းများဖြင့် ပက်ဖျန်းချိတ်ဆွဲကြပြီး မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်ကြသည်။ မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှေးထုံးကျမ်းဂန်နှင့်အညီ စေတီတော်အထွတ်၌ အစီအစဉ်အတိုင်း တင်လှူပူဇော်ကြပြီး ရွှေထီးတော်ကို ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရေ၊ ရေစင်ရေသန့်များဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်း ပူဇော်ကြသည်။

**ရတနာခေါင်းလောင်းတော်တီးခတ်**

ယင်းနောက် သာသနာ့တံခွန်တိုင်၌ ရွှေထီးတော်၊ ဆပ်သွားဖူးတော်၊ ဇွန်းဘုံတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို လက်ဆင့်ကမ်းတင်လှူပူဇော်ကြပြီး ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်း ပူဇော်ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် သာသနာ့တံခွန်တိုင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး ရတနာရွှေမောင်းတော်နှင့် ရတနာခေါင်းလောင်းတော်တို့ကို တီးခတ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက တောင်းဆုရ “ဝ” စေတီနောင်တော်ဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြစ်ကြီးနား - မန္တလေးရထားလမ်းပိုင်းရှိ ရထားလမ်းများ၊ ဘူတာများနှင့် တံတားများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားဘူတာ၌ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားဘူတာမှ ရထားဖြင့် ပြည်ထောင်၊ မရမ်း၊ နမ္မတီး၊ မိုးကောင်းနှင့် ပင်းဘောဘူတာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘူတာများသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပင်းဘောနှင့် နန်းခွင်ဘူတာကြား မိုင်တိုင် (၆၆၀/၁၄-၁၅)တွင် အရှည် ပေ ၂၀ တံတားကို ပေ ၄၀ တံတားအဖြစ် တိုးချဲ့တည်ဆောက်မည့်နေရာနှင့် နန်းခွင်ဘူတာရှိ သံလမ်းများကို ကိုးချောင်းဆက်ရန် EIC ဂဟေစက်ရုံ တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟိုပင်၊ မိုးညှင်း၊ နန့်စီးအောင်နှင့် နဘား ဘူတာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များမှာကြားသည်။

ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကောလင်းဘူတာ၌ မြန်မာ့မီးရထား အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ကိုးထောင်ဘို့နှင့် ထန်းတပင်ဘူတာတို့တွင် သံလမ်းများကို စက်များဖြင့် ကိုးချောင်းဆက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ မန္တလေး - မြစ်ကြီးနား ရထားလမ်းပိုင်း၌ သံလမ်းဆက်ခြင်းလုပ်ငန်းများပြီးစီးပါက ရထားမောင်းနှင်ချိန်ကို လျှော့ချပြေးဆွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ခင်ဦး)၌ ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုရန် ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**





# ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အမြန်လမ်းမကြီးတွင် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင် (၀) ပတ်ဝန်းကျင်၌ ပြုလုပ်သည်။ **(ဓာတ်ပုံ)**

စုပေါင်းအမှိုက်ကောက်ပွဲ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လမ်းများတွင် အမှိုက်များကို သန့်ရှင်းရေးလုပ်ခြင်းဖြင့် မိမိတို့၏ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ အမှိုက်များကို ပုံမှန်ကောက်ခြင်းဖြင့် မိမိတို့၏ တက္ကသိုလ်များတွင် ပုံမှန်ဆောင်ရွက်သွားပါက အမှိုက်ကင်းစင်ခြင်းဖြင့် ဂုဏ်သိက္ခာရှိသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်သိက္ခာရှိသော နိုင်ငံသူ နိုင်ငံသားများအဖြစ် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ရန်ကုန် တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများသည် အဖွဲ့လေးဖွဲ့ခွဲ၍ ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်(၀) ပတ်ဝန်းကျင်ရှိ လမ်းဘေးဝဲယာတစ်လျှောက် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ကောက်ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

*❍ ကျောဖုံးမှ*

အမြင့်ပေ ၁၁၉၂၀ ပေကို တက်ရောက်မှာဖြစ်ပါတယ်'' ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့မှ ဖုန်ကန်ရာဇီရေခဲ တောင်တက်ခရီးအတွေ့အကြုံရှိသူ ဒေါက်တာမြတ်မင်းက ပြောသည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့၏ တောင်တက်ခရီးစဉ်များကို United Pharma ကုမ္ပဏီက ပံ့ပိုးကူညီနေပြီး ဖုန်ကန်ရာဇီရေခဲတောင် တောင်တက်ခရီးစဉ်အတွက်လည်း အထူးပံ့ပိုးကူညီမည်ဖြစ်သည်။ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့၏ အဓိကဆောင်ပုဒ်မှာ ''သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပါ၊ တောင်တက်ခရီးစဉ်တိုင်းတွင် မိမိတို့အဖွဲ့က မည်သည့်အမှိုက်မျိုးကိုမှ စွန့်ပစ်ခဲ့ခြင်းမရှိစေရ'' ဖြစ်သည်။ တောင်တက်ခရီးစဉ်တိုင်းတွင် အဖွဲ့ဝင်တိုင်း အရက်သေစာ၊ မူးယစ်သောက်စားခြင်း မပြုရန် အဓိကတားမြစ်ထားပြီး တားမြစ်ချက်ကိုမလိုက်နာပါက တောင်တက်အဖွဲ့ဝင်အဖြစ်မှ အမြဲတမ်းထုတ်ပယ်မည်ဖြစ်သည်။

တောင်တက်ခရီးစဉ် သွားရောက်သည့်ဒေသတိုင်းတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံလူနာများအား တောင်တက်အဖွဲ့ဝင်များထဲမှ ဆရာဝန်များက အခမဲ့ဆေးကုသမှုပေးခြင်း၊ အဖွဲ့မှ စုပေါင်းကောင်းမှုဖြင့် လှူဒါန်းငွေနှင့် လှူဒါန်းဒါနပြုခြင်းများ ဆောင်ရွက်သည်။

မိတ္ထီလာ ခြေလျင်တောင်တက်အဖွဲ့တွင် အဖွဲ့ဝင် ၁၀၀၀ ကျော်ရှိပြီး တောင်တက်ခရီးစဉ်များတွင် တောင်တက်အဖွဲ့ဝင် ၁၄၀ နှင့် ၂၀၀ ဝန်းကျင်ခန့် အမြဲတမ်းလိုက်ပါတက်ရောက်ကာ ၂၀၁၈ ခုနှစ်၌ ပုပ္ပားတောင်၊ ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခဒိရွှေတောင်၊ စိန်ခနောက် မြခနောက်တောင်တို့ကို တက်ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် အရှေ့မြင် အနောက်မြင်တောင်၊ မဲနယ်တောင်နှင့် ဖုန်ကန်ရာဇီရေခဲတောင်ခရီးစဉ်များကို ဆက်လက်တက်ရောက်ကာ နွေရာသီကာလတွင် အဖွဲ့တောင်တက်ခရီးစဉ်များကို ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)၊ ဓာတ်ပုံ-ဒေါက်တာမြတ်မင်း**

## ရှမ်းပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့နှင့် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာ ပြည်) (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့နှင့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း စာတမ်းဖတ်ပွဲ၌ မေးမြန်းစဉ်။**

စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များ၊ ပြင်ပပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ခံများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာချာလီသန်းက Quality Assurance and Public Service Institutions စာတမ်း၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာယဉ်မျိုးသူက Primary of Universal Norms over Particular Norms in International Relations စာတမ်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီလာကြူက Domestic Violence in Myanmar စာတမ်း၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာလဲ့လဲ့ဝင်းက The Role of Myanmar Poems in Environmental Aesthetic စာတမ်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဒေါက်တာနမ့်ခင်သင်းစုက An Analysis of the capacity development of faculty members from CICS (Lower Myanmar) စာတမ်း၊ စီမံ/ဘဏ္ဍာဌာနကြီးမှူး ဦးတင်ရွှေက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများစာတမ်း၊ စီမံခန့်ခွဲမှုပညာဌာနမှ တာဝန်ခံ တွဲဖက်ပါမောက္ခ ဦးသန်းမြင့်ဒွေးက Old Public Administration to New Public Management စာတမ်း၊ စီးပွားရေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်မင်းမင်းစန်းက Myanmar Sustainable Development Plan (2018-2030) and Micro, Small and Medium Enterprises (MSMEs) in Myanmar စာတမ်းတို့ကို ဖတ်ကြားကြသည်။

ထိုသို့ စာတမ်းဖတ်ပွဲကျင်းပရခြင်းသည် သင်ကြားပို့ချသူ ဆရာများ၏ ပို့ချမှုအရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် ပို့ချမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ လေ့ကျင့်သင်ကြားမှုနှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားကြခြင်းဖြစ်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာတမ်းဖတ်ကြားပွဲကို ဇန်နဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**




မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း

ဓာတ်ပုံ-ကြည်မျိုးသက်

## "လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့"

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# မြန်မာ - တရုတ် နှစ်နိုင်ငံ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ဆွေးနွေး

**မူဆယ် ဇန်နဝါရီ ၁**


တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ရုံးမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန် ဦးစိုးပိုင်နှင့်အတူ မူဆယ်ခရိုင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ နာယက ဒေါ်စစ်စိန် ပါဝင်သော စာရေးဆရာများ၊ လုပ်ငန်းရှင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်များ၊ သတင်းမီဒီယာများ ပါဝင်သည့်အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်က တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ အသက်မွေးဝမ်းကျောင်းကောလိပ်သို့ သွားရောက်လေ့လာပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးသည်။

**ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် ဆွေးနွေး**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ အသက်မွေးဝမ်းကျောင်းကောလိပ် အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး Mr. Sha Yu Zhuang က အသက်မွေးဝမ်းကျောင်း ပညာသင်ကောလိပ် တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ် တာဝန်ရှိသူများက ရက်တိုသင်တန်းပို့ချရန် စီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းကို တက်ရောက်စေလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရက ဖိတ်ခေါ်ပါက သွားရောက်၍ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ မြန်မာကောင်စစ်ဝန် ဦးစိုးပိုင်က မြန်မာကောင်စစ်ဝန်ရုံးနှင့် အသက်မွေးဝမ်းကျောင်းကောလိပ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကိစ္စများ၊ ဆောင်ရွက်ပေးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ရွှေ့ပြောင်းအလုပ်သမားများ၏ နေထိုင်လုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ နှစ်နိုင်ငံအတွင်း တရားဝင် လုပ်ကိုင်ခွင့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ရေးကိစ္စများ၊ အလုပ်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

**လေ့လာကြည့်ရှု**

ယင်းနောက် မန်စီမြို့ အသက်မွေးဝမ်းကျောင်းကောလိပ် တာဝန်ရှိသူများက မြန်မာနိုင်ငံနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့သည့် ပညာရပ်သင်ကြားခြင်းကိစ္စများ ရှင်းလင်းပြောကြားခဲ့ပြီး စာသင်ခန်းများနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် လက်တွေ့သင်ထောက်ကူစက်ပစ္စည်းများ၊ ဆေးဝါးပညာဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို လေ့လာကြည့်ရှုကာ အသေးစိတ် ရှင်းလင်းပြသခဲ့သည်။ **(ယာပုံ)**



အဆိုပါ အသက်မွေးဝမ်းကျောင်းကောလိပ်သည် ၁၃၈ ဒသမ ၈ ဧကကျယ်ဝန်းပြီး အဆောက်အအုံပေါင်း ၂၃၉ ဆောင်ထားရှိကာ ကျောင်းသား ကျောင်းသူ ၁၃၆၃၆ ဦးကို ဆရာ ဆရာမ ၄၄၅ ဦးဖြင့် သင်ကြားပေးလျက်ရှိသည်။ တရုတ်နိုင်ငံ ကျောင်းသား ကျောင်းသူများအပြင် မြန်မာနိုင်ငံမှလည်း အခြေခံပညာတက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း မည်သူမဆို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ တက်ရောက်ပညာသင်ယူခွင့်ရှိပြီး ဘာသာရပ်အလိုက် သုံးနှစ်နှင့် ငါးနှစ် တက်ရောက်ရကာ တက်ရောက်အောင်မြင်ပြီးသူတိုင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ကျောင်းစတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အထိ တက်ရောက်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ငါးသောင်းကျော်တွင် မြန်မာ ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)၊ ဓာတ်ပုံ-သန်းတင်(၁၀၅)မြေ**

✤ *ကျောဖုံးမှ*

ကျောက်ဂူထဲမှာ လေ့စီးရတာဖြစ်တဲ့အတွက် အလွန်ကိုစိတ်ကြည်နူးချမ်းမြေ့ရပါတယ်။ ပြောမပြနိုင်အောင်ပဲ ပျော်ရွှင်ပါတယ် "ဟု ပြောသည်။

နှစ်သစ်အခါသမယတွင် ဘုရားဖူး အပန်းဖြေခရီးထွက်ခဲ့ရသည့်အပေါ် "နှစ်အစမှာကတည်းက ကိုယ့်ရဲ့စိတ်က ကြည်လင်ချမ်းမြေ့ပြီး ရွှင်ရွှင်လန်းလန်းနဲ့ ခရီးထွက်လိုက်ရတဲ့အတွက် လုပ်ငန်းထဲမှာ ဖိစီးတာတွေထားခဲ့ပြီးတော့ နှစ်သစ်မှာ ကိုယ်လုပ်မယ့်အလုပ်အတွက် အကြံဉာဏ်အသစ်တွေ၊ စိတ်ကူးအသစ်တွေနဲ့ စိတ်ပေါ့ပေါ့ပါးပါးနဲ့ ပျော်ပျော်ရွှင်ရွှင် ပိုလုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကိုယ့်ရဲ့တစ်နှစ်တာ စိတ်ဖိစီးမှုတွေကို အားလပ်ရက် အပန်းဖြေခရီးသွားလိုက်ခြင်းအားဖြင့် ဒေသန္တရဗဟုသုတတွေရတယ်။ ကိုယ့်စိတ်ထဲမှာရှိတဲ့ ပင်ပန်းမှုအားလုံးကိုလည်း ခရီးစဉ်ထဲမှာ နှစ်မြုပ်လိုက်ရလို့ လာမယ့်နှစ်သစ်မှာ ကောင်းကောင်းမွန်မွန် အလုပ်တွေပိုလုပ်နိုင်မယ်လို့ ထင်ပါတယ်" ဟု မန္တယ်နီဦးက ဆက်လက်ပြောသည်။

ဘားအံမြို့သည် ရန်ကုန်နှင့် ၂၇၅ ကီလိုမီတာ ၅ နာရီ ၂၅ မိနစ်ခရီး၊ နေပြည်တော်နှင့် ၄၇၅ ကီလိုမီတာ ၇ နာရီ ၇ မိနစ်ခရီး၊ မန္တလေးနှင့် ၇၃၃ ကီလိုမီတာ ၁၀ နာရီ ၅ မိနစ်ခရီး၊ ပုသိမ်နှင့် ၄၆၄ ကီလိုမီတာ ၉ နာရီ ၂၇ မိနစ်ခရီး၊ ပဲခူးနှင့် ၂၀၈ ကီလိုမီတာ ၃ နာရီ ၅၁ မိနစ်ခရီး၊ မော်လမြိုင်နှင့် ၅၆ ကီလိုမီတာ ၁ နာရီ ၁၅ မိနစ်ခရီး အကွာအဝေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ အလွယ်တကူဆက်သွယ်သွားလာနိုင်သည့်အတွက် နေ့စဉ် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ ဝင်ထွက်သွားလာလျက်ရှိကာ ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ လေ့လာနိုင်သကဲ့သို့ ကရင်ရိုးရာအစားအစာများ၊ အဝတ်အထည်အသုံးအဆောင်ပစ္စည်းများအား အမှတ်တရပစ္စည်းအဖြစ် နေရာအနှံ့ လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်။

ဘားအံမြို့နယ်အတွင်းရှိ အထင်ကရနေရာများတွင် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိပြီး အစိုးရရုံးပိတ်ရက်များ၊ ကျောင်းပိတ်ရက်များ၊ နွေကြီးရက်ကြီး၊ အခါကြီးရက်ကြီးများနှင့် ယခုကဲ့သို့ အားလပ်ရက်ရှည်မျိုးတွင် ဘုရားဖူးဧည့်သည်များ ပိုမိုများပြားစွာ လာရောက်ကြကြောင်းကို ဘုရင့်ညီနောင်ဂူဘုရားတွင် သီတင်းသုံးသည့် ဆရာတော်ကြီးတစ်ပါး၏ မိန့်ကြားချက်အရ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိ စက်ရုံ ၂၃ ရုံမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများ အီးယူဈေးကွက်သို့ တိုးမြှင့်တင်ပို့ခွင့်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ငါး/ပုစွန် ရေထွက်ပစ္စည်းများအား အီးယူနိုင်ငံများအပါအဝင် နိုင်ငံတကာသို့တင်ပို့ရာ၌ တင်သွင်းသည့်နိုင်ငံများ၏ စံချိန်စံညွှန်း လိုအပ်ချက်များနှင့်အညီ အရည်အသွေး အာမခံနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေးထွက်ကုန်များအား ဒီဇင်ဘာ ၁ ရက်မှစတင်၍ အီးယူနိုင်ငံများသို့ တရားဝင်တင်ပို့ခွင့်ရရှိခဲ့ပြီး ဖြစ်သည်။

၂၀၀၉ ခုနှစ်မှစတင်၍ အီးယူမှပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ရေးစက်ရုံ ၂၁ ရုံမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများကို အီးယူဈေးကွက်သို့ တရားဝင်တင်ပို့လျက်ရှိသည်။ ဆက်လက်၍ အခြား ငါး၊ ပုစွန် ပြုပြင်စက်ရုံများမှလည်း အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ TT Cold Store စက်ရုံနှင့် A & N Foods (Myanmar) Co.,Ltd စက်ရုံတို့၏ လျှောက်ထားချက်များကို ငါးလုပ်ငန်းဦးစီးဌာနမှ အီးယူ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ခဲ့ပြီး အောက်တိုဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ အီးယူကော်မရှင်ရုံးသို့ ထောက်ခံချက်ပေးပို့ခဲ့သည်။

EU Website (http://webgate.ec.europa.eu/sanco/traces/output/non-eu-listsPer Country-en.htm#) ၏ ဖော်ပြချက်အရ TT Cold Store puf½kHESifh A & N Foods (Myanmar) Co.,Ltd စက်ရုံတို့မှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို ဒီဇင်ဘာ တတိယပတ်မှစ၍ အီးယူဈေးကွက်သို့ တင်ပို့ခွင့်ပြုခဲ့သည့်အတွက် အဆိုပါစက်ရုံ နှစ်ရုံအပါအဝင် လက်ရှိတွင် မြန်မာနိုင်ငံရှိ စက်ရုံ ၂၃ ရုံမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို အီးယူဈေးကွက်သို့ တိုးမြှင့်တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

အမှတ်ဖြင့် အနိုင်ရကာ ပထမရွှေတံဆိပ် ဆွတ်ခူးရရှိသွားပြီး ၅၆ကီလိုတန်းတွင် ပြည့်စုံက ကြေးတစ်ခု၊ ၆၄ ကီလိုတန်းတွင် ကျော်မင်းဦးက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းလှဘော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုအောင်၊ တွဲဖက်ကျန်းမာရေးတာဝန်ခံ ဒေါက်တာ သီဟဇော်၊ နည်းပြများအဖြစ် ဦးသန်းထွန်း၊ ဦးကျော်စွာအောင်၊ လူငယ်လက်ဝှေ့ကစားသမားများဖြစ်ကြသည့် သီဟဇော် ၆၄ ကီလို၊ ရိုင်းငယ် ၅၆ ကီလိုတန်းနှင့် အလွတ်တန်းတွင် ရဲလင်းထွန်း ၇၅ ကီလို၊ မျိုးကျော်သူ ၆၉ ကီလို၊ ကျော်မင်းဦး ၆၀ ကီလို၊ ပြည့်စုံ ၅၆ ကီလို၊ ဇော်မြင့်မိုး ၅၂ ကီလိုတန်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် ၂၀၁၃ ခုနှစ်မှစပြီး နိုင်ငံတကာပြိုင်ပွဲတွင် ဆုတံဆိပ်မရရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်အတွက် ရွှေ၊ ငွေ၊ ကြေး ဆွတ်ခူးပေးနိုင်ခဲ့သည်။

**အာကာစိုး**

# လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် သတင်းစာဆရာတစ်ဦး၏ တွေ့ကြုံမှုများ

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဖိုးထောင်**

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်အား တွေ့ဆုံ၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းနှင့် ပထမဆုံး လွတ်လပ်ရေးနေ့ အခမ်းအနား မြင်ကွင်းတို့နှင့် ပတ်သက်၍ မေးမြန်းထားသည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။**



မြန်မာ့ပထမဆုံး လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဗြိတိသျှယူနီယံဂျက်အလံအား တိုင်အောက်သို့ ချနေသည့် မှတ်တမ်းဓာတ်ပုံ။

*ယမန်နေ့မှ အဆက်*

**မေး ။ ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ တွေ့ကြုံခဲ့ရတဲ့ မြင်ကွင်းကို ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ တွေ့ကြုံခဲ့ရတဲ့ မြင်ကွင်းကို ပြန်လည်ပြောပြချင်ပါတယ်။ ကျွန်တော့်အသက်လည်း ၉၀ ပြည့်ပြီးပါပြီ။ ကျွန်တော် သေသွားရင် ဒီစကားပြောမယ့်သူ မရှိတော့ပါဘူး။ သက်သေခံဓာတ်ပုံတွေနဲ့တကွ တင်ပြချင်ပေမယ့် ကျွန်တော်တို့ တိုင်းပြည်အခြေအနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ကာလ အပျက်အစီးတွေကြောင့် ကျွန်တော့်မှတ်တမ်းတွေ မရှိတော့ပါဘူး။ ဟံသာဝတီသတင်းစာတိုက်လည်း ပျက်စီးခဲ့ပြီး ဓာတ်ပုံတွေ မရှိတော့ပါဘူး။ ရရာမှတ်တမ်းဓာတ်ပုံတွေကို သုံးပါ။ ကျွန်တော် မှတ်မိသလောက် ကျွန်တော့်ခေါင်းထဲ စွဲနေတဲ့ အပိုင်းကို တင်ပြပါ့မယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရစကာလ အင်မတန်ကောင်းပါတယ်။ အခြေအနေတွေကို အသေးစိတ်တင်ပြနိုင်ရင် နောင်လာနောက်သားတွေအတွက် အင်မတန်အဖိုးတန်တဲ့ ကိစ္စဖြစ်ပါမယ်။

### လုံးဝလွတ်လပ်တဲ့နိုင်ငံတော်

ကျွန်တော်တို့ လွတ်လပ်ရေးရတာ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်တဲ့ နိုင်ငံတော်အဖြစ်နဲ့ ရပါတယ်။ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်တဲ့နိုင်ငံလို့ ပြောခြင်းဟာ ဗြိတိသျှကိုလိုနီဘဝကနေ လွတ်လပ်ရေးတောင်းဆိုကြတဲ့ အခါ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံက ဒိုမီနီယံစတေးတပ် တစ်နှစ်ယူပါတယ်။ ဗြိတိသျှရဲ့ ဩဇာခံအဖြစ်နဲ့ပါ။ ဗိုလ်ချုပ်ကတော့ လုံးဝလွတ်လပ်တဲ့ လွတ်လပ်မှုအပြည့်ရှိတဲ့ နိုင်ငံပဲယူမယ်။ ဘာမှမယူဘူးဆိုပြီး လုပ်ခဲ့တာပါ။

လွတ်လပ်ရေးကြိုးပမ်းမှုကို ပြောမယ်ဆိုရင် သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းခဲ့တဲ့ လွတ်လပ်ရေးကာလ ၇၁ နှစ်ရှိပါပြီ။ လွတ်လပ်ရေးအောင်ပွဲနေ့ အခမ်းအနားတွေလည်း ကျင်းပခဲ့ပါပြီ။ သို့သော် လွတ်လပ်ရေး ဘယ်လိုရလို့ ဘယ်လိုဖြစ်တယ်ဆိုတာကို ပြောတဲ့ပုဂ္ဂိုလ် အင်မတန်နည်းပါတယ်။ ဗိုလ်ချုပ်တို့ ရယူခဲ့တဲ့ အချုပ်အခြာအာဏာ လုံးဝအပြည့်အဝရှိတဲ့ လွတ်လပ်ရေးနေ့ ပထမဆုံးအကြိမ် ကျင်းပခဲ့တာ ကျွန်တော် ပြောပါမယ်။

### လွတ်လပ်ရေးရပြီ

မြန်မာသက္ကရာဇ် ၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက် (ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ မနက် ၄ နာရီ မိနစ် ၂၀) မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေး ရပါတယ်။ အဲ့ဒီနေ့ဟာ ရန်ကုန်တစ်မြို့လုံး တိုင်းပြည်တစ်ခုလုံး ကျေးလက်တောရွာမကျန် အားလုံး မအိပ်ဘဲနဲ့ တိုင်းသူပြည်သားတွေ အကုန်စောင့်မျှော်နေကြတယ်။ လွတ်လပ်ရေးဆိုတာ ဘယ်လိုယူကြမလဲ၊ ဘာတွေ ဖြစ်ကြမလဲဆိုပြီး စောင့်နေတယ်။

ရန်ကုန်တစ်မြို့လုံးဟာ လွတ်လပ်ရေးနေ့ အောင်ပွဲအခမ်းအနားကျင်းပတဲ့ ပြာသိုလ ဆောင်းဦးနဲ့အတူ နှင်းမှုန်ကြားမှာ သာယာတဲ့ အသံတွေနဲ့ ဖုံးလွှမ်းပြီး မြို့သူ၊ မြို့သား ကလေးပါမကျန် အကုန်လုံး နိုးနေ စောင့်နေကြတယ်။ ပထမဆုံးအကြိမ် ကျင်းပတဲ့ လွတ်လပ်ရေးနေ့အခမ်းအနားကို သုံးကြိမ်သုံးခါခွဲ ကျင်းပပါတယ်။ လွတ်လပ်ရေးရရှိပြီ၊ အချုပ်အခြာအာဏာပိုင်ပြီဆိုတဲ့ သရုပ်ကိုဖော်ပြတဲ့ နိုင်ငံတော်အလံလွှင့်တင်တာ၊ ဗြိတိသျှဘုရင်ခံချုပ် မြန်မာနိုင်ငံက ထွက်ခွာတာ၊ လွှတ်တော်ကျင်းပတာ၊ နိုင်ငံတော်သမ္မတနဲ့ အစိုးရအဖွဲ့ဖော်ဆောင်တာ ဆိုပြီးပါတယ်။

### ဘုရင်ခံ မြန်မာပြည်ကထွက်ခွာ

ကျွန်တော်တို့ သတင်းစာသမားတွေလည်း အတွင်းဝန်များရုံးအလယ်မှာရှိတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရောက်ရှိနေပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရွေးကောက်ခံရတဲ့ အမတ်တွေအားလုံး ရှိပါတယ်။ နောက် ယာယီအစိုးရအဖွဲ့ကို ခေါင်းဆောင်မယ့် နိုင်ငံတော်သမ္မတရှိပါတယ်။ ယာယီသမ္မတ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်လည်း ရှိပါတယ်။ ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မယ့် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၊ လွှတ်တော်ပါလီမန် ယာယီဥက္ကဋ္ဌ ပျော်ဘွယ် ဦးမြ၊ သူတို့လည်း အကုန်စောင့်နေတာပဲ။ အဲ့ဒီအချိန်မှာ တပ်မတော်စစ်တီးဝိုင်း အဆင်သင့်ရှိတယ်။ ကရင်ရိုင်ဖယ် (ကရင်အမျိုးသားတပ်ဖွဲ့) က စစ်တီးဝိုင်း ဖြစ်ပါတယ်။ ဗမာ့တပ်မတော် (ကြည်း) တပ်ဖွဲ့က လွှတ်တော်အရှေ့ မြက်ခင်းပြင် အလံတိုင်ရှိရာကွင်း အရှေ့ဘက်ထိပ်ဆုံးမှာ နေရာယူပါတယ်။ နောက် တပ်မတော် (ရေ) က နေရာယူပါတယ်။ တပ်မတော်(လေ) နေရာယူပါတယ်။ နောက် အဲ့ဒီကွင်းပြင်ထဲမှာ ရဲ လက်နက်ကိုင်တပ်ဖွဲ့က နေရာယူပါတယ်။ ကရင်ရိုင်ဖယ် စစ်တီးဝိုင်းက တီးနေပါတယ်။ အဲ့ဒီတုန်းက ရရာဖိတ်ကြားပြီး လုပ်တဲ့ မင်္ဂလာစည်တော်ကြီးအဖွဲ့က စည်တော်ရွှမ်းနေပါတယ်။

မနက် ၄ နာရီ ၁၅ မိနစ်လောက်မှာ နိုင်ငံတော်သမ္မတနဲ့ ဝန်ကြီးချုပ်တို့ အဆောင်အယောင်နဲ့ ထွက်လာပါတယ်။ အဲ့ဒီအချိန်မှာ စည်တော်ရွှမ်းတာ ရပ်စဲသွားပြီး အချက်ပြမီးနီတစ်ချက်ပွင့်လာပါတယ်။ အားလုံးတိတ်ဆိတ်သွားတယ်။ ၄ နာရီ ၁၉ မိနစ် ရောက်ပါပြီ။ ၄ နာရီ မိနစ် ၂၀ ပြည့်တာနဲ့ ရန်ကုန်မြစ်အတွင်းမှာရှိတဲ့ နောက်ဆုံး မြန်မာပြည်ရဲ့ ဘုရင်ခံ ဆာဟူးဘတ်ရန့် မြန်မာပြည်ကနေ ထွက်ခွာမယ့် အစီအစဉ်အရ စောင့်နေတဲ့ ဘာမင်ဟမ်ခရူဆာ စစ်သင်္ဘောက အသင့်စောင့်နေတယ်။ အဲ့ဒီသင်္ဘောက အမြောက် ၁၇ ချက် ဖောက်တယ်။ ပစ်ဖောက်လိုက်တာနဲ့ ရန်ကုန် တစ်မြို့လုံးက သင်္ဘောတွေကော၊ စက်ရုံ အလုပ်ရုံတွေကောက ဥသြတွေဆွဲကြတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေက ခေါင်းလောင်းတွေ ထိုးတယ်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေက အုန်းမောင်းတွေ ခေါက်ကြတယ်။ ကြေးစည်တွေ ရိုက်တယ်။ ခရုသင်းတွေ မှုတ်ကြတယ်။

### နိုင်ငံတော်သမ္မတကြီးရဲ့ဝတ်စားဆင်ယင်ပုံ

ကျွန်တော်တစ်ခုသတိရတာက နိုင်ငံတော်သမ္မတကြီးရဲ့ဝတ်စားဆင်ယင်လာပုံပါ။ နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ ပုဂ္ဂိုလ်က ရှမ်းအမျိုးသားဖြစ်ပါတယ်။ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ရှမ်းဝတ်စုံဝတ်တယ်။ ခေါင်းပေါင်း ပိုးပဝါပန်းနုရောင်လေးမှာ ရွှေခြည်ထိုးထားပါတယ်။ တိုက်ပုံအင်္ကျီအဖြူ ဝတ်ပါတယ်။ ပန်းနုရောင်တောင်ရှည်ပုဆိုး မန္တလေးပိုးလုံချည် ဝတ်ပါတယ်။ ဝန်ကြီးချုပ် သခင်နုကလည်း စကော့ဈေးလို့ခေါ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးတိုက်က ရောင်းတဲ့ မောင့်ကျက်သရေခေါင်းပေါင်း ပန်းနုရောင်လေး ဆောင်းပါတယ်။ ပန်းနုရောင်တိုက်ပုံ၊ ပန်းနုရောင်တောင်ရှည် မန္တလေးပုဆိုး ဝတ်ပါတယ်။ အလားတူ လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ် ဦးမြကလည်း အဲ့ဒီလိုပဲ ဝတ်တာကို အဲ့ဒီမြင်ကွင်းကို ပြန်သတိရလို့ပါ။

ကျွန်တော်တို့ အခမ်းအနားကျင်းပတဲ့ ရန်ကုန်အတွင်းဝန်များရုံး လွှတ်တော်ရှေ့မြက်ခင်းပြင်မှာတော့ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့က ရှိနေတယ်။ သူတို့နဲ့အတူ လွှတ်တော်အမတ်တွေ၊ အရာရှိကြီးတွေ၊ အတွင်းဝန်တွေ အကုန်စောင့်နေတယ်။ ၄ နာရီ မိနစ် ၂၀ မှာပဲ အလံတိုင်ရှေ့မှာရှိတဲ့ ယူနီယံဂျက်အလံကို ဗြိတိသျှအရာရှိတစ်ယောက်က ချပါတယ်။ ကျွန်တော်တို့ ဗမာ့ရေတပ်မတော်က ကရင်အမျိုးသား ဗိုလ်မှူး စောချစ်စိန်က ပထမဦးဆုံးသော ကြယ်ငါးပွင့်နဲ့ ပြည်ထောင်စုအလံကို အလံတိုင်ထိပ်မှာ တင်လိုက်ပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ လွတ်လပ်ရေးအခမ်းအနား စတင်ကြောင်း ကြေညာလိုက်ပါတယ်။ မနက် ၄ နာရီ ၄၅ မိနစ် ရောက်တာနဲ့ မင်းပရိသတ်အားလုံးဟာ လွှတ်တော်ခန်းမထဲကို ဝင်ကြပါတယ်။ နိုင်ငံတော်သမ္မတကြီးအဖြစ်ဆောင်ရွက်မယ့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ဝန်ကြီးချုပ် သခင်နု၊ လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြနဲ့ လွှတ်တော်အမတ်တွေ နေရာယူကြတယ်။ ယူပြီးတော့ နိုင်ငံတော်သမ္မတကြီးက လွှတ်တော်ရဲ့ဥက္ကဋ္ဌ စင်မြင့်မှာ နေရာယူတယ်။

### နိုင်ငံတော်သမ္မတရာထူးလက်ခံ

နေရာယူပြီးတာနဲ့ နိုင်ငံတော်သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ကြေညာတယ်။ နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားပါတယ်။ ပြီးတဲ့အခါ လွတ်လပ်ရေးတိုက်ပွဲမှာ ကျဆုံးသွားကြတဲ့ ဗိုလ်ချုပ် အောင်ဆန်း အမှူးပြုတဲ့ မျိုးချစ်သူရဲကောင်း တိုက်ပွဲဝင်ရဲဘော်အပေါင်းအတွက် နှစ်မိနစ် ငြိမ်သက်စွာနေကြပြီး မေတ္တာပို့ အမျှဝေပါတယ်။ အဲ့ဒီမှာ သမ္မတကြီးက ယာယီအစိုးရအဖွဲ့ ဝန်ကြီးချုပ် သခင်နုထံ ရုံးတံဆိပ် အပ်နှံပါတယ်။ အလားတူ အခြားဝန်ကြီးတွေကိုလည်း ရုံးတံဆိပ် အပ်နှံတယ်။ အဲ့ဒီမှာ လွှတ်တော်အမတ်တွေလည်း သူ့နေရာနဲ့သူ ထိုင်စောင့်နေတယ်။ တံဆိပ်တွေပေးပြီး အခမ်းအနား ပထမပိုင်းကို ရပ်ဆိုင်းပါတယ်။

*စာမျက်နှာ ၉ သို့*

**"အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်တဲ့နိုင်ငံလို့ ပြောခြင်းဟာ ဗြိတိသျှကိုလိုနီဘဝကနေ လွတ်လပ်ရေးတောင်းဆိုကြတဲ့အခါ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံက ဒိုမီနီယံစတေးတပ် တစ်နှစ်ယူပါတယ်။ ဗြိတိသျှရဲ့ ဩဇာခံအဖြစ်နဲ့ပါ။ ဗိုလ်ချုပ်ကတော့ လုံးဝလွတ်လပ်တဲ့ လွပ်လပ်မှုအပြည့်ရှိတဲ့ နိုင်ငံပဲယူမယ်။ ဘာမှမယူဘူးဆိုပြီး လုပ်ခဲ့တာပါ"**



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြုလုပ်သည့် မြန်မာ့ ပထမဆုံး လွတ်လပ်ရေးနေ့အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ စဝ်ရွှေသိုက် တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ။

## ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။



*စာမျက်နှာ ၈ မှ*

**ဒုတိယပိုင်းအစီအစဉ်**

ဒုတိယပိုင်းမှာက ဗမာပြည်ကို နှစ်ပေါင်း ၁၂၀ ကျော်အုပ်ချုပ်လာတဲ့ ဗြိတိသျှအစိုးရရဲ့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့် ဗမာပြည်က ထွက်ခွာတဲ့ အစီအစဉ်ပါ။ အဲ့ဒီအစီအစဉ်ကိုတော့ ရန်ကုန်မြို့ ဝင်ဆာလမ်းမှာရှိတဲ့ ဘုရင်ခံအိမ်တော်ရှေ့က မြက်ခင်းပြင်မှာ ကျင်းပပါတယ်။ မနက် ၆ နာရီ ၄၅ မိနစ်မှာ အခမ်းအနားစတင် ကျင်းပပါတယ်။ အိမ်တော်ထဲကနေ နိုင်ငံတော်သမ္မတကြီးနဲ့ ဘုရင်ခံ ထွက်လာတယ်။ မြက်ခင်းပြင်ရှေ့က စင်ကလေးပေါ်မှာ နေရာယူတယ်။ ဗြိတိသျှအလံကိုချတယ်၊ နိုင်ငံတော်အလံကိုတင်တယ်။ အဲ့ဒီအချိန်မှာ ရန်ကုန်မြစ်ထဲက ဘာမင်ဟမ်စစ်သင်္ဘောက အမြောက် ၁၇ ချက် ပစ်ဖောက်ပါတယ်။ ဘုရင်ခံက စင်ပေါ်ကနေ ဆင်းလာပြီး အစိုးရအဖွဲ့ဝင်တွေကို တစ်ယောက်ချင်းစီ နှုတ်ဆက်တယ်။ နှုတ်ဆက်ပြီး အိမ်တော်ကနေ ကားနဲ့ ထွက်ခွာတယ်။ ပန်းဆိုးတန်းဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ ဘာမင်ဟမ်သင်္ဘောပေါ်ကို တက်သွားပါတယ်။ ဒါဟာ မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၂၀ ကျော်အုပ်ချုပ်ခဲ့တဲ့ ဗြိတိသျှတို့ရဲ့ နောက်ဆုံးဇာတ်သိမ်းတဲ့ အခမ်းအနားပါပဲ။

**တတိယပိုင်းအစီအစဉ်**

အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာတဲ့ လွှတ်တော်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်မှာ ရန်ကုန်မြို့၊ အတွင်းဝန်များရုံးက လွှတ်တော်အစည်းအဝေးခန်းမမှာ ကျင်းပပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်အမတ်တွေ ကျမ်းသစ္စာဆိုပြီးနောက် ၁၀ နာရီခွဲမှာ နိုင်ငံတော်သမ္မတ ရောက်လာတယ်။ လွတ်လပ်ရေးနေ့မိန့်ခွန်းကို ပြောကြားတယ်။ ပြောကြားပြီးနောက်မှာ လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာက ပေးပို့တဲ့ လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားတယ်။ ဗြိတိသျှ ဆဋ္ဌမမြောက် ဂျော့ဘုရင်ရဲ့သဝဏ်လွှာကို ပထမဆုံးဖတ်ပါတယ်။ နန်းရင်းဝန်အက်တလီ သဝဏ်လွှာကို ဖတ်တယ်။ အမေရိကန်သမ္မတ ထရူးမင်းရဲ့ သဝဏ်လွှာကို ဖတ်တယ်။ အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ် နေရူးရဲ့ သဝဏ်လွှာကို ဖတ်တယ်။ သုံးလေးစောင်လောက် ဆက်ဖတ်ပြီး သဝဏ်လွှာဖတ်တဲ့အခမ်းအနား ပြီးတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက လွှတ်တော်မှာ အဆိုနှစ်ရပ် တင်ပါတယ်။ ဒါဟာ သမိုင်းပါ။

**လွတ်လပ်ရေးနေ့မှာ ပထမဆုံးတင်သွင်းတဲ့ သမိုင်းဝင်လွှတ်တော် အဆိုနှစ်ရပ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးရဲ့အာဏာကို သုံးစွဲဆောင်ရွက်ခံစားရမည် ဟူသော ဥပဒေပုဒ်မ ၂၃၁ ဥပဒေခွဲ ပုဒ်မ ၁ အရ ဤ တိုင်းပြုပြည်ပြုလွှတ်တော်က လန်ဒန်မြို့တွင် ၁၃၀၉ ခု တန်ဆောင်မုန်းလဆန်း ၄ ရက် (၁၉၄၇ ခု အောက်တိုဘာလ ၁၇ ရက်နေ့) ၌ မြန်မာနိုင်ငံ ယာယီအစိုးရနှင့် ဗြိတိသျှအစိုးရတို့ ချုပ်ဆိုခဲ့သော စာချုပ်ကို သဘောတူ အတည်ပြုကြောင်း အဆိုဖြစ်ပါတယ်။ ဒါဟာ လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီ ပဋိညာဉ်မချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ဖြစ်လာတာပါ။

ဒုတိယအဆိုက ဥပဒေပုဒ်မ ၂၃၁ အရ နိုင်ငံတော်ယာယီသမ္မတက ထုတ်ပြန်တဲ့ ကြေညာချက်အမိန့်ကို ဤလွှတ်တော်က သဘောတူတယ်။ ဒါက ဘာလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးရတဲ့အတွက် တိုင်းပြည်မှာ ဆင်းရဲသားတွေ၊ ဒွန်းစဏ္ဍားတွေ စသည့် လူတန်းစားနှိမ့်ချတဲ့ လူတန်းစားတွေ မရှိစေရ၊ ပပျောက်ရမယ် ဆိုတဲ့အမိန့် ဖြစ်ပါတယ်။ အဲ့ဒီအမိန့်ကို အတည်ပြုကြောင်း တင်သွင်းပြီးတော့ လွှတ်တော်ပြီးဆုံးပါတယ်။

**လွတ်လပ်ရေးနေ့တွင် ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့စာရင်း**

နိုင်ငံတော်ဝန်ကြီးချုပ်နေရာမှာ သခင်နု တာဝန်ယူတယ်။ ဒုတိယဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်လကျာ်က တာဝန်ယူတယ်။ နိုင်ငံခြားရေးဌာန ဝန်ကြီးအဖြစ် အိုင်စီအက် ဦးတင်ထွဋ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးအဖြစ် မြန်မာ့အလင်းသတင်းစာဆရာ ဦးတင်က တာဝန်ယူပါတယ်။ ကရင်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် စောစံဖိုးသင်၊ ရှမ်းပြည်ဆိုင်ရာ ဝန်ကြီးအဖြစ် ဦးထွန်းမြင့် (လင်းခေး)၊ ကချင်ပြည်နယ်ဆိုင်ရာ ဝန်ကြီးအဖြစ် ဆမားဒူးဝါးဆင်ဝါးနောင်၊ ကရင်နီပြည်နယ် (ယခုကယား) ဆိုင်ရာ ဝန်ကြီးအဖြစ် စောဝဏ္ဏ၊ ချင်းပြည်နယ်ဆိုင်ရာ ဝန်ကြီးအဖြစ် ဦးဝမ်းသူးမောင်၊ တရားစီရင်ရေးဆိုင်ရာ ဝန်ကြီးအဖြစ် ဦးဘဂျမ်း၊ ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာန ဝန်ကြီးအဖြစ် ဦးကိုကိုကြီး၊ သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် သခင်တင်၊ ပြည်ထဲရေးဌာန ဝန်ကြီးအဖြစ် ဦးကျော်ငြိမ်း၊ လမ်းပန်းအဆောက်အဦနှင့် အလုပ်သမားရေးရာ ဝန်ကြီးအဖြစ် မန်းဝင်းမောင် (နောက်ပိုင်း နိုင်ငံတော်သမ္မတအဖြစ် ဆောင်ရွက်ခဲ့)၊ ပညာရေး၊ ပြည်သူ့ဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးအဖြစ် ဗိုလ်ဖိုးကွန်း (ဗိုလ်မှူး ဖိုးကွန်း)၊ အမျိုးသားစီမံကိန်းနဲ့ စက်မှုလက်မှုဝန်ကြီးအဖြစ် ဟသ်ာတ ဦးမြ၊ ပြန်ကြားရေးဝန်ကြီးအဖြစ် ဦးညိုထွန်း၊ ဌာနလက်ကိုင်မရှိဝန်ကြီးအဖြစ် ဗိုလ်စိန်မှန်တို့ ပါဝင်တဲ့ အစိုးရအဖွဲ့ကို ကြေညာပြီးတော့ မနက်ပိုင်းအခမ်းအနား ရပ်စဲတာပေ့ါ။

**ထိန်းသိမ်းသင့်**

ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ သမိုင်းမှာ ကျွန်တော်တို့ဟာ တော်တော်လေး အထိန်းအသိမ်း ပေ့ါလျော့ခဲ့တယ်လို့ ပြောချင်တယ်။ ကျွန်တော်တို့ တိုင်ထိပ်က ချလိုက်တဲ့ ယူနီယံဂျက်အလံ၊ ကျွန်တော်တို့ ပထမဆုံးတင်လိုက်တဲ့ ပြည်ထောင်စုအလံနှစ်ခုကို အရာရှိတစ်ယောက် ထိန်းသိမ်းထားတယ်လို့ပဲ သိလိုက်ရတယ်။ ဒီနေ့ထက်ထိ ဘယ်မှတ်တမ်းတိုက်၊ မော်ကွန်းတိုက်ကမှ သိမ်းထားတယ်ဆိုတာ မသိရဘူး။ အဲဒီ ထိန်းသိမ်းတဲ့နေရာမှာ အခုထိ ရှိသေးတယ်လို့ပဲ ကြားတယ်။ ဒါကို ပြန်လည်ရှာဖွေ ထိန်းသိမ်းရင်တော့ သမိုင်းမှာ အဖိုးတန်မှာ ဖြစ်ပါမယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဂုဏ်ပြုလက်တွဲ လွတ်လပ်ရေးအောင်ပွဲ

✻ လွတ်လပ်ရေးအောင်ပွဲနေ့ကိုဖြင့်
တို့မမေ့ ထာဝစဉ်
နိုင်ငံ့ဂုဏ်အင်။
အောင်လံတလူလူ လွှင့်လို့တင်
သမိုင်းတွင်တဲ့ စည်းလုံးမှု။
တိုင်းရင်းသားပေါင်းစုံ ညီညွတ်အားနဲ့
ကျော်လွှားအန်တု။

✻ ၁-၉-၄-၈ ခု ဇန်နဝါရီလ
လွတ်လပ်ရေးရ မှတ်တမ်းဝင်
(၄)ရက်နေ့ပင်။
စည်းလုံးခြင်း၏ စွမ်းအင်
ညီညွတ်လျှင် အောင်မြင်မလွဲ။
ကမ္ဘာမှာ 'မြန်မာဟေ့' လို့
ဟစ်ကြွေးနေစွဲ။

✻ ဥမကွဲ သိုက်မပျက်ကယ်နှင့်
အလေးအနက်ထားလို့ ကာကွယ်မလေ
လွတ်လပ်ရေးအမွေ။
ဒါတို့မြေ(ပြည်) ဒါတို့မြေ
တို့တစ်တွေ အတူလက်တွဲ
အဓွန့်ရှည် ပြည်ထောင်စု
ဂုဏ်ပြုတဲ့ပွဲ။ ။

**အောင်မြင့်စိုး (ရေစကြို)**

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ကော့ကရိတ်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ယနေ့ နံနက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် စာစီစာကုံး အထက်တန်းဆင့်၊ အလယ်တန်းဆင့်တွင် လွတ်လပ်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့၊ မူလတန်းဆင့်တွင် လွတ်လပ်ရေးနေ့ ဒို့မမေ့၊ ကဗျာအထက်တန်း၊ အလယ်တန်းဆင့်တွင် လွတ်လပ်သာယာ ပြည်မြန်မာ ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ ၃၉ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ဂန့်ဂေါ**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ (အငယ်တန်း) ကို ယနေ့ နံနက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ပြိုင်ပွဲဝင် ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဝင်များ တက်ရောက်အားပေးကြပြီး ဆုများကို ဇန်နဝါရီ ၄ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက် (၂၀) နှင့်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက်က ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို လူငယ်အသင်းပေါင်းစုံ အုပ်စု နှစ်စုခွဲ၍ တစ်ရက် ပွဲစဉ်လေးခုဖြင့် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို လွတ်လပ်ရေးနေ့ ညနေပိုင်း၌ ယှဉ်ပြိုင်ကာ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

# ဗလငါးတန်နဲ့ ပြည့်စုံတဲ့ နိုင်ငံသားကောင်း ကလေးတွေ၊ ကမ္ဘာ့လူသားကောင်းကလေးတွေဖြစ်ဖို့ မွေးထုတ်လေ့ကျင့်တဲ့အခါ ဘက်စုံပညာရေးကိုသွားရင် ဆရာတွေလည်းအရေးကြီးသလို ဆရာမတွေလည်းအရေးကြီးပါတယ်

ဦးကိုလေးဝင်း

## ပညာရေးတွင် ဆရာမများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်း

ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူး ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အ.လ.က(၉) အင်းစိန်၊ အလယ်တန်းကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အ.ထ.က (၄) သယ်န်းကျွန်းမှ အထက်တန်းပြ ဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။



**အစီအစဉ်မှူး။** ။**အခုလက်ရှိမှာ ဆရာများရဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါသလဲဆိုတာ ပြောပြပေးစေချင်ပါတယ်။**

**ဒေါက်တာသန်းဦး။** ။ဒီနေ့ကမ္ဘာမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်လို့ ခေါ်တဲ့ Sustainable Development Goals မှာ တိတိကျကျအချက် ပန်းတိုင် ၁၇ ချက် ရှိတယ်။ အဲဒီ ၁၇ ချက်မှာ ပန်းတိုင်အမှတ် -၄ က ပညာရေးပန်းတိုင်ဖြစ်ပါတယ်။ အဲဒီပန်းတိုင်မှာ အရည်အသွေးရှိတဲ့ ပညာကိုပေးဖို့ ဘဝတစ်သက်တာ ပညာအခွင့်အလမ်းဆိုတာ ပါလာပါတယ်။ ဒါက မှတ်သားလောက်ပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာအမျိုးသားပညာရေး မူဝါဒစီမံကိန်းရဲ့ မျှော်မှန်းချက်ကာလအားဖြင့် ၂၀၁၆ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ အဲဒီမျှော်မှန်းချက်မှာလည်း ကျွန်တော်တို့ တိတိကျကျ ဆရာများရဲ့အခန်းကဏ္ဍ ပါပါတယ်။ ၂၀၁၄ ခုနှစ် ပညာရေးဥပဒေမှာလည်း အခန်း (၉) မှာ ဆရာများရဲ့ အခန်းကဏ္ဍပါ ပါတယ်။ ဒါက ကျွန်တော်တို့ မူဝါဒအပိုင်းနဲ့ ပတ်သက်တာပါ။ နောက် ကျွန်တော်တို့ရဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံမှာ ဆရာကို အာစရိယဆရာ၊ သင်တဲ့ ဆရာ၊ ဥပဇ္ဈာယ် ဆရာ၊ ဆုံးမတဲ့ ဆရာဆိုပြီး ဆရာအား မြတ်မြတ်နိုးနိုး လေးစားတန်ဖိုးထားပြီးတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ရှိပါတယ်။ ဒါက အလွန်မွန်မြတ်တဲ့ ကိစ္စပါ။ ဆရာကို အနန္တဂိုဏ်းဝင်အဖြစ်ထားတဲ့ မြန်မာယဉ်ကျေးမှု လူ့အဖွဲ့အစည်းပါ။

### ကျောင်းသုံးမျိုး သုံးစား

အဲဒီမှာ ဆရာလို့ ပြောလိုက်တဲ့အခါ ဆရာဆိုတာက အမျိုးသမီး ဆရာရော၊ အမျိုးသားဆရာရော အကျုံးဝင်ပါတယ်။ အခု အမျိုးသား ဆရာဦးရေ နည်းပါးလာတာနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါ နောက်ကြောင်း ပြန်ကြည့်ပါတယ်။ အမျိုးသားဆရာနဲ့ အမျိုးသမီး ဆရာများသည် ဘယ်လိုအခြေအနေရှိခဲ့လဲဆိုတာ ကျွန်တော်ကိုယ်တွေ့ပါ။ ဒုတိယကမ္ဘာစစ်မတိုင်မီက ကျောင်းသုံးမျိုးသုံးစားရှိပါတယ်။ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်း၊ မြန်မာဘာသာသင်ကျောင်းဆိုပြီး ပုဂ္ဂလိကကျောင်းတွေပါ ပါဝင်ပါတယ်။ အဲ့ဒီမှာကြည့်ရင် ကျွန်တော်ကိုယ်တိုင်က အမျိုးသားကျောင်းသားပါ။ အဲဒီခေတ်က ကျွန်တော်တို့ ဆရာတွေက အများအားဖြင့် ဆရာတွေများပါတယ်။ ဆရာမကတော့ အနည်းစုပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက် ဆရာ လောကက ဆရာတွေ တော်တော်များများ အနားယူသွားကြတယ်။ ပြီးတော့မှ ပြန်စုစည်းပြီး အဲ့ဒီကျတော့ ကျောင်းက နိုင်ငံတော်ကျောင်း၊ State School လို့ ခေါ်တယ်။

### အမျိုးသား ဆရာဦးရေလျော့ပါး

State Primary School၊ State Post - Primary School၊ မြန်မာလို ပြောရင်တော့ နှစ်ကျောင်းပဲ၊ နိုင်ငံတော် မူလတန်းကျောင်း၊ နိုင်ငံတော် မူလတန်းလွန်ကျောင်း၊ တန်းမြင့်ကျောင်းလို့လည်း ခေါ်တယ်။ အဲ့ဒီမှာ ကျွန်တော် ကျောင်းနေခဲ့ရတယ်။ အဲ့ဒီအချိန်ကို ပြန်ကြည့်တဲ့အခါ ဆရာဦးရေက နည်းနည်း လျော့သွားတာတွေ့ရတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ နိုင်ငံတော်ကျောင်းတွေမှာ အဲ့ဒီလို ဆရာတွေ လျော့သွားတာ သတိထားမိတယ်။ ကျွန်တော်ကိုယ်တိုင် ၁၉၅၄ မှာ အထက်တန်းကျောင်းအုပ် လုပ်တဲ့အခါ ကျွန်တော့်ကျောင်းမှာရော၊ အခြားကျောင်းတွေမှာရော ဆရာအထိုက်အလျောက်ရှိပါတယ်။ သို့သော် နည်းတယ်။ ၁၉၆၄ မှာ ဆရာအတတ်သင်ကျောင်းအုပ်လုပ်ခဲ့တယ်။ အဲဒီမှာလည်း သင်တန်းသားတွေကို သတိထားကြည့်မိတဲ့အခါ အမျိုးသားဦးရေက အထိုက်အလျောက်တော့ ရှိပါတယ်။ သို့သော် အမျိုးသမီးဦးရေက နည်းနည်းသာလွန်တာ တွေ့ရပါတယ်။

၁၉၆၄ ခုနှစ် နောက်ပိုင်းမှာ အမျိုးသားဆရာဦးရေက သိသိသာသာ လျော့ပါးပြီးတော့ အမျိုးသမီးဆရာများက သိသိသာသာ ဦးရေတိုးပွားလာတာကို တွေ့ရတယ်။ ဘာကြောင့် ဒီလို အခြေအနေ ပြောင်းလာရလဲဆိုတာကို ဒီစကားဝိုင်းကနေ အကြောင်းရင်းကို ရှာဖို့ လိုပါတယ်။ အကြောင်းရင်းကိုရှာပြီးရင် ကုစားနိုင်မယ့်နည်းလမ်းကို ဆွေးနွေးရှာဖွေနိုင်ဖို့ လိုလိမ့်မယ်လို့ထင်ပါတယ်။ ဒါက အခြေအနေကို အချုပ်အားဖြင့် တင်ပြခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**အမျိုးသားဆရာနဲ့ အမျိုးသမီးဆရာ မျှတဖို့ ဘာကြောင့် လိုအပ်လဲဆိုတာကို ဆရာကြီးအနေနဲ့ သုံးသပ်ပြောကြားပေးပါ။**

**ဦးထွန်းလှ။** ။ အမျိုးသားဆရာနဲ့ အမျိုးသမီးဆရာ မျှတဖို့ လိုအပ်တဲ့ အကြောင်းရင်းကတော့ ဆရာကြီးတို့ ပြောသွားသလို အမျိုးသား မူဝါဒစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်က ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘက်စုံပညာဖွံ့ဖြိုးတဲ့ ကလေးတွေ ပြုစုပျိုးထောင်ဖို့အတွက် အခြေခံကျောင်းတွေမှာ လိုအပ်နေတယ်လို့ ယူဆတာကြောင့် ကလေးတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့နေရာမှာ လက်တွေ့ပြုစုပျိုးထောင်ပေးနိုင်ဖို့က ကျွန်တော်တို့ ဆရာတွေလည်း လိုအပ်သလို ဆရာမတွေလည်း လိုအပ်တယ်လို့ ယူဆတာကြောင့် ဆရာ၊ ဆရာမ ဦးရေ တိုးချဲ့ခန့်ထားပေးဖို့ လိုပါမယ်။

**အစီအစဉ်မှူး။** ။**ကနေ့ ဆွေးနွေးပွဲရဲ့ စကားဝိုင်းခေါင်းစဉ် ရွေးချယ်ဖြစ်ခဲ့ပုံနဲ့ လက်ရှိ ဆရာ၊ ဆရာမ အရေအတွက် ဘယ်လောက်အထိ ကွာဟနေတယ်ဆိုတာလည်း သုံးသပ်ပြောကြားပေးပါ။**

**ဦးကိုလေးဝင်း။** ။အခြေခံပညာ ကဏ္ဍမှာ ကျောင်းပေါင်း ၄၇၀၀၅ ကျောင်း ရှိပါတယ်။ အဲ့ဒီကျောင်းတွေမှာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ် စတဲ့ သင်ကြားရေးတာဝန်ကို ယူရတဲ့ လူ့စွမ်းအားအရင်းအမြစ် ဆရာ၊ ဆရာမတွေရဲ့ အရေအတွက်ကို ကြည့်လိုက်ရင် တစ်နိုင်ငံလုံးမှာ စုစုပေါင်း ၄၀၂၇၇၄ ယောက် ရှိပါတယ်။ အဲ့ဒီမှာ ဆရာ အချိုးနဲ့ ဆရာမ အချိုး ကျား ၊ မ အချိုးကို ကြည့်ရင် ကျား က ၁၇ ရာခိုင်နှုန်း၊ မ က ၈၃ ရာခိုင်နှုန်း ရှိနေပါတယ်။

စောစောက ဆရာကြီး ဦးထွန်းလှ ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပါတယ်။ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်က ဘက်စုံထူးချွန်တဲ့ ဗလငါးတန်နဲ့ ပြည့်စုံတဲ့နိုင်ငံသားကောင်း ကလေးတွေ၊ ကမ္ဘာ့လူသားကောင်း ကလေးတွေဖြစ်ဖို့ မွေးထုတ်လေ့ကျင့်တဲ့အခါ ဘက်စုံပညာရေးကိုသွားရင် ဆရာတွေလည်း အရေးကြီးသလို ဆရာမတွေလည်း အရေးကြီးပါတယ်။ ဆရာမအရေအတွက်က ကျောင်းတွေကို ကြည့်လိုက်တဲ့အခါ တချို့ကျောင်းတွေမှာ ဆရာမတွေပဲရှိပြီး ဆရာတစ်ယောက်မှ မရှိတဲ့ ကျောင်းတွေလည်း တွေ့နေရတယ်။ အဲ့ဒီလို တွေ့နေရတဲ့အခါမှာ ဆရာအရေအတွက်က သေချာပေါက် တိုးမြှင့်ခန့်ထားဖို့ လိုနေပြီဆိုတာ အချက်အလက်တွေက ထောက်ပြနေတယ်။ ဒီလို ထောက်ပြနေတာဖြစ်တဲ့အတွက် စကားဝိုင်းတွေ တစ်နည်းအားဖြင့်ပြောရင် ပညာရေးကဏ္ဍ မြှင့်တင်ရေး အစီအစဉ်တွေကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ ကို အကောင်အထည်ဖော်တဲ့အခါမှာ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့အခါမှာ ဒီဆရာအရေအတွက်၊ ဆရာမအရေအတွက် အတော်ကြီး ကွာဟနေတာကြောင့် ပညာရေးကို အကောင်အထည်ဖော်တဲ့အခါ ပိုပြီးကောင်းလာအောင် မူဝါဒတွေ ချမှတ်ဖို့လိုပါတယ်။

### ဆရာဘဝကို မြတ်နိုးရန်ရည်ရွယ်

နောက်ပြီးတော့ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ပြည်သူလူထုကို အသိပေးဖို့ လိုတာဖြစ်တဲ့အတွက် စကားဝိုင်းတွေကို ကျင်းပပေးဖို့ဆိုပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အပါအဝင် မူဝါဒကိုဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေကနေ ဒီပြည်သူတွေကို ဒီအချက်အလက်တွေကို အသိပေးဖို့ လိုတယ်။ ဒါကြောင့် ဒီစကားဝိုင်းကို ခေါင်းစဉ်အနေနဲ့ဆိုရင် ဆရာတွေရဲ့အခန်းကဏ္ဍ၊ အခြေခံပညာရေးကဏ္ဍမှာ ဆရာတွေရဲ့ အခန်းကဏ္ဍနဲ့ အမျိုးသားဆရာတွေ ပိုပြီးတိုးမြှင့် ခန့်ထားဖို့အပြင် ဒီစကားဝိုင်းကနေ ပြည်သူလူထုက ကြည့်ရှုပြီးတော့မှ ဆရာဘဝကို မြတ်နိုးပြီး ဆရာတွေအနေနဲ့ ပိုပြီး ပညာရေးကဏ္ဍမှာ ပိုပြီး ပါဝင်လာစေဖို့ အတွက် ရည်ရွယ်ပြီး စကားဝိုင်းကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**ဆရာ ဆရာမ ရွေးချယ်ရေးအတွက် ဘယ်လိုတွေ စီစဉ်ဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဒေါက်တာအောင်အောင်မင်း။** ။ကျွန်တော်တို့ ပညာရေးကောလိပ်တွေကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့သူတွေ တက်ရပါတယ်။ တက်ခွင့်ပေးတော့ ကျွန်တော်တို့ ရွေးချယ်တာက ဒီနှစ်မှာမှ မဟုတ်ပါဘူး။ ငါးနှစ်လောက်အတွင်းက အချက်အလက်တွေ ပြန်ကြည့်တဲ့အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်တာကိုက မိန်းကလေး အရေအတွက်က များပါတယ်။ အဲ့ဒီအတွက် လျှောက်ထားတဲ့သူကလည်း မိန်းကလေး များပါတယ်။ ကျွန်တော်တို့ကျောင်းရဲ့ ဝင်ခွင့်ကို မနှစ်ကစပြီး ရွေးချယ်တာက မြို့နယ်အလိုက် အခြေခံပါတယ်။ မြို့နယ်မှာရှိတဲ့ မူလတန်းကျောင်းသား အရေအတွက် ( ဥပမာဆိုရင် - ကမာရွတ်မြို့နယ်မှာရှိတဲ့ မူလတန်းကျောင်းသား အရေအတွက်ရယ်၊ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ မူလတန်းကျောင်းသား အရေအတွက်ရယ်၊ နောက် ဒီမြို့နယ်က တက်ရမယ့်ကျောင်းက ရန်ကင်း ပညာရေးကောလိပ်ရဲ့ဝင်ဆံ့ အင်အား ဒီအတိုင်းခွဲပြီးတော့ မြို့နယ်အလိုက် ခွဲတမ်းချထားပါတယ်။ ဒီလိုချထားပြီးတော့မှ ဥပမာ ဒီမြို့နယ်က လူ ၂၀ တက်ရမယ်ဆိုရင် ကျွန်တော်တို့လည်း ဘာသာရပ်က စုံအောင်ခေါ်ရပါတယ်။ သိပ္ပံတွဲနဲ့အောင်လာတဲ့လူ၊ ဝိပ္ပံတွဲနဲ့ အောင်လာတဲ့ လူ ၊ ဝိဇ္ဇာတွဲ နဲ့ အောင်လာတဲ့လူ အဲ့ဒါဆိုရင် သိပ္ပံတွဲ က ၃၀ ရာခိုင်နှုန်း၊ ဝိပ္ပံတွဲ က ၄၀ ရာခိုင်နှုန်း၊ ဝိဇ္ဇာတွဲ က ၃၀ ရာခိုင်နှုန်း ၊ အဲဒီလို ၃၀၊ ၄၀၊ ၃၀ အချိုးနဲ့ ခေါ်ပါတယ်။ အဲ့ဒီထဲကမှ သိပ္ပံနဲ့ အောင်တဲ့ လူ ၃၀ ရာခိုင်နှုန်းမှာ တစ်ဝက်က ယောကျာ်းလေး၊ တစ်ဝက်က မိန်းကလေး ဒီအတိုင်း ရွေးပါတယ်။

*စာမျက်နှာ ၁၁ သို့*

> **“ကမာရွတ်မြို့နယ်မှာ ယောကျာ်းလေးဦးရေလိုတယ်။ မြို့နယ်မှာ ယောကျာ်းလေးလျှောက်ထားမှု မရှိဘူးဆိုရင် ခရိုင်မှာ ရှိမလား ဆက်ရှာရတယ်။ ခရိုင်မှာမရှိဘူးဆိုရင် တိုင်းဒေသကြီးမှာ ဆက်ရှာတယ်၊ တိုင်းဒေသကြီးကျတော့ ကျွန်တော်တို့က မစဉ်းစားသေးဘူး။ အဲ့ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးလိုဟာမျိုးဆိုရင် သတ်မှတ်တဲ့ယောကျာ်းလေးဦးရေက တစ်တိုင်းလုံးရှာတောင် မရနိုင်ဘူးဖြစ်သွား”**

# နှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလ အထင်ကရစေတီဘုရားများ၊ အပန်းဖြေနေရာများ၌ လေ့လာလည်ပတ်သူများဖြင့် စည်ကား



နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း သံတောင်ကြီးမြို့နယ်ရှိ နော်ဘူဘောဆုတောင်းတောင်သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)



မြောက်ဦးမြို့ရှိ အထင်ကရ သျှစ်သောင်းပုထိုးတော်ကြီးတွင် နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)



နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။ (ဝဲပုံ) ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)



ပေါက်မြို့နယ်ရှိ (၄၇)မိုင် အုန်းတောယောချောင်းသာ၌ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း လာရောက်အပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ) ဓာတ်ပုံ-ဉာဏ်တိုး(ပေါက်)



ပုလင်းကမ်းသာယာဆင်စခန်းတွင် နှစ်သစ်ကူးရုံးပိတ်ရက် လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုထိန်



အင်းလေးဒေသသို့ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုင်းအယ်ဘဲ(ညောင်ရွှေ)



နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်လင်းအောင်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

ရွေးပေမယ့် လျှောက်ထားတဲ့သူအရေအတွက်မှာ ယောကျ်ားလေး ရှားပါးတဲ့အရေအတွက်က အဲ့ဒီမှာ စတွေ့ပါတယ်။

**ကျောင်းဆရာအလုပ် လျှောက်ထားမှုအားနည်း**

ဥပမာအနေနဲ့ ပြောမယ်ဆိုရင် ဒီနှစ် လက်ရှိ ရွေးပြီးတော့ ကျောင်းစတက်နေပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ဝိဇ္ဇာဘာသာတွဲက လျှောက်ထားတဲ့ ယောကျ်ားလေးက ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာ ၃၁ ယောက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးအတွက် တကယ် ရွေးချယ်ရမယ့်ခွဲတမ်းက ၁၀၉ ယောက်ရှိတယ်။ အဲဒီအတွက် ယောကျ်ားလေးလျှောက်ထားမှုနှုန်း နည်းနေတယ်။ အဲဒီအခါကျတော့ ရွေးတာက ဘယ်လိုရွေးသလဲဆိုတော့ ပထမဦးစားပေး (ဥပမာ ပြောရရင်) ကမာရွတ်မြို့နယ်မှာ ယောကျ်ားလေးဦးရေ လိုတယ်။ မြို့နယ်မှာ ယောကျ်ားလေးလျှောက်ထားမှု မရှိဘူးဆိုရင် ခရိုင်မှာရှိမလား ဆက်ရှာရတယ်။ ခရိုင်မှာမရှိဘူးဆိုရင် တိုင်းဒေသကြီးမှာ ဆက်ရှာတယ်။ တိုင်းဒေသကြီးကျတော့ ကျွန်တော်တို့က မစဉ်းစားသေးဘူး။ အဲဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးလိုဟာမျိုးဆိုရင် သတ်မှတ်တဲ့ ယောကျ်ားလေးဦးရေက တစ်တိုင်းလုံးရှာတောင် မရနိုင်ဘူးဖြစ်သွားတယ်။ တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ပြည့်ပြည့်စုံစုံရှိပါတယ်။ ပိုလျှံပြီးတော့တောင် လျှောက်ပါတယ်။ စာရင်းဇယားတွေအရ ပြောလို့ရတာက ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးက ယောကျ်ားလေးတော်တော်များများက ဒီကျောင်းဆရာအလုပ်ကို လျှောက်ထားမှု အားနည်းတယ်။

နောက်ပြီး ကယားပြည်နယ်တို့လို၊ ရှမ်းအရှေ့ပိုင်းတို့လို နယ်နိမိတ်ဧရိယာမှာရှိနေတဲ့ အဖွဲ့တွေက ယောကျ်ားလေးတွေအနေနဲ့ လျှောက်ထားမှုနှုန်း နည်းပါးတယ်။ ကျွန်တော်တို့ ရွေးချယ်တာက မြို့နယ်ကို အခြေခံပါတယ်။ ဘာသာရပ်ကို အခြေခံပါတယ်။ မူလတန်းကျောင်းသားရှိနေတဲ့ နေရာကို အခြေခံပြီးတော့ ရွေးချယ်ပါတယ်။ ကျား၊ မလည်း တန်းတူညီမျှ ရွေးချယ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ပညာရေးနယ်ပယ်မှာ ဆရာဖြစ်သင်တန်းတွေ လျှောက်ထားတဲ့အခါ လျှောက်ထားတဲ့ အခြေအနေကိုလည်း ပြောပြပေးပါ။**

**ဒေါက်တာအောင်အောင်မင်း။** ။ ကျွန်တော်တို့က သတင်းစာတွေထဲကနေ လျှောက်လွှာခေါ်တဲ့အခါ သူတို့ လျှောက်ထားကြတယ်။ ကျွန်တော်တို့အနေနဲ့က မူတွေချမှတ်ပြီး လုပ်တယ်။ အခက်အခဲတွေ့တာက ဒီနှစ် ဝိဇ္ဇာဘာသာတွဲမှာဆိုရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်တဲ့ ယောကျ်ားလေး ၅၉၁၄ ဦး ရှိတယ်။ အဲဒီထဲကမှ ကျွန်တော်တို့ ပညာရေးကောလိပ်ကို တက်ပါမယ်ဆိုပြီး လျှောက်လာတဲ့ လူက ၃၄၆၃ ဦး ရှိတယ်။ လျှောက်တဲ့အနေအထားလည်း ကောင်းပါတယ်။ ကျွန်တော်တို့ လိုချင်တဲ့ အနေအထားကို ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွေးချယ်တဲ့ မူကိုက မြို့နယ်ကို အခြေခံတာ ။ အဲဒါက အဓိက ကတော့ အရင်က လေး၊ ငါး၊ ခြောက် နှစ်လောက်က ရွေးချယ်တာက တစ်နိုင်ငံလုံးကြိုက်တဲ့ နေရာကို လျှောက်ခွင့်ပေးပါတယ်။ အမှတ်ကို အဓိကထားရွေးတယ်။ အဲဒါကြောင့် ရန်ကုန်၊ မန္တလေး အောင်တဲ့လူက ရှမ်းပြည်နယ်ကို သွားရင်သွားမယ်။ ကချင်ပြည်နယ်သွားရင် သွားမယ်။ အဲဒီမှာ ပညာရေးကောလိပ် တက်မယ်။ နောက် မူလတန်းပြ ဆရာလုပ်မယ်။ တစ်နှစ်၊ နှစ်နှစ် မူလတန်းပြ ဆရာ လုပ်ပြီးတာနဲ့ အပြောင်းအရွှေ့လုပ်ပြီး မန္တလေးဘက်ကလာရင် မန္တလေးဘက် ပြန်သွားမယ်။ ရန်ကုန်ဘက်ကလာရင် ရန်ကုန်ဘက်ပြန်သွားမယ်ဆိုတဲ့ အခြေခံပညာမှာ အပြောင်းအရွှေ့ကိစ္စက တော်တော်ကြီးကြီးမားမား ဆောင်ရွက်ရတာ။ သူတို့ ပြန်သွားတာနဲ့ ဟိုဘက်မှာ မူလတန်းပြဆရာတွေ မကျန်ခဲ့တော့ဘူး။

အဲဒါနဲ့ ကျွန်တော်တို့က နှစ်နှစ် ရှိပါပြီ။ ကျွန်တော်တို့ အခြေခံပြီးရွေးတာက မြို့နယ်အလိုက်ပဲလျှောက်၊ အဲဒီမြို့နယ်အလိုက်မှာပဲ အဲဒီမြို့နယ်နဲ့ သက်ဆိုင်တဲ့ ပညာရေး ကောလိပ်မှာ တက်ပြီးရင် အဲဒီပညာရေးကောလိပ်က ဆင်းလာတာနဲ့ အခြေခံပညာ ဦးစီးဌာနကလည်း သူ့မြို့နယ်အတွင်းမှာပဲ အတတ်နိုင်ဆုံး သူ့အိမ်၊ သူ့ယာနဲ့ နီးတဲ့ နေရာမှာပဲ တာဝန်ချထားပေးတဲ့အတွက် အပြောင်းအရွှေ့ကိစ္စမှာ အဆင်ပြေတယ်။ အဲဒီမူလေးတွေနဲ့ ရွေးချယ်နေတာပါ။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-ဝင်းဝင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ယာဉ်တန်း အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

**စစ်တွေ ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ယာဉ်တန်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်-စစ်တွေ ကားလမ်း၌ အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ်မှ



ရန်ကုန်-စစ်တွေကားလမ်းတွင် အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရစဉ်။



မိုင်းပေါက်ကွဲသည့်နေရာနှင့် အပျက်အစီးအပိုင်းအစများကို တွေ့ရစဉ်။

စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်- မင်းဘူး -အမ်း - စစ်တွေ ကားလမ်း မြောက်ဦးမြို့အနီး နန်းကျားနှင့် ပေါင်းတုတ်ကျေးရွာအကြား တံတားအမှတ် (၁/၁၀၆) ထိပ်သို့အရောက် ဒေသန္တရလုပ် အဝေးထိန်းမိုင်းသုံးလုံးဖြင့် တစ်ပြိုင်တည်း ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်တစ်စီးရှေ့မှန်ကွဲပြီး အခြားယာဉ်တစ်စီးတွင် ဘေးမှန်တစ်ချပ်ကွဲသည့် ပျက်စီးမှုသာရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မတ်လတွင် စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး MNL ကလပ်အသင်း ၁၂ သင်း၊ MNL-2 (ပထမတန်း) ကလပ်အသင်း ရှစ်သင်း စုစုပေါင်းအသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပရန် ရှိသောကြောင့် ရှုံးထွက်ပြိုင်ပွဲကို ယခင်သတ်မှတ်ထားသည့်ရက်ထက်စော၍ ကျင်းပခြင်းဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲကို ယခင်နှစ်များအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်မှလွဲ၍ ကျန်အဆင့်များကို တစ်ကျော့တည်းကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်းအသင်းများသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် MNL ကလပ်အသင်းများ ပါဝင်လာမည်ဖြစ်သည်။ ပထမအဆင့်ကို မတ် ၁၂၊ ၁၃ ရက်၊ ဒုတိယ အဆင့်ကို မေ ၁၊ ၈ ရက်၊ ကွာတားဖိုင်နယ်ကို မေ ၁၈၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ်ပထမ အကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဒုတိယ အကျော့ကို ဇွန် ၁၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ



ရန်ကုန်နှင့် ဟံသာဝတီအသင်း ၂၀၁၈ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့စဉ်။

နေရှင်နယ်လိဂ်ကော်မတီသည် ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် နှစ်စဉ်ကျင်းပခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သောကြောင့် ရှုံးထွက်ပြိုင်ပွဲမကျင်းပဘဲ MNL Cup ပြိုင်ပွဲသာ ကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲကို မူလက MFF Cup ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သော်လည်း ၂၀၁၅ ရာသီမှစ၍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။

ရှုံးထွက်ပြိုင်ပွဲကို ရှစ်ကြိမ်ကျင်းပပြီးစီးသွားပြီး ရာဝတီအသင်းက သုံးကြိမ်ဖြင့်အအောင်မြင်ဆုံးအဖြစ် ရပ်တည်နေကာ ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက် အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**သတင်း-ညီမြတ်သော်တာ၊**
**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ ယူ-၂၂ အသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်



မြန်မာယူ-၂၂ ကွင်းလယ်ကစားသမား လွင်မိုးအောင်။

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် နိုင်ငံတကာအတွေ့အကြုံရစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပခြင်း ဖြစ်သည်။ အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားပြီး ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီလတွင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ မတ်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းအတွက် ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲအတွက် ကျင်းပမည့်ကာလ၊ ဖိတ်ကြားမည့်အသင်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းကို ပြည်တွင်းနည်းပြများက တာဝန်ယူ ကိုင်တွယ်နေပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ဆက်လက်တာဝန်ယူမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို ဇန်နဝါရီလပထမပတ်နှင့် ဒုတိယပတ်တွင်ကစားမည့် အရှေ့အလယ်ပိုင်းခရီးစဉ်အတွက် ကစားသမား ၂၀ ရွေးချယ်ထားသော်လည်း ယင်းခရီးစဉ်ပြီးဆုံးပါက ကစားသမားသစ်များ ထပ်မံရွေးချယ်ကာ ပြိုင်ပွဲသုံးခုအတွက် တောက်လျှောက် လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တန်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ အဓိကနိုင်ငံတကာပြိုင်ပွဲမယှဉ်ပြိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပပေးလေ့ရှိပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခဲ့သည်။ ယခုနှစ်တွင်လည်း ဖိတ်ခေါ်ပြိုင်ပွဲ ထပ်မံကျင်းပရန် စီစဉ်နေခြင်းဖြစ်ပြီး အာရှနှင့် အာဆီယံလူငယ် အသင်းများကို ဖိတ်ကြားသွားမည် ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## အုပ်ချုပ်မှုကိစ္စများဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ကေကေအို(ခွဲထွက်)အဖွဲ့မှ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ရှမ်းရွာသစ်၏ အနောက်မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာ မဲသဝေါပြန့်အတွင်း အုပ်ချုပ်မှုကိစ္စများဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ယနေ့ညနေ ၃ နာရီခန့်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ကေကေအို(ခွဲထွက်)အဖွဲ့မှ ပြောက်ကျားယူနီဖောင်းဝတ် သုံးဦးခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် မြောက်ဘက်သို့ ဆုတ်ခွာသွားသည်။

အဆိုပါဖြစ်စဉ်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ တောင်ကမူ၌ ကေကေအို(ခွဲထွက်)အဖွဲ့မှ ယာယီအခြေပြုထားသည့် ငှက်ပျောဖတ်အမိုး၊ အကာမပါ အကျယ်ခုနစ်ပေပတ်လည်ခန့်ရှိ တစ်ဖက်ယပ်တဲ တစ်လုံးကိုတွေ့ရှိရပြီး ယင်းတဲ၏ ထောင့်မှ အမ်-၁၆ သေနတ်တစ်လက်နှင့်အတူ ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနက ကြီးမှူး၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာအားကစားလ ရပ်ကွက်ပေါင်းစုံမြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးဆုချီးမြှင့်ပွဲကို ကျင်းပရာ (၆၁-၆၅) ကီလိုတန်းပြိုင်ပွဲတွင် အောင်သက်ဖြိုးက ပထမ၊ သန့်စင်ဝင်းက ဒုတိယနှင့် ဇော်ထွန်းဦးက တတိယရရှိကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ဆုတံဆိပ်နှင့်ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သက်ကြီးတန်း(၅၇-၆၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ မောင်ဝေယံ၊ ဒုတိယဆုရ ဖြိုးမင်းပိုင်နှင့် တတိယဆုရ အောင်ဇော်မိုး၊ (၄၀-၄၃) ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ဖြိုးအောင်က ပထမ၊ ညီရဲထက်က ဒုတိယနှင့် ပိုင်သူကိုက တတိယရရှိကြရာ မြန်မာ့သိုင်းဆပ်ကော်မတီနာယက ဦးတင်ဖေနှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဆုတံဆိပ်နှင့်ဆုငွေများ၊ ဆုဖလားများပေးအပ်ချီးမြှင့်ကြပြီး (၄၄-၄၇) ကီလိုတန်းပြိုင်ပွဲတွင် ကောင်းသန့်မင်းက ပထမ၊ စိုင်းပီးခမ်းက ဒုတိယနှင့် လင်းလက်ခိုင်က တတိယ၊ အထူးပွဲပြိုင်ပွဲတွင် ပထမဆုရ သီဟညွန့်၊ ပိုင်ဇင်ကျော်နှင့် ဂျူးဂျူးမောင်၊ ဒုတိယဆုရ သီရိကျော်နှင့် ဇူးဇူးစံတို့အား မြို့နယ်အားကစားအရာရှိ ဒေါ်စန်းစန်းအေးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပညာရေးစကားဝိုင်း (ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသား ဆရာတိုးမြှင့်ခန့်ထားရေး စကားဝိုင်း)(အပိုင်း-၁)
၁၀း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၉၂)"
၁၁း၃၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၆)
၁၅း၃၀ - "ပုခက်လွှဲခွင့်မရခဲ့သောလက်"

**ညပိုင်း**

၁၇း၀၅ - အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်အကြောင်း ဆွေးနွေးခြင်း"
၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သမီးကလေးရဲ့ရွာ" ခန့်စည်သူ၊ ထွန်းကိုကို၊ ရွှေမှုံရတီ၊ သွန်းဆက်၊ ဘေဘီမောင်၊ ကလေးသရုပ်ဆောင်-ချစ်စနိုးဦး၊ ဒါရိုက်တာ--စတီးလ်(ဒွေးမေတ္တာ)
၁၇း၃၅ - MRTV Travelogue
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁) (အမွေခံထောင်ချောက်) (ပထမပိုင်း) ထိုက်တန်လင်း၊ မင်းသူ၊ ဆုမြတ်နိုးဦး၊ ဖြိုးဇော်လင်း၊ ဒါရိုက်တာ-ဟိန်းဇော်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားမြင်ကွင်းနှင့် သတင်းစာဆရာကြီး"
- ပညာရေးစကားဝိုင်း (ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသား ဆရာတိုးမြှင့်ခန့်ထားနိုင်ရေး စကားဝိုင်း)(အပိုင်း-၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်"(အပိုင်း-၂၉)
- ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင်မြန်မာတို့၏ အနုသုခုမသဘင်(အလင်္ကာအလွမ်းပြေ) "နှစ်ပါးမြိုင်"(ဒုတိယပိုင်း) (မင်းသား-ချမ်းသာနှင့် မျိုးဆက်သစ်များ)

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့အား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း ရသေ့တောင်-ဘူးသီးတောင်သွား ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိနေသည့် အမှတ်(၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲ(၁)ခွဲသည် ကားလမ်းပေါ်ရှိ စေတောင်ရွာအတွင်း ဘုန်းကြီးကျောင်း၌ ခေတ္တအခြေပြုနေစဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် အင်အား ၃၀ ခန့်ရှိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၁၀ မိနစ်ခန့် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှု ဖြစ်ခဲ့ကြောင်း သိရသည်။

**ရွာသူ၊ ရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိ**

ဖြစ်စဉ်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲတပ်သားတစ်ဦး ယာဘက်ရင်အုံအပေါ်ပိုင်း လက်နက်ငယ် ကျည်ဆန်ဖောက်ဝင်ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ပစ်ခတ်မှုဖြစ်ချိန်တွင် ကျေးရွာအတွင်း၌လည်း ရွာသူ၊ ရွာသားများရှိနေပြီး ရဲတပ်ဖွဲ့၏ စနစ်တကျ ထိန်းသိမ်းကြပ်မတ်မှုကြောင့် ရွာသူ၊ ရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မိုးထိမိုးမိ ရွှေလုပ်ကွက်အနီး ပိုင်ရှင်မဲ့ ရွှေကြိတ်ခွဲစက်နှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ရမည်းသင်း ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မိုးထိမိုးမိ ရွှေလုပ်ကွက်အနီး တောတွင်း၌ တရားမဝင် ရွှေတူးဖော်မှုများရှိနေကြောင်း သတင်းပေးတိုင်တန်းချက်အရ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် သွားရောက် ရှာဖွေဖမ်းဆီးခဲ့ရာ ပိုင်ရှင်မဲ့ ရွှေသန့်စင်ကြိတ်ခွဲစက်၊ ရွှေပါဝင်သည်ဟု ယူဆရသည့် ဖြုန်းအိတ်များနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



"နောက်ထပ်သုံးနေရာလောက်ကို မြေပုံမှတ်တမ်းတွေနဲ့ သတင်းရထားတာ ရှိတယ်။ ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ အထွေထွေအုပ်ချုပ်ရေးနဲ့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ အခုသွားတဲ့နေရာဆိုရင် အင်မတန် သွားလာရခက်ခဲပြီး လုံခြုံရေးလည်း လိုအပ်သလို အန္တရာယ်လည်း ရှိပါတယ်"ဟု ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

ရမည်းသင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက"သတင်းတွေကလည်း ကြားနေရတယ်။ တရားမဝင် ရွှေသတ္တုတူးဖော်မှု မဖြစ်အောင် မြို့နယ် ခရိုင်မှာ ဌာနပေါင်းစုံပါတဲ့ အဖွဲ့ရှိပါတယ်။ ရံဖန်ရံခါသတင်းရလို့ သွားဖမ်းတဲ့အခါမှာ ကြီးကြီးမားမားကို မတွေ့ဘဲ သုံးလေးငါးယောက်လောက် ခိုးတူးတာတွေတွေ့လို့ အမှုဖွင့်တာရှိပါတယ်။ ကြားနေရတဲ့ သတင်းတွေကလည်း အများကြီးပါပဲ။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပေါင်းပြီး မြေပြင်ကိုကွင်းဆင်းတဲ့ အချိန်မှာ လူတော့မတွေ့ရဘူး။ သူတို့သတင်းကြိုရသလား၊ ချိတ်ဆက်မှုတွေ ရှိသလားမသိဘူး။ ဒီနေ့တွေ့ရတဲ့ဟာဆိုရင် အသေးစားမဟုတ်တော့ဘူး။ တော်တော်လုပ်ထားတာ တွေ့ရတယ်"ဟု ပြောသည်။

တရားမဝင်ရွှေတူးဖော်ရာမှ ဖမ်းဆီးရမိသည့် ပစ္စည်းများကို စနစ်တကျ မှတ်တမ်းတင် သိမ်းဆည်းကာ တရားမဝင် ရွှေတူးဖော်သူများအား ဖော်ထုတ်ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မိုးထိမိုးမိ ရွှေလုပ်ကွက်အနီး တောတွင်း၌ တရားမဝင် ရွှေတူးဖော်မှုများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရာ ယနေ့အချိန်အထိ တရားစွဲဆိုထားသည့် အမှုပေါင်း ၂၀ ခန့်ရှိကြောင်း ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင်ထံက သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

# နှစ်သစ်ကူးညပိုင်းတွင် ထိခိုက်ဒဏ်ရာရသူ ၈၁ ဦးရှိခဲ့ပြီး ဆေးရုံတက်ရောက်သူ ၂၁ ဦးရှိ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးညပိုင်းတွင် ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရသူ ၈၁ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ဆေးရုံတက်ရောက်သူ ၂၁ ဦးရှိကာ လူသေဆုံးမှုမရှိခဲ့ကြောင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ သိရသည်။

"ဒီနှစ် နှစ်သစ်ကူးညမှာ ဆေးရုံကြီးကို ရောက်လာတဲ့ လူနာအားလုံးက ၈၁ ဦး ရှိပါတယ်။ ဒီထဲက အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ပြီး ကုသမှုခံယူသူက ၂၁ ဦးပဲရှိပါတယ်။ ကျန်တဲ့လူနာတွေက ထိခိုက်ဒဏ်ရာရပေမယ့် ဆေးရုံတက်စရာမလိုတဲ့အတွက် ပြန်သွားကြတာပါ။ ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင် ဆေးရုံတက်ရောက်ကုသခံယူသူက ဒီနှစ်မှာ နည်းပါးပါတယ်"ဟု မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၊ ဆေးလူမှုဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

မန္တလေးမြို့ နှစ်သစ်ကူးည ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီအထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၈၁ ဦး ရောက်ရှိခဲ့သည့်အနက် ပြင်ပလူနာဌာနသို့ ထိခိုက်ဒဏ်ရာဖြင့် ရောက်ရှိလာသူ အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ခုနစ်ဦးရှိခဲ့ပြီး အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်သူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး နှစ်ဦးရှိကြောင်း သိရသည်။

"ဆေးရုံကြီးကိုရောက်လာတဲ့ လူနာအများစုက ယာဉ်မတော်တဆမှုကြောင့် ၆၀ နီးပါးရှိခဲ့တယ်။ ကျန်တာက ခိုက်ရန်ဖြစ်ပွားမှုနဲ့ ချော်လဲတာတွေကြောင့်ပါ။ ဒီလူနာတွေကလည်း ၁၂ နာရီကျော်ပြီးမှ ရောက်ရှိလာတဲ့သူတွေပါ"ဟု ဦးမင်းလွင်က ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၇-၂၀၁၈ နှစ်သစ်ကူးပွဲညပိုင်းက ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာကြောင့် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှု ခံယူသူ ၆၁ ဦးနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လေးဦးရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးပြောင်းချိန်ညပိုင်း၌ မှုခင်းဖြစ်ပွားမှု သုံးခုသာရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နှစ်သစ်ကူးညမှာ ကြီးကြီးမားမား မှုခင်းဖြစ်ပွားတာ မရှိခဲ့ပါဘူး။ ပေါ့ဆမှုကြောင့် မီးလောင်တာရယ်၊ စားသောက်ဆိုင်မှာ တစ်ဝိုင်းနဲ့တစ်ဝိုင်း စကားများရာက ခိုက်ရန်ဖြစ်ပွားမှုရယ်၊ နေအိမ်ဝင်ရောက်ပြီး ပစ္စည်းခိုးတာရယ် ဒီသုံးခုပဲရှိတယ်။ ဒီဖြစ်စဉ်တွေကလည်း နှစ်သစ်ကူးနဲ့မဆိုင်ပါဘူး။ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ"ဟု မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်က ပြောကြားသည်။

မန္တလေးမြို့တွင် ၂၀၁၈ ခုနှစ် နှစ်သစ်ကူးညပိုင်းအချိန်က မန္တလေးတောင်၊ ကျုံးအရှေ့တောင်ထောင့်ရှိ ဟီလ်တန်ဟိုတယ်၊ မနော်ရမ္မံကွင်း၊ ဦးပိန်တံတား၊ မန္တလေးကန်တော်ကြီးနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့တို့တွင် ည ၁၂ နာရီအထိ စောင့်ဆိုင်း၍ နှစ်သစ်ကူးချိန် ရေတွက်ကာ မီးရှူးမီးပန်းများ လွှတ်တင်ခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သဃ်္န်းကျွန်းမြို့နယ်တွင် ထိုင်ဝမ်သားတစ်ဦး၏ နေအိမ်အတွင်း ဝင်ရောက်လုယက်သူနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁**

သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက် ကြိုးစက်လမ်းနေ ထိုင်ဝမ်သား ဦး------သည် ဒီဇင်ဘာ ၂၉ ရက်က နေအိမ်အတွင်းရှိနေစဉ် အသိဖြစ်သူ သန့်ဇင်ဦးနှင့် အမည်မသိ လူတစ်ဦးရောက်ရှိလာပြီး ဦး-----က ဧည့်ခံနေစဉ် ၎င်းတို့နှစ်ဦးမှာ မူမမှန်၍ ဦး------က အပြင်သွားစရာရှိသည်ဟု ပြောဆိုပြီး ပြန်ခိုင်းခဲ့ရာ ၎င်းတို့က ပြန်မည်ဟု ပြောဆိုပြီး ဦး------အား သန့်ဇင်ဦးက နောက်မှသိုင်းဖက်ပြီး ချုပ်ကိုင်ထားရာ ကျန်လူတစ်ဦးက ဝိုင်းဝန်းချုပ်ကိုင်၍ ဦး-----၏ ပါးစပ်အား ပဝါစဖြင့်ပိတ်ပြီး လက်နှင့်ခြေထောက်များကို ဝိုင်ယာကြိုးဖြင့် ချည်နှောင်ကာ နေအိမ်ရှိ နောက်ဖေးခန်းသို့ ခေါ်ဆောင်သွား၍ ဝိုင်းဝန်းထိုးကြိတ်ကြပြီး ဦး------တွင်ရှိသော ငွေများကို ထုတ်ပေးရန် တောင်းပြီး ဦး------၏ ဗီရိုနှင့် အိတ်အတွင်း သိမ်းဆည်းထားသော ငွေကျပ်သိန်း ၂၀၊ ဟွာဝေးအမျိုးအစား ဖုန်းတစ်လုံးနှင့် နေအိမ်သော့တွဲများကို ယူဆောင်ထွက်ပြေးသွားသဖြင့် ဦး-------က သန့်ဇင်ဦးပါနှစ်ဦးအား အရေးယူပေးရန် သင်္ဃန်းကျွန်းမြို့မရဲစခန်းတွင် တိုင်တန်းခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပူးပေါင်းအဖွဲ့သည် ပြစ်မှုကျူးလွန်သူအား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ သတင်းရရှိထားသူ အငယ်ကောင်မှာ ခရမ်းမြို့နယ် ပိန်းကန်အရှေ့ရပ်ကွက်ရှိ ၎င်းတို့ဆွေမျိုးများထံ ရောက်ရှိနေကြောင်း သိရသဖြင့် ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် သဲမောင်ဇော်(ခ)သဲမောင်ထွေး(ခ) အငယ် ကောင် (၂၄ နှစ်)အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းကိုစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ သန့်ဇင်ဦး(ခ)ကတုံးမှာ ဘုရင့်နောင်ပွဲရုံအတွင်းရှိ တည်းခိုခန်းတစ်ခန်း၌ တည်းခိုရှောင်တိမ်းလျက်ရှိကြောင်း စစ်ဆေးသိရှိရသဖြင့် ဇန်နဝါရီ ၁ ရက် ၀၂ နာရီ ၁၅ မိနစ်တွင် သန့်ဇင်ဦး(ခ)ကတုံး(၂၆ နှစ်)အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွတ်ခိုင်မြို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် ကွတ်ခိုင်-ကောင်းခါးသွား လမ်းမပေါ်၌ မောင်းနှင်လာသည့် တိုယိုတာမတ်တူးမော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စစ်ဆေးသောနေရာမရောက်မီ ပေ ၃၀၀ ခန့်အကွာတွင် ယာဉ်ကို ရပ်တန့်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသည်။

ယင်းနောက် ယာဉ်ကို ဆက်လက်ရှာဖွေရာ ဆပ်ပြာခွက် ၁၇၆ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၁ ဒသမ ၉၃၆ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် ဖမ်းဆီးရမိမှုမရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၃ စီး၊ သွင်းကုန် ၅၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၀၊သွင်းကုန် ၁၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိမှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

# ရုရှား၌ ဓာတ်ငွေ့ပေါက်ကွဲမှု လေးဦးသေဆုံးကာ ၃၅ ဦးပျောက်ဆုံး

**မော်စကို ဇန်နဝါရီ ၁**

ရုရှားနိုင်ငံ မဂ္ဂနီတိုဂိုရက်မြို့ရှိ လူနေအဆောက်အအုံတစ်ခုတွင် တနင်္လာနေ့က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် လေးဦးထက်မနည်းသေဆုံးပြီး ၃၅ ဦး ပျောက်ဆုံးနေကြောင်း ရုရှားအရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူငါးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ပျောက်ဆုံးနေသည်ဆိုသော လူ ၂၈ ဦးမှာ ပေါက်ကွဲမှုဖြစ်ပွားချိန်က အိမ်တွင်ရှိမနေခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၀ထပ်အဆောက်အအုံ၌ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆောက်အအုံ၏ အစိတ်အပိုင်းအချို့ ထိခိုက်ပျက်စီးခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဓာတ်ငွေ့ပေါက်ကွဲသည့် ယင်းမြို့သို့ရောက်ရှိလာခဲ့ပြီး ဒေသဆိုင်ရာအာဏာပိုင်များနှင့် တွေ့ဆုံမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ရွေးကောက်ပွဲမသမာမှုများ ရှိသည်ဆိုသည့် ပြောကြားချက် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ပယ်ချ

**ဒါကာ ဇန်နဝါရီ ၁**

ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲတွင် မသမာမှုများရှိခဲ့သည်ဆိုသည့် အတိုက်အခံများ၏ ပြောဆိုချက်အပေါ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ရွေးကောက်ပွဲအပြီး နောက်တစ်နေ့တွင် ပယ်ချခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲသည် မျှတမှုမရှိကြောင်း အတိုက်အခံများ၏ မေးခွန်းထုတ်မှုအပေါ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ပယ်ချခဲ့သည့်အပြင် အတိုက်အခံများဘက်တွင် ခိုင်မာသည့် ခေါင်းဆောင်ကောင်းမရှိသလို မဲဆွယ်စည်းရုံးမှုများကိုလည်း တက်ကြွစွာ လုပ်ဆောင်ခြင်းမရှိခဲ့ကြောင်း ၎င်း၏ ဝန်ကြီးချုပ်အိမ်တော်တွင် သတင်းထောက်များ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများကို ပြောခဲ့သည်။

ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုရှိကြောင်းနှင့် ၎င်းအတွက် မေးခွန်းထုတ်စရာမလိုကြောင်း၊ ရွေးကောက်ပွဲအတွက် မိမိအနေဖြင့် လိပ်ပြာသန့်ကြောင်း ရှိတ်ဟာဆီနာက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ အတိုက်အခံများဘက်မှ တောင်းဆိုသလို ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမည်မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အေအမ်နူရုယ်ဟူဒါက ပြောသည်။

မဲပေးသည့်နေရာတွင်လည်း မရိုးသားမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့သည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်မလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အသက် ၇၁ နှစ်ရှိ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အဝါမီလိဂ် ပါတီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့သည် လွှတ်တော်အမတ်နေရာ ၃၀၀ ရှိသည့်အနက် ၂၈၈ နေရာကို အနိုင်ရခဲ့ကြောင်း သိရသည်။ ထို့အပြင် ၎င်းအနေဖြင့် ဝန်ကြီးချုပ်သက်တမ်းကို သုံးကြိမ်မြောက် ပြန်လည်အနိုင်ရရှိခဲ့ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**



ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ

# အမေရိကန်နှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်စေရေးလုပ်ဆောင်ရန် အသင့်ရှိကြောင်း တရုတ်ပြော

**ပေကျင်း ဇန်နဝါရီ ၁**

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံခေါင်းဆောင်တို့ သဘောတူညီခဲ့သည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁ ရက်နေ့တွင် ကျရောက်မည့် အမေရိကန်နှင့် တရုတ်သံတမန်ဆက်ဆံရေး အနှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်က တနင်္ဂနွေနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် တရုတ်နှင့်အမေရိကန် မဟာဗျူဟာမြောက် ဆက်ဆံရေးမြှင့်တင်ရန်၊ အပြန်အလှန်ယုံကြည်နားလည်မှု အားကောင်းလာစေရန်နှင့် ထင်မြင်ယူဆချက်လွဲမှားနေမှုများကို ရှောင်ရှားရန်အတွက် တစ်ဖက်နှင့် တစ်ဖက် မဟာဗျူဟာမြောက်သည့် သဘောထားရှုထောင့်ဖြင့် ရှုမြင်သင့်ကြောင်း မစ္စတာလူက တိုက်တွန်းထားသည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား လတ်တလောဖြစ်ပွားနေသည့် ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများကို မစ္စတာလူက ရည်ညွှန်းလိုဟန်ရှိကြောင်း သိရသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပုံရိပ်ကို မထိခိုက်စေရန် ရှောင်ရှားသည့်အနေဖြင့် မတူကွဲပြားမှုများကို အလေးအနက်ထားကာ ဖြေရှင်းသွားသင့်ကြောင်းကိုလည်း မစ္စတာလူက ပြောကြားခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြီးခဲ့သည့် စနေနေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကို ထူထောင်လိုသည့် သဘောထားကို ထုတ်ဖော်ပြောဆိုခဲ့သည်ဟု တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်း၌ ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်







အမေရိကန်ပြည်ထောင်စု သတင်းစာများ။

# အမေရိကန်သတင်းစာတိုက်အချို့ဆိုက်ဘာတိုက်ခိုက်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်ပြည်ထောင်စုရှိ လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာတိုက်သည် ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရသည့်အတွက် သတင်းစာဖြန့်ချိရေး နှောင့်နှေးကြန့်ကြာခဲ့ရပြီး ယင်းကိစ္စကို အမေရိကန်၏ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ဝင်ရောက် ကိုင်တွယ်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာ၏ သတင်းအချက်အလက်နှင့် ပုံနှိပ်ရေးစနစ်သည် ပြီးခဲ့သည့်ကြာသပတေးနေ့ညနေမှစတင်ကာ အနှောင့်အယှက်ပေးခံခဲ့ရသည်။ ထိုသို့ နှောင့်ယှက်ခံရသည့်အတွက် သတင်းစာ၌ဖော်ပြမည့် အချက်အလက်အချို့ကို ပုံနှိပ်စက်ရှိရာသို့ ပေးပို့မရဖြစ်ခဲ့သည်။ လော့စ်အိန်ဂျလိစ်တိုင်းမ်ကို အချို့ဒေသများသို့ ဖြန့်ချိရာတွင် အခက်အခဲများ ဖြစ်ခဲ့သည်။ ချီကာဂိုထရီဗြူးမ်သတင်းစာတိုက်နှင့် ဖလော်ရီဒါပြည်နယ်ရှိ သတင်းစာတိုက်တစ်တိုက်လည်း အလားတူ ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဆိုက်ဘာတိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စုပြင်ပမှ လုပ်ဆောင်သည်ဟု ယူဆရကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်က ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုတွင် မြောက်ကိုရီးယားမှ လောဇရုအုပ်စုဟုခေါ်သည့် ဟက်ကာအဖွဲ့ ပါဝင်ပတ်သက်ဖွယ်ရှိသည်ဟု အခြားသော အမေရိကန်သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။ ကွန်ပျူတာ၏ လုပ်ငန်းများကို ထိခိုက်ပျက်စီးစေသည့် ဆော့ဖ်ဝဲများကို သုံးပြီး တိုက်ခိုက်သည်ဟုလည်း ဖော်ပြခဲ့သည်။ အဆိုပါ ဟက်ကာအဖွဲ့သည် ယခင်ကလည်း အလားတူဆော့ဝဲဖ်ကို အသုံးပြုကာ ဆိုက်ဘာတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အမေရိကန်သမ္မတနှင့်တွေ့ဆုံရန် အဆင်သင့်ဖြစ်ကြောင်း ကင်ဂျုံအန်းပြော

**ပြုံယမ်း ဇန်နဝါရီ ၁**

မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်ဖြစ်သူ ကင်ဂျုံအန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ရှိကြောင်း နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ကင်ဂျုံအန်း၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ထိုသို့ ပြောကြားခဲ့သည်ကို ကေစီတီ ရုပ်မြင်သံကြားသတင်းဌာနက ဇန်နဝါရီ ၁ရက်တွင် သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်တန်းက ရပ်ရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်နျူကလီးယား လက်နက်စမ်းသပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းကိုမျှ လုပ်ဆောင်သွားမည် မဟုတ်ကြောင်း ကင်ဂျုံအန်းက ၎င်း၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကားလို့စ်ဂွန်းကို ဆက်လက်ထိန်းသိမ်းထားရန် တိုကျိုတရားရုံး ဆုံးဖြတ်

**တိုကျို ဇန်နဝါရီ ၁**

နစ်ဆန်းကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းကို နောက်ထပ် ၁၀ ရက် ဆက်ထက်ထိန်းသိမ်းထားရန် ဥပဒေအရာရှိများ၏ တောင်းဆိုချက်ကို တိုကျိုခရိုင်တရားရုံးက တနင်္လာနေ့တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

၎င်းကို ဇန်နဝါရီ ၁၁ ရက်နေ့အထိ ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်သည်။ ကားလို့စ်ဂွန်းကို ယုံကြည်မှုဖောက်ဖျက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဒီဇင်ဘာ ၂၁ ရက်တွင် ဖမ်းဝရမ်းအသစ်ဖြင့် ထပ်မံထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

၎င်း၏ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကြောင့် ဆုံးရှုံးခဲ့သည့်ငွေကြေးများကို ဖြေရှင်းရန် ငွေကြေးဆိုင်ရာ အာမခံထောက်ပံ့ကူညီမှုပေးခဲ့သည့် ဆော်ဒီမိတ်ဆွေတစ်ဦးကို အမေရိကန်ဒေါ်လာ ၁၅ သန်းကို နစ်ဆန်းကုမ္ပဏီတစ်ခုမှ တရားမဝင် လွှဲပြောင်းပေးခဲ့သည်ဟု တိုကျိုဥပဒေအရာရှိများက သံသယရှိခဲ့ကြသည်။

ကားလို့စ်ဂွန်းကမူ ၎င်းသည် ယုံကြည်မှုကို ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

၎င်းအနေဖြင့် ကုမ္ပဏီကိုထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အခက်အခဲများကြားက ကျင်းပခဲ့ရတဲ့ ကွန်ဂိုရွေးကောက်ပွဲ

***ခြူးစန္ဒီနွေး***

**ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ ကာလရှည်ကြာစောင့်ဆိုင်းခဲ့ရတဲ့ ရွေးကောက်ပွဲကို ပြီးခဲ့တဲ့တနင်္ဂနွေနေ့ကပဲ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း နှောင့်နှေးကြန့်ကြာမှုတွေကြောင့် ပြည်သူတွေ အတော်လေး စိတ်ပျက်ခဲ့ရပါတယ်။ အချို့သောမဲရုံတွေမှာ အီလက်ထရွန်နစ်စနစ်နဲ့ မဲပေးစက်တွေမှာ အဆင်မပြေမှုတွေဖြစ်ခဲ့ပြီး အဲဒီကိစ္စဟာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံရဲ့ရွေးကောက်ပွဲအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။**



ကွန်ဂိုရွေးကောက်ပွဲအတွက် ပြည်သူများ မဲပေးနေကြစဉ်။

**ငြိမ်းငြိမ်းချမ်းချမ်း အာဏာ လွှဲပြောင်းမည့်ပွဲ**

အခုဆိုရင် ရွေးကောက်ပွဲအတွက် မဲပေးမှုတွေအားလုံးဟာလည်း ပြီးဆုံးသွားခဲ့ပါပြီ။ ဒါဟာ ၁၉၆၀ ပြည့်နှစ် လွတ်လပ်ရေးရပြီးကတည်းက ကွန်ဂိုနိုင်ငံအတွင်း ပထမဆုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အာဏာလွှဲပြောင်းတဲ့ပွဲလည်း ဖြစ်ပါတယ်။ ကွန်ဂိုသမ္မတ ဂျိုးဆက်ကာဘီလာဟာ နိုင်ငံကို ၁၇ နှစ်ကြာ အုပ်စိုးခဲ့ပြီးတဲ့နောက် အာဏာလွှဲပြောင်းပေးဖို့ လုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲရလဒ်တွေကိုတော့ ဒီတစ်ပတ်အတွင်းမှာပဲ ကြေညာသွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ တကယ်တမ်းကျတော့ ကွန်ဂိုရွေးကောက်ပွဲကို လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကျင်းပရမှာပါ။ ဒါပေမယ့်လည်း အမျိုးမျိုးသောအခက်အခဲတွေကြောင့် ရွေးကောက်ပွဲကိုအကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရပါတယ်။

၂၀၁၆ ခုနှစ်မှာ ကျင်းပပေးမယ်လို့ ရည်ရွယ်ခဲ့တဲ့ ရွေးကောက်ပွဲကို နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရပါတယ်။ ရွေးကောက်ပွဲအချိန်မီ မကျင်းပနိုင်တာကြောင့် မစ္စတာကာဘီလာဟာ သူ့ရဲ့လုပ်ပိုင်ခွင့်သက်တမ်းထက် နှစ်နှစ်ပိုနေခဲ့ပါတယ်။ လူဦးရေ ၁ ဒသမ ၂၆ သန်းကို မဲပေးမှုစာရင်းကနေ ထုတ်ပယ်ဖို့ဆုံးဖြတ်ခဲ့တဲ့အတွက် အငြင်းပွားမှုတွေ၊ အကြမ်းဖက်မှုတွေဟာ ရွေးကောက်ပွဲကို ရိုက်ခတ်ခဲ့ပါတယ်။

မဲပေးမှုကို ညနေငါးနာရီမှာ ပိတ်သိမ်းခဲ့ပေမယ့် လူတွေကတော့ မဲပေးခွင့်ရဖို့ မဲရုံရှေ့မှာ တန်းစီစောင့်ဆိုင်းခဲ့ကြပါတယ်။ အီလက်ထရွန်နစ်မဲပေးနည်းစနစ်ဟာ ဒေသအတွင်းမှာ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်တဲ့အတွက်ကြောင့် ပြဿနာအတော်များပြီး အချို့သောနေရာတွေမှာ အခက်တွေ့ခဲ့ကြပါတယ်။

ကင်ဆာရှာ ခရိုင်အတွင်း ကလိုင်မီတီမြို့မှာဆိုရင် မဲဆန္ဒရှင်စာရင်းရောက်ရှိမလာတဲ့အတွက် အဲဒီနယ်က ပြည်သူတွေ မဲမပေးခဲ့ရပါဘူး။ မဲဆန္ဒရှင်တစ်ဦးဖြစ်တဲ့ ဗီဒလီအီမီနီကတော့ သူ့အနေနဲ့မဲပေးဖို့ နှစ်နာရီကျော်ကြာစောင့်ဆိုင်းခဲ့ရပေမယ့် တကယ်တမ်း မဲပေးပြီးတဲ့အခါမှာတော့ အလွန်ကို ပျော်ရွှင်ရပါတယ်လို့ ပြောပါတယ်။

**အပြောင်းအလဲကို မျှော်လင့်**

“ကျွန်တော်တို့ဟာ အပြောင်းအလဲတွေကို မျှော်လင့်နေကြတာဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လိုချင်တယ်။ လူတွေဟာ အလုပ်အကိုင်အခွင့်အလမ်းကို ပိုပြီးလိုအပ်နေကြတယ်”လို့ ၎င်းကပြောပါတယ်။

ရွေးကောက်ပွဲကာလအတွင်း အချို့သော နေရာတွေမှာလည်း အကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့တာရှိပါတယ်။ ဝါလန်ဂူမြို့မှာဆိုရင် ရဲအရာရှိတစ်ဦးနဲ့ အရပ်သားတစ်ဦး အသတ်ခံခဲ့ရပါတယ်။

**အီဘိုလာက ဒုက္ခပေး**

အခုတစ်ကြိမ် ရွေးကောက်ပွဲဟာ သမ္မတ၊ ပြည်နယ်နှင့် တိုင်းဒေသလွှတ်တော်အတွက် အမတ်တွေရွေးချယ်တဲ့ပွဲလည်းဖြစ်တယ်။ ထောင်ပေါင်းများစွာသော ကိုယ်စားလှယ်လောင်းတွေ ပါဝင်ယှဉ်ပြိုင်ကြတဲ့ပွဲဆိုလည်း မမှားပါဘူး။ ရွေးကောက်ပွဲကာလအတွင်း နောက်ထပ်အနှောင့်အယှက်တစ်ခုကတော့ အီဘိုလာရောဂါပါပဲ။ အီဘိုလာဟာ ကွန်ဂိုမှာ ပျောက်ကွယ်သွားလိုက်၊ ပြန်ဖြစ်လိုက်နဲ့ အတော်လေးဒုက္ခပေးပါတယ်။

အခုလည်း နိုင်ငံအရှေ့ပိုင်းအီဘိုလာရောဂါဖြစ်ပွားနေတဲ့နေရာတွေနဲ့ နိုင်ငံအနောက်ပိုင်းအကြမ်းဖက်မှု ဖြစ်ပွားနေတဲ့ ဒေသတွေကို မဲပေးမှုစာရင်းကနေ ထုတ်ပယ်ခဲ့ရတယ်လို့ အစိုးရက ပြောပါတယ်။

**နယ်မြေတွေဖယ်တာနိုင်ငံရေးလား**

ဒါပေမယ့်လည်း မဲပေးဖို့ တားမြစ်ခံရတဲ့ နိုင်ငံအရှေ့ပိုင်းက ဘီနီ၊ ဘက်တင်ဘို၊ နိုင်ငံအနောက်ပိုင်းက ယန်ဘီဒေသတို့ဟာ အတိုက်အခံတွေ အဓိကကြီးစိုးရာ နယ်မြေတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်းဝေဖန်သူတွေဟာ အစိုးရအနေနဲ့လပေါင်းများစွာ ကြိုတင်ပြင်ဆင်ချိန်ရှိပါလျက် ဒီလိုအကြောင်းပြချက်နဲ့ ဒီနယ်မြေတွေကို ဖယ်ထုတ်လိုက်တာဟာဆိုရင် နိုင်ငံရေးအရ လှုပ်ရှားမှုတစ်ရပ်လေလားဆိုပြီး ဝေဖန်နေကြတာပါ။

မစ္စတာကာဘီလာရဲ့ဆက်ခံသူအဖြစ် ရွေးချယ်ခံထားရတဲ့ ယခင်ပြည်ထဲရေးဝန်ကြီးဟောင်း အီမန်နျူရယ်ရာမာဇာနီရှက်ဒရီဟာဆိုရင် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ ဥရောပသမဂ္ဂကနေ ပိတ်ဆို့ပြစ်ဒဏ်ချမှတ်ခံထားရသူလည်း ဖြစ်ပါတယ်။

**အီးယူသံအမတ်ကို နှင်ထုတ်**

၂၀၁၇ မေလမှာ အစိုးရဆန့်ကျင်သူတွေကို အပြင်းအထန် နှိမ်နင်းခဲ့တဲ့အတွက် ဥရောပသမဂ္ဂက ပိတ်ဆို့ပြစ်ဒဏ်ချမှတ်ခဲ့တာပါ။ ပိတ်ဆို့မှုပြစ်ဒဏ်ကို ဖယ်ရှားမပေးတဲ့အခါမှာတော့ ကွန်ဂိုအစိုးရဟာ လက်တုံ့ပြန်တဲ့အနေနဲ့ အီးယူသံအမတ်ကို နိုင်ငံအတွင်းက နှင်ထုတ်ခဲ့ပါတယ်။

သူ့ရဲ့နောက်မှာ အတိုက်အခံပြိုင်ဘက်နှစ်ယောက်ရှိနေတယ်ဆိုပေမယ့် သူ့အနေနဲ့ ရွေးကောက်ပွဲမှာ လွယ်လွယ်ကူကူပဲ အနိုင်ရဖို့ ယုံကြည်ချက်ရှိတယ်လို့ ပြောပါတယ်။ မြို့တော်ကင်ဆာရှာမှာရှိတဲ့ မဲတွေကို ရေတွက်ပြီးချိန်မှာတော့ ကျွန်တော်ကတော့ အနိုင်ရမှာ သေချာတယ်လို့ အီမန်နျူရယ် ရာမာဇာနီရှက်ဒရီက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

တိုင်းပြည်တစ်ဝန်းလုံးနဲ့ ယှဉ်ရင်တော့ သူ့ရဲ့ နာမည်ကျော်ကြားမှုဟာ သိပ်မရှိပေမယ့် ရုပ်သံကနေ မဲဆွယ်တဲ့အခါ သူဟာအကောင်းဆုံးအသုံးချသွားနိုင်တာကို တွေ့ရပါတယ်။

**အတိုက်အခံခေါင်းဆောင် မဲနိုင်မှုပြတ်သား**

ရွေးကောက်ပွဲမတိုင်မီ လူထုဆန္ဒခံယူကြည့်တဲ့ မဲရလဒ်အရတော့ အဓိကအတိုက်အခံခေါင်းဆောင် မာတင်ဖေရူလူကူက မစ္စတာရှက်ဒရီကို အပြတ်အသတ်အနိုင်ရနေတာကို တွေ့ရပါတယ်။ အခုအချိန်ဟာ မစ္စတာကာဘီလာအတွက် နှုတ်ဆက်ထွက်ခွာရမယ့် အချိန်ပါပဲ။

ပြီးတော့ပြောင်းလဲမှုတွေ စတင်ရမယ့်အချိန်လည်း ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ကွန်ဂိုပြည်သူတွေဟာ မစ္စတာကာဘီလာရဲ့လက်အောက်မှာ ၁၈နှစ်ကြာဒုက္ခတွေ ခံစားခဲ့ရပြီးပါပြီလို့ မစ္စတာမာတင်ဖေရူလူက သတင်းထောက်တွေကို ပြောပါတယ်။

**နာရီများစွာစောင့်ဆိုင်းမဲပေးခဲ့**

ကွန်ဂိုပြည်သူ အများစုကတော့ အခုရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူး၊ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ယူဆကြပေမယ့် မဲပေးဖို့အတွက်တော့ မိုးအဆက်မပြတ် ရွာသွန်းနေတာကို အန်တုရင်း မဲရုံရှေ့မှာ နာရီပေါင်းများစွာစောင့်ဆိုင်းကာ မဲပေးခဲ့ကြပါတယ်။

ဒါကလည်း တိုင်းပြည်အတွင်းမှာ ခေါင်းဆောင်ပိုင်း ပြောင်းလဲလိုတဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒကြောင့်လို့လည်း ပြောလို့ရပါတယ်။

မဲပေးခွင့်မရတဲ့ ဘန်နီဒေသမှာဆိုရင် လူတွေဟာ ဆန္ဒပြတဲ့အနေနဲ့ သူတို့ရဲ့မဲတွေကို ထည့်သွင်းရေတွက်မှာ မဟုတ်မှန်း သိသိကြီးနဲ့ မဲပေးနေကြတာကို တွေ့ရပါတယ်။ ပြီးတော့မဲပေးဖို့ဟာ ကျွန်တော်တို့ရဲ့ အခွင့်အရေး ဒါကိုဘယ်သူမှ လာတားဆီးလို့ မရဘူးဆိုပြီး ကြွေးကြော်ခဲ့ကြပါတယ်။

**မဲပေးခွင့်မရ**

အီဘိုလာရောဂါကို ရမယ်ရှာပြီး မဲပေးခွင့်ပိတ်ခဲ့တဲ့အတွက် မကျေမနပ်ပေါက်ကွဲခဲ့ကြတာလည်း ဖြစ်ပါတယ်။ မြို့တော်ကင်ဆာရှာက မဲရုံတစ်ခုမှာတော့ ဂျိုနာ့စ်ဆိုသူဟာ မဲစာရင်းမှာ သူ့နာမည်ရှာမတွေ့တဲ့အတွက် မဲပေးခွင့်မရခဲ့ဘူးလို့ ပြောပါတယ်။

ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပဲ၊ ပြီးတော့ စီမံခန့်ခွဲမှုကလည်း ညံ့လိုက်တာလို့ သူက မကျေမနပ်ပြောပါတယ်။

သမ္မတအသစ်ဟာ ဇန်နဝါရီလလယ်ပိုင်းလောက်မှာ ကျမ်းသစ္စာကျိန်ဆိုမှာပဲ ဖြစ်ပါတယ်။

လက်ရှိသမ္မတဟာ ၂၀၀၁ ခုနှစ် သူ့ဖခင် လုပ်ကြံခံရပြီးနောက် သမ္မတနေရာဆက်ခံခဲ့တာ ယခုအချိန်အထိပဲ ဖြစ်ပါတယ်။

သူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် နောက်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ပြန်ပြီးရွေးကောက်ခံလို့ မရတော့ပါဘူး။

အကြမ်းဖက်မှုတွေပေါ်ပေါက်လာတဲ့အခါမှာတော့ မစ္စတာကာဘီလာဟာ အာဏာကို မစွန့်လွှတ်ချင်လို့ ဆက်လက်တွယ်ဖက်ထားဖို့ ကြံစည်တာလားဆိုပြီး အတိုက်အခံတွေက စွပ်စွဲကြပါတယ်။

**လွတ်လပ်ပြီးမျှတမှုရှိ**

ဒါပေမယ့်လည်း သမ္မတကတော့ လက်ရှိ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး မျှတမှုရှိတယ်လို့ ကြေညာခဲ့ပါတယ်။

ကွန်ဂိုကျေးလက်ဒေသမှာတော့ ဒီရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူးလို့ ယုံကြည်နေကြဆဲပါ။ ဒါပေမယ့်လည်း သူတို့ဟာ ရွေးကောက်ပွဲကို လက်မလျှော့ခဲ့ကြပါဘူး။

အခုရွေးကောက်ပွဲဟာ နိုင်ငံကို ၁၇ နှစ်ကျော် ၁၈ နှစ်နီးပါးအုပ်စိုးခဲ့တဲ့ မစ္စတာ ကာဘီလာရဲ့ လက်အောက်က လွတ်မြောက်မယ့် အခွင့်အရေးတစ်ရပ်လို့ ယူဆခဲ့ကြပါတယ်။ ရွေးကောက်ပွဲရလဒ်ကိုတော့ ဒီတစ်ပတ်အတွင်း အဖြေသိမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - ဘီဘီစီ၊ နယူးယောက်တိုင်းမ်**





# ရှေးဟောင်းသမိုင်းဝင် ကျော်ဇော်ရှင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ မြင်းကုန်းတောရကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ကျော်ဇော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါစေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းမှ ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူ့ရှင်မိသားစုများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့ အဖွဲ့ဝင်များနှင့် လူမှုအသင်းအဖွဲ့အစည်းများ၊ ဒေသခံရပ်မိရပ်ဖပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် အလှူ့ရှင်မိသားစုများက ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ငှက်မြတ်နားတော်၊ ရွှေဟင်္သာ၊ ဆပ်သွားဖူးတော်၊ ကြာအုပ်တို့နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဘုရားဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို မင်္ဂလာရထားပျံဖြင့် စေတီတော်မြတ်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျိုက်မရောတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၁**

ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ကျိုက်မရောမြို့နယ် ကော့ဒွန်းကော့ပနော‌ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်က အဆိုပါမီးလင်းရေး မဏ္ဍပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံက တောရောမြို့ပါမကျန် လျှပ်စစ်မီးရရှိရေးအတွက် အစွမ်းကုန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးလင်းရေးသည်လည်း အဓိကကျကြောင်း၊ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမှာဖြစ်ကြောင်း၊ ယခု ကိုယ့်အားကိုယ်ကိုး မီးလင်းရေးသည် ကျေးရွာပေါင်း ၁၀၀၀ ခန့်ကို မီးလင်းလာနိုင်ပြီဖြစ်ပြီး သိန်းပေါင်း ၆၀၀၀ အကုန်အကျခံကာ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်၍ အလွန်ဝမ်းသာ ဂုဏ်ယူစရာဖြစ်ကြောင်း ပြောကြားသည်။

ယင်းအခမ်းအနားသို့ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော )**

# မိုင်းတုံမြို့ ပန်ကျိုင်းကျေးရွာအား သစ်တောကြိုးဝိုင်းမြေမှ ပယ်ဖျက်ခွင့်ရရှိရေး ဆွေးနွေး



**မိုင်းဆတ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် နမ့်ဆိုင်သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်လျက်ရှိသော ပန်ကျိုင်းကျေးရွာကို သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိရေး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က သစ်တောများထိန်းသိမ်းထားရှိမှုနှင့် နမ့်ဆိုင်ကြိုးဝိုင်းအတွင်း ပန်ကျိုင်းကျေးရွာ ကျူးကျော်နေထိုင်သည့် သစ်တောမြေ ၂၉၄ ဧကအနက် ၂၁၄ ဧကကို ပယ်ဖျက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် မြေနေရာချထားပေးမည့်အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အရှေ့ပိုင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးတင့်က နမ့်ဆိုင် သစ်တောကြိုးဝိုင်းကို ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းထားရှိမှု၊ ပန်ကျိုင်းကျေးရွာမှ ၂၀၁၅ခုနှစ် ဧပြီ ၁ ရက်တွင် ကျူးကျော်ပြီး အိမ်ခြေ ၂၅၆ အိမ်၊ လူဦးရေ ၁၁၂၈ ဦး ရောက်ရှိနေထိုင်သည့်အခြေအနေများကို ရှင်းလင်း တင်ပြပြီး ပန်ကျိုင်းကျေးရွာမှ ဦးဝင်းရွှေက ပြန့်ကျဲနေသော တောင်ပေါ်ကျေးရွာ ၂၆ရွာ စုပေါင်းပြီး နမ့်ဆိုင်သစ်တောကြိုးဝိုင်းအတွင်း ရောက်ရှိလာသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘက်စုံ အီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်နည်း လက်တွေ့ပြသ

**သီပေါ ဇန်နဝါရီ ၁**

စိုက်ပျိုးရေးဆိုင်ရာနည်းပညာ အလေ့အကျင့်ကောင်းများရရှိပြီး လယ်ယာထွက်ကုန်များ ပိုမိုအထွက်ကောင်းရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ တိုးတက်လာစေရေးကို ရည်ရွယ်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ ဒီဇင်ဘာလနောက်ဆုံးပတ်က မိုင်းကင်းကျေးရွာ ဘက်စုံ အဆင့်မြင့်နည်းပညာပေးစံပြရွာမှ လယ်မြေတွင် တောင်သူလယ်သမားများအား အသိပညာပေး လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက ဘက်စုံအဆင့်မြင့်နည်းပညာပေးစံပြရွာ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပညာပေးဆွေးနွေးပြီး အီးအမ်ဘိုကာရှိမြေဆွေးပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## အင်းတော်မြို့ရှိ မြေအောက်ဆေးရုံပြန်လည်တူးဖော်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြလုပ်ဆောင်သွားမည်

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ရှိ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားများကို ကုသပေးသော မြေအောက်ဆေးရုံတူးဖော်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရသို့တင်ပြပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

"ဂျပန်မြေအောက်ဆေးရုံရှိသလို ကသာမြို့နယ်ထဲမှာ ဂျပန်လေယာဉ်ကွင်းဟောင်းရှိတယ်။ လေယာဉ်ကွင်းကြီးက လမ်းတော့ရှိပြီး ချိုင့်ကြီးတွေ တူးထားတယ်။ ဒီနေရာကလည်း မြေအောက်ဆေးရုံရှိတယ်ပြောတော့ ရှာကြစမ်းဆိုပြီးပြောထားတယ်။ ဒါကို သေသေချာချာ ပြန်လည်တူးဖော် လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ပြည်ထောင်စု အစိုးရအထိကို တင်ပြဦးမယ်။ တိုင်းဒေသကြီးဘတ်ဂျက်နဲ့လည်း ဘယ်လောက်ရနိုင်မှာလဲ။ ဂျပန်က ကျွမ်းကျင်ပညာရှင်တွေနဲ့ မေးမြန်းပြီးတူးဖော်ရေးလုပ်ငန်းတွေကို ဆက်လုပ်မယ် "ဟု ၎င်းက ပြောသည်။



တူးဖော်ဆောင်ရွက်နေသည့် မြေအောက်ဆေးရုံလုပ်ကွက်ကို တွေ့ရစဉ်။

မြေအောက်ဆေးရုံသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း တည်ရှိခဲ့သည့် အင်းတော်မြို့၏ သမိုင်းဝင်နေရာတစ်ခုဖြစ်ပြီး ပြန်လည်တူးဖော်ထားရှိပါက ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေမည်ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ တိုင်ပင်ပြီး ကြက်ခြေနီ၊ မီးသတ်စသည့် လူငယ် ၁၅ ဦးဖြင့် တူးဖော်ရေးလုပ်ငန်းကို ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လောလောဆယ်တော့ ဂျပန်မြေအောက် ဆေးရုံကြီး တစ်ခုရှိနေတယ်ဆိုတဲ့ သက်သေပြဖို့မြေအောက်ဆေးရုံအဝင်ဝလောက်ပဲ တူးဖော်နိုင်သေးတယ်၊ နှစ်ပေါင်း ၈၀ လောက်ကြာခဲ့ပြီဆိုတော့ အဝတွေက တချို့ဆို ဒူးဆစ်လောက်ပဲရှိတော့တယ်။ ပကတိနေရာ ဖြစ်အောင်လို့ တကယ်ရှိခဲ့တယ်ဆိုတာကို မြင်တာနဲ့သိအောင်လို့ တူးဖော်ထားတယ်။ ဆက်ပြီးတူးမယ် ဆိုရင်လည်း ကုန်ကျစရိတ်တွေများတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားတယ်။ သူတို့ဆီကဘာတွေ ဆက်လုပ်ပေးမလဲဆိုတာကို စောင့်နေတယ်"ဟု ယင်းမြေအောက်ဆေးရုံကို စတင်တူးဖော်ရေး အဖွဲ့ခေါင်းဆောင်ဖြစ်သူ အင်းတော်မြို့နယ် ကြာအင်းကျေးရွာမှ ဦးဝင်းကိုက ပြောသည်။

ဂျပန်မြေအောက်ဆေးရုံ တူးဖော်ရေးလုပ်ငန်းများကို ယခုအခါရပ်နားထားပြီး တူးဖော်ရေးလုပ်ဆောင်ချိန်က ရှာဖွေတွေ့ရှိထားသော စစ်ကျန်လက်နက်အဟောင်းများ၊ ဗုံးသီး၊ ကျည်ဆန်၊ လက်ပစ်ဗုံး၊ စစ်အသုံးအဆောင်ပစ္စည်းများဖြစ်သော စစ်ဦးထုပ်၊ ရေဘူး၊ ကြွေကရား၊ ဆေးပုလင်းကွဲအဟောင်းများကို လာရောက်ကြည့်ရှုသူများ အလွယ်တကူ လေ့လာနိုင်ရန် ခင်းကျင်းပြသပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**




နမ့်ခမ်းမြို့နယ်အတွင်းရှိ တောင်သူများအား အသိပညာပေးဆွေးနွေးပွဲနှင့် ဘက်စုံအဆင့်မြင့် စံပြကျေးရွာစံပြကွက်များအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာလ စတုတ္ထပတ်က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တောင်သူများအား ထောက်ပံ့ပေးအပ်စဉ်။ မောင်ကျော်ကြီး

# မြန်မာ-ထိုင်း နှစ်နိုင်ငံမှသံဃာတော်များအား ဆွမ်းလောင်းလှူပွဲ ထိုင်းနိုင်ငံ၌ကျင်းပ

**မြိတ် ဇန်နဝါရီ ၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံမှ သံဃာတော်များအား ပင့်ဖိတ်ကာ ဆွမ်းခြောက်လောင်းလှူပူဇော်ပွဲကို ၂၀၁၉ နှစ်သစ်ကူးသည့် ဇန်နဝါရီ ၁ ရက် နံနက်က မြန်မာ-ထိုင်းနယ်စပ်ဖြစ်သည့် ထိုင်းနိုင်ငံ ပရာကျွတ်ခရိုင် စိန်ခွန်းရွာ၌ ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံမှ ပင့်ဖိတ်လာမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တလာသန(လှည်းဘီးကျောင်းတိုက်)နှင့် တနင်္သာရီတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တနာရဒ (မော်တောင်ကျောင်းတိုက်) ဆရာတော်တို့ ဦးဆောင်သည့် သံဃာတော်အပါး ၁၀၀ က မော်တော်ယာဉ်များဖြင့် ဆွမ်းလောင်းပွဲသို့ ကြွရောက်ချီးမြှင့်ကာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ တပည့် ဒါယကာ ဒါယိကာမများက အတူလိုက်ပါ၍ ဆွမ်းလောင်းလှူခဲ့ကြသည်။

ဆွမ်းလောင်းပွဲကျင်းပသည့်ရွာသည် နှစ်နိုင်ငံနယ်စပ်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံအတွင်းမှ ဆွမ်းလောင်းပြည်သူများ၊ မြန်မာနိုင်ငံဘက်မှ လိုက်ပါဆွမ်းလောင်းသည့် ဒါယကာ ဒါယိကာမများဖြင့် အထူးစည်ကားခဲ့သည်။ အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းခြောက်လောင်းလှူပွဲကို ယခင်က မြိတ်မြို့တွင် နှစ်ကြိမ် ကျင်းပခဲ့ဖူးပြီး ယခုတစ်ကြိမ်တွင် ထိုင်းနိုင်ငံဘက်ခြမ်း၌ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ဆွမ်းလောင်းပွဲသို့ ကြွရောက်ချီးမြှင့်သည့် မြန်မာနိုင်ငံမှ သံဃာတော်များမှာ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မြန်မာနိုင်ငံဘက်သို့ ပြန်ကြွခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# ကျောက်မြောင်းမြို့နယ် ရွှေကျွန်းသာအပန်းဖြေစခန်း စတင်ဖွင့်လှစ်

**ကျောက်မြောင်း ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ် ဆယ်ပင်ကျွန်းကျေးရွာအတွင်းရှိ ဧရာဝတီမြစ်လယ် ကျွန်းပေါ်၌ ပြုလုပ်ထားသည့် ရွှေကျွန်းသာ အပန်းဖြေစခန်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ဖွင့်ပွဲအခမ်းအနားကျင်းပ၍ စည်ကားသိုက်မြိုက်စွာ စတင်ဖွင့်လှစ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားဖွံ့ဖြိုးရေးကော်မတီမှ သိရသည်။



ရွှေကျွန်းသာ အပန်းဖြေစခန်း ဖွင့်ပွဲတွင် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်ပြီး ဆွမ်းကပ်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ လာရောက်သည့် ဧည့်ပရိသတ်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေခြင်းနှင့် အကျွေးအမွေးဖြင့်ဧည့်ခံခြင်း စသည့် အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။

ရွှေကျွန်းသာ အပန်းဖြေစခန်း စတင်ဖွင့်လှစ်သည့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် လာရောက်လည်ပတ်သည့်သူများအား စတင်၍ ဝင်ကြေးအနေဖြင့် ကျပ် ၁၀၀၀ ကောက်ခံကြောင်းနှင့် နှစ်သစ်ကူးကိုကြိုဆိုရန် လာရောက်သူများကိုမူ ဝင်ကြေး၊ လူတစ်ဦး အသွားအပြန် ကူးတို့ခ၊ သောင်ပြင်ထမင်းနှင့် သောင်ပြင်ဟင်းအဖြစ် ငါးမာလာနှင့် အရန်ဟင်းသုံးမျိုး၊ ဝိုင်၊ ဒေသထွက် ခေါင်ရည်၊ ငါးကင်တို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေခြင်း စသည်တို့ အပါအဝင် ကျပ် ၈၀၀၀ ကောက်ခံကြောင်း၊ နှစ်သစ်ကူးသည့်အချိန်တွင် ဧရာဝတီမြစ်လယ် ကျွန်းပေါ်၌ ပျော်ပျော်ရွှင်ရွှင် နှစ်သစ်ကိုကြိုဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဦးမင်းထင်က ပြောသည်။

ရွှေကျွန်းသာ အပန်းဖြေစခန်း၌ သဘာဝ သဲသောင်ပြင်ပေါ်တွင် ဒေသခံပညာရှင်များ ပြုလုပ်ဖန်တီးထားသည့် သဲပန်းပုများနှင့်အတူ ရေပေါ်စက်ဘီး၊ မြင်းစီး စသည့် အပျော် အပန်းဖြေစရာ အစီအစဉ်များစွာကို စီစဉ်ဆောင်ရွက်ထားပြီး ထပ်မံ၍လည်း အပန်းဖြေစရာများ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ ဝန်ဆောင်မှုသဘောတရားများ ဖြန့်ဝေပေးရန်၊ စိုက်ပျိုးမြေအဖြစ်သုံးမရသည့် သဲသောင်ပြင်ကို အများပြည်သူပျော်ရွှင်စေသည့်နေရာ ဖြစ်လာစေရန်၊ တံငါလုပ်ငန်းအစားထိုး ဝင်ငွေရရှိရေးလုပ်ငန်းအဖြစ် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပါဝင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အပန်းဖြေစခန်းကို သောင်ပြင်ပေါ်နေသမျှအချိန်အထိ ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး ရေရှည်တွင် ရရှိသည့် အကျိုးအမြတ်များကို သောင်ပြင်နှင့်ဆက်စပ်နေသည့် ကျေးရွာများမှ လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။


ရွှေကျွန်းသာအပန်းဖြေစခန်းကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့အကြား ဧရာဝတီမြစ်လယ်မှ ကျွန်းပေါ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်၍ စဉ့်ကူးမြို့မှ ကူးတို့မော်တော်ဖြင့် သွားနိုင်သလို ကျောက်မြောင်းမြို့မှလည်း ကူးတို့မော်တော်ဖြင့် သွားရောက်နိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီး၏ အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းထားပြီး ပြတိုက်တစ်ခုဖွင့်လှစ်နိုင်ရေး လုပ်ဆောင်လျက်ရှိ

**ဗန်းမောက် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စက်တောကုန်းရိုးကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်၌ မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီး စကြာဒေဝီတို့ လှူဒါန်းထားသော နန်းတွင်း အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းထားကာ ပြတိုက်တစ်ခုဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ပြတိုက်ဖြစ်မြောက်ရေးကော်မတီနာယက၏ ပြောကြားချက်အရ သိရသည်။



ကျောင်းတိုက်အတွင်း သိမ်းဆည်းထားသော ရှေးဟောင်းပစ္စည်းများကို တွေ့ရစဉ်။

"ပြတိုက်ဖြစ်မြောက်ရေးကို ဆရာတော်ရဲ့ သားတပည့် လူငယ်တွေက ကော်မတီဖွဲ့ပြီး လုပ်ထားတယ်၊ အခုလက်ရှိလူတွေနဲ့ နောင်လာနောက်သားတွေ သိရှိမြင်တွေ့ခွင့်ရအောင် ပြခန်းစီစဉ်ဖို့ ဆရာတော်ကို လျှောက်လိုက်တယ်၊ သုတေသနအဖွဲ့ကလည်း ဒီမှာမဖြစ်နိုင်ဘူးဆိုရင် သူတို့ကိုလှူပါလို့ အလှူခံတယ်၊ ဒီမှာပဲ ပြတိုက်တစ်ခုဖွင့်လှစ်ထားရှိဖို့ သဘောတူကြတာနဲ့ ကျေးရွာက ပြည်သူတွေနဲ့တိုင်ပင်ပြီး ဆရာတော်ဆီမှာ ခွင့်တောင်းပြီး ပြတိုက်ဆောက်ဖို့ လုပ်ခဲ့တယ်၊ ကျေးရွာရဲ့ စီးပွားရေးအခြေအနေကြောင့် မတတ်နိုင်လို့ အလှူခံပြီး လုပ်နေတယ်၊ ပစ္စည်းတွေကိုတော့ စက်တောကုန်းရိုးကြီးရွာက မဟာဂန္ဓာရုံကျောင်းတိုက်မှာ ထိန်းသိမ်းထားတယ်" ဟု ပြတိုက်ဖြစ်မြောက်ရေးကော်မတီနာယက ဦးမောင်သောင်းက ပြောကြားသည်။

အဆိုပါကျောင်းတိုက်တွင် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီး စကြာဒေဝီတို့ လှူဒါန်းထားသော ကျောက်စီ မလ္လိကတန်ဆာ၊ ထီးဖြူနှစ်လက်၊ ထီးရိုးတစ်ခု၊ ရွှေရေးစာတိုက်၊ ရွှေရေးပိဋကတ်တော်တိုက်များ၊ တစ်ကြောင်း စာချွန်တော်များ၊ ပေစာများ၊ မင်းတုန်းမင်းကြီး လှူဒါန်းထားသော ကြွေထွေးခံခွက်နှစ်ခု၊ တိုးနယားရုပ်တု တစ်ခု၊ ဒေါင်းပုံစံရေးဆွဲထားသော လိုက်ကာတစ်ခုနှင့် ဆင်စွယ်များပါသည့် သစ်သားဗီရိုနှစ်လုံးတို့ အပါအဝင် အခြားပစ္စည်းများကို ထိန်းသိမ်းထားကြောင်း ကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၅ | ကျပ် | ၉၀၅/၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၅ | ကျပ် | ၉၂၀/၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၄၀ | ကျပ် | ၇၆၀/၇၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၆၀/၈၁၀ | ကျပ် | ၈၄၀/၈၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၃ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၀ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၁ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ ・ ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၈ ・ ၃၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၂ ・ ၃၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၆၅၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီခွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## အကယ်ဒမီရန်အောင် ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သွားမည်

အကယ်ဒမီရန်အောင်သည် ၂၀၁၉ ခုနှစ်တွင် ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးကို လုပ်ကိုင်သွားမည်ဖြစ်ပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်မည့် ရုပ်ရှင်ဇာတ်ကားများကိုလည်း ရိုက်ကူးရန်ရှိကြောင်းနှင့် ပွဲဦးထွက်အဖြစ် ပရိသတ်များအတွက် ပျော်ရွှင်ဖွယ်ပုံစံမျိုးနှင့်သာ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။



"ဒရာမာပုံစံလေးတွေလည်း ကျွန်တော်ထုတ်လုပ်သွားဖို့တော့ရှိပါတယ်။ ဒါပေမယ့် ဇာတ်ကားကောင်းရဖို့အတွက်ဆို အများကြီးကြိုးစားလုပ်ဆောင်သွားရမှာပါ။ အရိုက်ချင်ဆုံးကတော့ မိဘမေတ္တာဘွဲ့ဇာတ်လမ်းတွေ ပိုပြီးရိုက်ချင်တယ်။ ညီအစ်ကိုမောင်နှမ ဇာတ်မျိုးဒါတွေက ဘယ်တော့မှမရိုးဘူးလို့ထင်တယ်။ ၅၂၈ မေတ္တာကိုညွှန်းတဲ့ ဇာတ်တွေဆိုတာ အပြင်က လက်တွေ့ဘဝတွေမှာ အများကြီး ဖြတ်သန်းနေရတာလေ။ အဲဒါကြောင့် ကျွန်တော် ရိုက်ချင်ပါသေးတယ်။ ဇာတ်လမ်းအတွက် ဝတ္ထုရှာပြန်ရင်လည်း တော်တော်များများက သူများဝယ်ပြီးတာများတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်တိုင် ဇာတ်လမ်းရှာ၊ ဇာတ်ညွှန်းရေးပြီး ရိုက်ရတော့မှာပေါ့။

"အချို့ဝတ္ထုတွေက ဘဘဦးသုခ ပြောသလိုပေါ့။ သိပ်နာမည်ကြီးတဲ့ဝတ္ထုတွေ သူမရိုက်ဘူးတဲ့။ ဘာလို့လဲဆို တာဝန်ကြီးလို့ပါတဲ့။ သူက ဝတ္ထုတိုလေးတွေလောက်သာ သူရိုက်ဖြစ်တယ်ဆိုပြီး ပြောဖူးတယ်။ နာမည်ကြီး ဝတ္ထုတွေက စာအဖြစ် ဖတ်လို့ကောင်းပေမယ့် ဇာတ်လမ်းအဖြစ်ပုံဖော်ရင် တာဝန်ကြီးတယ်လို့ ပြောဖူးပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ရိုက်မယ်ဆိုရင် ကိုယ်တာဝန်ယူနိုင်ပြီး အကောင်းဆုံး ဖန်တီးနိုင်မယ်ဆိုမှပဲ လုပ်မယ်လို့ စဉ်းစားထားတယ်။ စာကတော့ ရေးထားတာ တစ်ကြောင်းတည်း၊ အဲဒီတစ်ကြောင်းကိုပဲ ၃၊ ၄ ရက်လောက် ရိုက်ရတာမျိုးတွေ ကိုယ်တိုင်လည်းကြုံဖူးခဲ့ပါတယ်" ဟု ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် ဇာတ်လမ်းများနှင့်ပတ်သက်၍ ရန်အောင်က ပြောသည်။

ကျင်းပပြီးစီးခဲ့သည့် Myanmar Idol Season 3 တွင် ဒိုင်တစ်ဦးလည်းဖြစ်ခဲ့သူ အကယ်ဒမီရန်အောင်အနေဖြင့် ဒိုင်တစ်ယောက်၏ ဆုံးဖြတ်ချက်များ၊ မှတ်ချက်ပေးမှုများအပေါ် ပရိသတ်က ကျေနပ်အားရမှုနည်းခဲ့သည့်အကြောင်းနှင့်ပတ်သက်၍လည်း ယခုလို ရှင်းပြခဲ့သည်။

"ပြောနေတာတော့ ကြားပါတယ်။ ဒါပေမယ့် ကျွန်တော်က ဒိုင်တစ်ယောက်ထက် အကြံပေးတစ်ယောက်အဖြစ်နဲ့ဆို ပိုမှန်ပါတယ်။ ကျွန်တော် မှတ်ချက်ပေးတာနဲ့ ပတ်သက်ပြီး ပရိသတ်အားရကျေနပ်မှု နည်းတယ်ပေါ့။ ကျွန်တော်က ကြားနေတဲ့သူဖြစ်နေတော့ ဝေဖန်မှုတွေကို ကျွန်တော့်ထက်ပိုပြီး ဂီတဘက်မှာ ဆရာကျတဲ့သူတွေ ရှိတယ်လေ။ သူတို့ကပဲ အများဆုံး ဆုံးဖြတ်ပေးကြတာကို။ ကျွန်တော်က သရုပ်ဆောင်ဘက်က လာတဲ့သူဆိုတော့ ဂီတပိုင်းမှာ သူတို့လောက် မကျွမ်းကျင်တာမို့ပါ။ ပရိသတ်မုန်းသွားမှာစိုးတာမျိုးတို့၊ ချစ်အောင်တမင်လုပ်တာမျိုးတို့တော့ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

**ကိုလင်း**

## ဇယ်လင်တိုင်းအမီ ပိုပိုအချစ်သီချင်းတစ်ပုဒ် ထုတ်ဝေမည်

အလွမ်းအဆွေးသီချင်းများကို သီဆိုမှုများသည့် အဆိုတော် ပိုပိုအနေဖြင့် လာမည့် ဗယ်လင်တိုင်းအမီ အချစ်သီချင်းတစ်ပုဒ်ကို အွန်လိုင်းမှတစ်ဆင့် ပရိသတ်ထံ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်သစ်တွင် လုပ်ဆောင်သွားမည့် ဂီတလုပ်ငန်းများနှင့် အနုပညာဖန်တီးမှုများနှင့်ပတ်သက်၍လည်း ပိုပိုက ယခုလို ပြောပြသည်။

"ဗယ်လင်တိုင်းအမီ သီချင်းလေးတစ်ပုဒ်လောက်တော့ ပရိသတ်လက်ထဲ ထည့်ပေးမယ်။ အွန်လိုင်းကနေပေါ့။ အဲဒါတော့ စဉ်းစားထားတယ်။ ဗယ်လင်တိုင်းဆိုတော့ အမှတ်တရလေးပေါ့။ ပရိသတ်တွေကို အချစ်သီချင်း လုပ်ပေးချင်တယ်။ ပိုပိုက အချစ်သီချင်းတွေဘာတွေ ဆိုလေ့သိပ်မရှိဘူး။ ကိုယ်ရေးတဲ့သီချင်း တော်တော်များများက အလွမ်းသီချင်းများတယ်ဆိုတော့လေ။ အချစ်သီချင်းလေး တစ်ပုဒ်လောက်တော့ ဗယ်လင်တိုင်းမှာ ထွက်မယ်။ ပြီးတော့ သီချင်းတွေအများကြီးရေးမယ်။ နောက်ထပ်အခွေသစ်အတွက် လုပ်နေတယ်။ ပြီးတော့ ကိုယ်ပိုင်စတူဒီယိုလည်း အိမ်မှာ ဆောက်မယ်ပေါ့။ အဲဒီ ကိုယ်ပိုင်စတူဒီယို ဆောက်ပြီးသွားရင် အိမ်မှာ ပိုပြီးတော့ ကိုယ့်ဘာသာကိုယ် ဖန်တီးလို့ရတာပေါ့" ဟု ပိုပိုက ပြောသည်။ **ကိုလင်း**



## ဗီဒီယိုဈေးကွက် ပြန်လည်ဦးမော့စေချင်သည့် ခင်ဝင့်ဝါ

Miss Supranational 2014 ပြိုင်ပွဲ၌ ဖေ့ဘွတ်တွင် လိုက်ခ်အများဆုံးဆုကို ရရှိခဲ့ပြီး အလှမယ်ဘဝကနေ သရုပ်ဆောင်အဖြစ် ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ကာ သရုပ်ဆောင်ပိုင်းမှာပါ အချိန်တိုအတွင်း နေရာတစ်နေရာ ရရှိလာခဲ့သည့် ခင်ဝင့်ဝါက လက်ရှိဗီဒီယိုဈေးကွက်အပေါ် သူ၏သုံးသပ်ချက်တွေကို ယခုလို ဆိုလာသည်။

"ဗီဒီယိုများများရိုက်မှ နယ်ကပရိသတ်တွေက ပိုပြီးတော့ကြည့်တာလေ။ အခုကတော့သိတဲ့အတိုင်း ဗီဒီယိုဈေးကွက်ကလည်း ပျက်နေတာ။ ညီမကတော့ ဗီဒီယိုတွေ ပြန်ရိုက်မယ်ဆို ပြန်ရိုက်ချင်ပါတယ်။ ရိုက်မယ်ဆိုရင်လည်း ကိုယ့်ကိုလုပ်ကွက်ပေးမယ့်၊ ကိုယ့်အတွက်လည်း ဇာတ်ရုပ်ကောင်းတစ်ခုဖြစ်မယ့်၊ ပရိသတ်လည်း ကြိုက်နှစ်သက်မယ့် ဇာတ်လမ်းကောင်းလေးတွေ ရိုက်ချင်ပါတယ်။ ၂၀၁၈ ကုန်တော့မယ့် အချိန်မှာ ပြန်ပြီးကြည့်ဖြစ်တော့ တစ်နှစ်ထက် တစ်နှစ်ပိုပြီး ရင့်ကျက်စေမယ့်သင်ခန်းစာ တွေရတယ်။ အလုပ်ကနေရရှိတဲ့ သင်ခန်းစာတွေပေါ့။ ကိုယ့်ကိုယ်ကိုယ် ပိုပြီး ရင့်ကျက်လာအောင်၊ ကိုယ့်ကိုယ်ကိုယ် ပိုပြီးသန်မာလာအောင် ကြိုးစားဖို့လိုတယ်လို့ ထင်ပါတယ်။ ညီမကပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောတတ်တယ်။ အခုနောက်ပိုင်းတော့ ဒီလောကမှာ ရောက်လာတာလည်းကြာလာတော့ ရရှိတဲ့သင်ခန်းစာရယ်၊ အသက်အပိုင်းအခြားအရ အသိလေးတွေ ရင့်ကျက်လာတာရယ်ကြောင့် တစ်ယောက်တည်းနေတတ်လာပြီး တစ်ယောက်တည်း အလုပ်လုပ်တတ်လာတယ်။ ညီမကတော့ 'စေတနာကောင်းရင် ကံကောင်းမယ်' ဆိုတဲ့စကားကို လက်ကိုင်ထားတယ်။ ညီမစေတနာ ကောင်းကောင်းထားတယ်။ လူတစ်ယောက်အခက်အခဲဖြစ်ရင် ကူညီတယ်။ အဲဒါကို တချို့တွေက အရောင်ဆိုးချင်ကြတဲ့သူတွေရှိတယ်။ ဒါတွေကို ညီမ အပြစ်မတင်ဘူး။ ညီမလမ်း ညီမလျှောက်တယ်။ အကောင်းဆုံးကြိုးစားသွားမယ်။ ဝေဖန်တဲ့သူရှိတယ်၊ တိုက်ခိုက်တဲ့သူရှိတယ်၊ ချစ်ပေးတဲ့သူတွေရှိတယ်။ ကိုယ့်ဘဝ နေထိုင်မှုပုံစံနဲ့ကိုယ် ရှေ့ဆက်သွားမှာပါ။ ညီမလုပ်ချင်တဲ့ အနုပညာအလုပ်တွေကို




အကောင်းဆုံးလုပ်ရင်း ပေါ့ပေါ့ပါးပါး ဖြတ်သန်းသွားမှာပါ" ဟု ပြောသည်။

**ကိုလင်း**

## သုံးနှစ်ကျော်ကြာ ကြိုးစားခဲ့သည့် အုပ်စိုးခန့်၏ "The Number One" Audio CD တေးစီးရီး



"The Number One" Audio CD ထွက်ရှိခြင်းစာနယ်ဇင်းမိတ်ဆက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက Sakura Tower (Sky Bistro) တွင် ကျင်းပခဲ့သည်။

အဆိုပါတေးစီးရီးနှင့်ပတ်သက်ပြီး "ကျွန်တော် ဒီအခွေကို သုံးနှစ်ကျော် ကြိုးစားထားပါတယ်။ ငွေ၊ အချိန်၊ လူ အကုန်ပင်ပန်းခံပြီး လုပ်ထား၊ ရင်းထားတာတွေများပါတယ်။ နားဆင်ပြီး အားပေးပါ။ ဝေဖန်အကြံပြုပေးပါ။ ကျွန်တော်ရဲ့အခွေကို The Sun ကနေ ဇန်နဝါရီ ၆ ရက်မှာ ဖြန့်ချိမှာဖြစ်ပါတယ်။ ကျွန်တော်အခွေထဲမှာ Featuring အဆိုက YUNG HUGO၊ မိုးထက် (B+)၊ တေးရေး - Raymond (Idiots)၊ ကောင်းဇော်၊ သော်မိုးစက်၊ မိုးထက်တို့က ဆိုပေးထားပါတယ်။ ကိုယ်တိုင်ရေးထားတဲ့ သီချင်းလေးပုဒ်ပါပါတယ်။ အချစ်အကြောင်းအရာတွေအများဆုံး ပါပါတယ်။ ကျွန်တော့်ရဲ့ သီချင်းခွေဖြန့်တဲ့နေ့မှာ Junction Squre မှာ ရှိုးပွဲတစ်ခု လုပ်ပြီးတော့ ဖျော်ဖြေသွားမှာပါ။ ဒီအခွေထဲမှာ သီချင်း ၁၄ ပုဒ်ပါမယ်။ အခွေနာမည်ကို "The Number One" လို့ပေးဖြစ်တာကတော့ ကျွန်တော့်အသက် ၁၆ နှစ်၊ ၁၇ နှစ်မှာ ဘဝမှတ်တိုင်တစ်ခုပေါ့။ ပထမဆုံးထွက်တဲ့ အခွေမို့လို့ နံပါတ်ဝမ်းဆိုတဲ့ နာမည်လေးကို ပေးဖြစ်ခဲ့တာပါ။ ပြီးတော့ နိမိတ်လေးလည်း ကောင်းတာပေါ့ဗျာ။ ဒီအခွေလေးက တစ်ဖြစ်ရမယ်ပေါ့နော်" ဟု ဆိုသည်။

**ကိုလင်း**

## နယူးဇီးရိုးပန်းချီပြခန်း ၁၀ နှစ်မြောက် အထိမ်းအမှတ်ပန်းချီပြပွဲ ကျင်းပ

ပန်းချီလောက၏ နာမည်ကြီး ပန်းချီပြခန်း တစ်ခုဖြစ်သည့် "New Zero Art" ပန်းချီပြခန်း ၏ ၁၀ နှစ်ပြည့်မြောက်ခြင်း အထိမ်းအမှတ်အခမ်းအနား အမှတ်တရ ပန်းချီပြပွဲနှင့် အနုပညာဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီလ ၁၂ ရက်အထိ ပန်းချီပြခန်း တည်ရှိရာ အလံပြဘုရားလမ်းရှိ New Zero ပန်းချီခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ပြပွဲတွင် Divergence ဟု အမည်ပေးထားသည့် အလုပ်ရုံဆွေးနွေးပွဲကို အနုပညာရှင်အေးကိုက ဦးဆောင်ကာ ဒုတိယအကြိမ် မြောက်ထပ်မံပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပထမအကြိမ်မှာ အနုပညာရှင် ၁၂ ဦး ပါဝင်ပြသခဲ့ကြပါတယ်။ ဒုတိယအကြိမ်မှာ ၂၁ ဦး ပါဝင်ပြသခဲ့ကြပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် နှစ်စပိုင်းကနေ စတင်လုပ်ဆောင်ခဲ့ကြတာပါ။ တစ်ပတ်မှာ တစ်ကြိမ်ခန့် ရက်သတ်မှတ်ပြီး ပြုလုပ်ခဲ့တာပါ။ ဒီပွဲကို စိတ်ဝင်စားသူ လူငယ်အနုပညာရှင်တွေ လာရောက်ပြီး အပတ်စဉ် ကိုယ့်အနုပညာအကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ အခြားသော အနုပညာရှင်တွေကလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ ဒီလို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြတာမျိုးတွေ ရှိသလို ဝေဖန်အကြံပြုကြတာတွေလည်း ရှိပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ conceptual art လက်ရာတွေကို အယူအဆခိုင်ခိုင်မာမာနဲ့ တွေးခေါ်တတ်စေဖို့၊ ဖန်တီးတတ်စေဖို့ ရည်ရွယ်ပြီး အပြုသဘောဆောင်တဲ့ ဝေဖန်မှု အကြံပေးမှုတွေကို လက်ခံနိုင်စေဖို့လည်း ရည်ရွယ်ပါတယ်။ မတူကွဲပြားတဲ့ နောက်ခံဘဝတွေမှ ရရှိလာတဲ့ ခံစားချက် အတွေးအမြင်များကို အနုပညာအဖြစ် ပြန်လည်ဖန်တီးခြင်းနဲ့အတွေးအခေါ်နဲ့ ဆိုင်တဲ့ အနုပညာများကို ဖန်တီးဖြစ်ခဲ့ကြပါတယ်။ ဒီလိုဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ အတွေးတွေကို အမိအရ



မှတ်တမ်းတင်ပြီး conceptual art လက်ရာအဖြစ် ဖန်တီးခဲ့ကြပါတယ်။ ဒီလို လက်ရာတွေကို စုပေါင်းပြီး ပြပွဲတစ်ခုအဖြစ် နှစ်တစ်နှစ်ရဲ့နောက်ဆုံးလတွေမှာ ကျင်းပကြပါတယ်။ ဒီနှစ်ပြပွဲမှာတော့ ကိုယ်ပိုင်အတွေးအခေါ် အယူအဆ ၂၁ ခုကို ခင်းကျင်းပြသထားမှာလည်း ဖြစ်ပါတယ်" ဟု ပန်းချီဆရာ ဦးအေးကိုက ပြောသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### မဟတ်ရှ်ဘာဘူရဲ့ဇာတ်ကားသစ် ပိုစတာပြသ

ဝန်ကြီးချုပ်မင်းသားဆိုပြီး မြန်မာပရိသတ်တွေအသိများတဲ့ မင်းသား မဟက်ရှ် ဘာဘူရဲ့ နောက်ထပ်ထွက်ရှိမယ့် ဇာတ်ကားသစ်ကတော့ Maharshiဆိုတဲ့ ဇာတ်ကားပဲ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်မှာ ရုံတင်ပြသဖို့ ရက် သတ်မှတ်ထားပြီး လွန်ခဲ့တဲ့လအနည်းငယ်ကပဲ Maharshi ဇာတ်ကား အမြည်းပြသခဲ့ပါတယ်။

အဲဒီအခါမှာတော့ ပရိသတ်တွေအများကြီးရဲ့ ချီးကျူးမှုကိုရရှိခဲ့ပါတယ်။ အခုတစ်ဖန်နှစ်သစ်မှာလည်း ဒီဇာတ်ကားရဲ့ဒုတိယပိုစတာကိုပြသခဲ့ ပြီး အမြည်းအနေနဲ့ ပြသခဲ့ပါတယ်။ အခုပြသထားတဲ့ ပိုစတာမှာတော့ မင်းသားမဟတ်ရှ်ဘာဘူကို မိုးရွာထဲမှာ ထီးဆောင်းပြီးလမ်းလျှောက်နေတဲ့ပုံကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့ ပိုစတာနဲ့အတူ အားလုံးအတွက် ပျော်ရွှင်စရာနှစ်သစ်ဖြစ်ပါစေဆိုပြီးလည်း ဆုတောင်းပေးထားပါသေးတယ်။

Maharshi ဆိုတဲ့ဇာတ်ကားကို ဒါရိုက်တာ ဗစ်ဆီပီဒစ်ပက်လီက ရိုက်ကူးထားပြီး ခေါင်းဆောင်မင်းသမီးအဖြစ် ပူဂျာဟတ်ဒ် ပါဝင်ထားပါတယ်။ အခုလို ရုပ်ရှင်ပိုစတာထွက်လာတဲ့အခါမှာတော့ မဟတ်ရှ်ဘာဘူရဲ့ ပရိသတ်တွေ အလွန်ကို စိတ်လှုပ်ရှားနေကြပါတယ်။ ဒီရုပ်ရှင်ဟာ မိုက်ခရိုဆော့စီအီးအို ဆာတီရာနာဒယ်လားရဲ့ဘဝအကြောင်းကိုအခြေခံပြီး ရိုက်ကူးထားတယ်လို့သိရပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်း**



### ဂျီဂျီနဲ့ဇိုင်ယန်တို့ တကယ်လမ်းခွဲကြပြီလား

ဂျီဂျီဟတ်ဒစ် နဲ့ ဇိုင်ယန်မာလစ်ခ်တို့စုံတွဲရဲ့အတူတွဲသွားတွဲလာပုံတွေကို မတွေ့ရတော့တာကြာပါပြီ။ ဒါကြောင့်လည်း သူတို့နှစ်ဦးပြတ်သွားပြီဆိုပြီး ကောလာဟလသတင်းတွေ ထွက်ပေါ်လာပါတယ်။ တွဲလိုက်ပြတ်လိုက်ဖြစ်နေတဲ့ ဒီစုံတွဲဟာ ဒီတစ်ခါမှာလည်း လမ်းခွဲကြပြန်ပြီလားလို့ ပရိသတ်တွေက ထင်နေကြပါတယ်။

ဂျီဂျီနဲ့ ဇိုင်ယန်တို့နှစ်ဦးသားဟာ အတူတကွရှိနေပြီး တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြဆဲလို့ ဂျီဂျီနဲ့ ရင်းနှီးတဲ့သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကိုပြောပါတယ်။ ပြီးခဲ့တဲ့ခရစ္စမတ်ပွဲမှာ အတူရှိနေတဲ့ပုံတွေ မတွေ့ရလို့ လမ်းခွဲကြပြန်ပြီလားလို့ မေးခွန်းတွေထွက်ပေါ်လာပေမယ့် သူတို့နှစ်ဦးဟာ အားလပ်ရက်တွေကို အတူကုန်ဆုံးခဲ့တယ်။ ဂျီဂျီဟာ အခုအချိန်ထိ ဇိုင်ယန်ကို သူ့ချစ်သူလို့သတ်မှတ်ထားတုန်းပါပဲလို့ သူတို့နဲ့ရင်းနှီးသူတွေက ပြောပါတယ်။

ဂျီဂျီဟာ ဇိုင်ယန်ကိုတကယ်ချစ်ပြီး ဇိုင်ယန်ကလည်း ဂျီဂျီအတွက်ပျော်စရာတွေပဲ ဖန်တီးပေးတယ်။ ဒီဇင်ဘာ ၁၄ ရက်က ထွက်ရှိခဲ့တဲ့ ဇိုင်ယန်ရဲ့သီချင်းအယ်လ်ဘမ် Icarus ထဲက သီချင်းနှစ်ပုဒ်ဖြစ်တဲ့ There You Are နဲ့ Back To Life ဆိုတဲ့ သီချင်း နှစ်ပုဒ်ဟာ ဂျီဂျီကို ရည်ရွယ်ပြီးရေးစပ်ထားတာလို့လည်း ခန့်မှန်းကြပါတယ်။

၂၀၁၅ ခုနှစ်ကစပြီး တွဲခဲ့တဲ့ ဒီစုံတွဲဟာ ၂၀၁၈ မေလမှာတော့ ခဏပြတ်သွားလိုက်ပါသေးတယ်။ နှစ်ယောက်စလုံးဟာ အလုပ်များသူတွေဖြစ်တာကြောင့် အတူတကွတွေ့ရဖို့ ဆိုတာမလွယ်တာပါ။ ဇိုင်ယန်ကလည်းဂျီဂျီရဲ့ Victorias Secret ဖက်ရှင်ရှိုးပွဲကို လာရောက်ခဲ့ခြင်းမရှိသလို ဒီဇင်ဘာ ၁၃ ရက်က နယူးယောက်စီးတီးမှာပြုလုပ်တဲ့ ဇိုင်ယန်ရဲ့စီးရီးအသစ်မိတ်ဆက်ပွဲကိုလည်း ဂျီဂျီကလာရောက်ခဲ့ခြင်းမရှိပါဘူး။ ဒီလိုမျိုးအခြေအနေတွေရှိနေပေမယ့် ဂျီဂျီကတော့ ဇိုင်ယန်ကို သူ့ရဲ့ချစ်သူအဖြစ် သတ်မှတ်ထားဆဲပဲလို့ ဒဗယ်လျူမဂ္ဂဇင်းအင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်း**



ဩး

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၁၅၄)


# သရေစည်သူ ဦးအေးမောင်၏ အုပ်ချုပ်ရေးခရီး



**ဦးဟန်ညွန့် (ဥပဒေ)**

**စာအုပ်အမည်**

စာအုပ်အမည် အပြည့်အစုံမှာ **"အစိုးရ ၁၅ ဆက်အောက် အုပ်ချုပ်ရေးခရီးနှင့် ကျွန်တော်၏ဘဝ"** ဖြစ်ပါသည်။ ရေးသားပြုစုသူမှာ နိုင်ငံတော်ရှေ့နေချုပ်(ငြိမ်း) သရေစည်သူဦးအေးမောင် ဖြစ်ပါသည်။ ခိုင်ပြည့်စုံစာပေ (၂၀၁၈၊ ဒီဇင်ဘာ)က ထုတ်ဝေခြင်းလည်း ဖြစ်ပါသည်။




**အမှာစာ**

"စာရေးဆရာကြီး ဦးသိန်းဖေမြင့်၏ အကြံပြုချက်အရ နိုင်ငံ့တာဝန်မှ အငြိမ်းစားယူပြီးသည့် အချိန်တွင် ဤမှတ်တမ်းသည် မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမဟုတ်စေကာမူ ငယ်စဉ်အခါကစတင်ပြီး ကြုံတွေ့ခဲ့ရသည့် အချို့သော အကြောင်းအရာများ၊ စစ်ကြိုခေတ်၊ စစ်အတွင်းကာလနှင့် နောက်ပိုင်းယခုအချိန်အထိ အကြောင်းအရာအချို့ကို ဟိုတစ်စု၊ ဒီတစ်စုဖြင့် မျိုးဆက်သစ် လူငယ်များအတွက် စိတ်ဝင်စားစရာ၊ မှတ်စရာများဟု ယူဆသည်များကို တတ်နိုင်သမျှ ရေးသားဖော်ပြထားခြင်းသာ ဖြစ်ကြောင်း၊ ၁၉၅၂ ခုနှစ် စက်တင်ဘာလမှစ၍ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ နိုင်ငံ့တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်ခဲ့သော ဝန်ထမ်းတစ်ဦးသာ ဖြစ်ကြောင်း၊ အင်္ဂလိပ်အစိုးရလက်ထက်မှစ၍ အစိုးရ ၁၅ ဆက်အောက် လျှောက်လှမ်းခဲ့ရသော ဘဝအတွေ့အကြုံများကို အနာဂတ်မြန်မာနိုင်ငံ၏ ခေါင်းဆောင်မှုတာဝန်ကို လွှဲပြောင်းလက်ခံယူမည့် မျိုးဆက်သစ်လူငယ်များက အသုံးပြုလိုက အသုံးပြုနိုင်ရေးအတွက် အကျဉ်းချုံးမှတ်တမ်းအဖြစ် ရေးသားထားခြင်းဖြစ်ကြောင်း" ဖော်ပြ၍ အမှာစာရေးသားထားပါသည်။

**အစိုးရပေါင်း ၁၅ ဆက်**

အဘဦးအေးမောင်က အစိုးရပေါင်း ၁၅ ဆက်ကို ရေးသားဖော်ပြရာတွင်-

၁။ အင်္ဂလိပ်ကိုလိုနီအစိုးရ
၂။ ဖက်ဆစ်ဂျပန်အစိုးရ
၃။ ဖက်ဆစ်ဂျပန် သြဇာခံ ဒေါက်တာဘမော်အစိုးရ
၄။ အင်္ဂလိပ် B.M.A (Burma Military Adminstration) အစိုးရ
၅။ အင်္ဂလိပ်ဘုရင်ခံဦးဆောင်သော (civil Affairs Service (Burma) (CAS(B)) အစိုးရ
၆။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘုရင်ခံ အလုပ်အမှုဆောင်အဖွဲ့အစိုးရ (ကြားဖြတ်အစိုးရ)
၇။ ဖ.ဆ.ပ.လ အစိုးရ
၈။ သန့်ရှင်း ဖ.ဆ.ပ.လ အစိုးရ
၉။ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ
၁၀။ ပြည်ထောင်စု ပ.ထ.စ အစိုးရ
၁၁။ တော်လှန်ရေးကောင်စီအစိုးရ
၁၂။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အစိုးရ
၁၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ န.ဝ.တ အစိုးရ
၁၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ န.ယ.က အစိုးရ
၁၅။ လက်ရှိပါတီစုံ ဒီမိုကရေစီအစိုးရ တို့ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

**အခြေခံဥပဒေ(၅) မျိုး**

၁။ ဗြိတိသျှ ကိုလိုနီအစိုးရလက်ထက်တွင် ပြဋ္ဌာန်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ ကျင့်သုံးခဲ့သော Government of Burma Act 1935
၂။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ
၃။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ
၄။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ
၅။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ကိုယ်တွေ့သုံးသပ်ရေးပြထားသည်။

**အန္တရာယ်မျိုးစုံ**

အခြေခံဥပဒေ ၅ မျိုးအရ အစိုးရအဆက်ဆက်အောက်၌ လျှောက်လှမ်းခဲ့ရာတွင် ပန်းခင်းသောလမ်းပေါ်တွင် လျှောက်လှမ်းခဲ့ရသကဲ့သို့ အန္တရာယ်မျိုးစုံ အခက်အခဲမျိုးစုံတို့ကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်ဟု အဘဦးအေးမောင်က ရေးသည်။

၂၀၀၈ အခြေခံဥပဒေစာအုပ်တစ်အုပ်မျှလောက်သာ ဖတ်ဖူးပြီး နိုင်ငံရေးအမြင်မကျယ်သော လူငယ်တချို့အတွက် အဘတွေ့ကြုံခဲ့ရသော အနိဋ္ဌာရုံအချို့ ခါးသီးသော ဖြစ်ရပ်အချို့ကို သင်ခန်းစာအဖြစ် ရေးပြထားသည်။

**ခေတ္တယာယီမျှသာ**

တစ်ခဏမျှသာ ရာထူးဂုဏ်ရှိန် စည်းစိမ်ဥစ္စာ တိုးတက်မြင့်မားလာကြသည့် လူအချို့သည် ရာထူးဂုဏ်၊ ပစ္စည်းဂုဏ်ကို မက်မောမောက်မာတတ်သည်။ ထိုသို့ရရှိထားသည့် ရာထူးဂုဏ်၊ ပစ္စည်းဂုဏ်တို့မှာ အနန္တသူရိယအမတ်ကြီး ရေးသားသကဲ့သို့ ခေတ္တယာယီမျှသာ ဖြစ်ကြောင်း၊ နိုင်ငံတကာသမိုင်းကြောင်းများနှင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများတွင် တွေ့မြင်နိုင်ကြောင်း ဘဘက ထောက်ပြသတိပေးထားသည်။

**လူတစ်ယောက်၏ ဘုန်းတန်ခိုး**

ရှေ့နေချုပ်ဘဝကတည်းက အမြဲသွန်သင်ညွှန်ပြလေ့ရှိသော အဘဦးအေးမောင်က ဤစာအုပ်တွင်လည်း လူတစ်ယောက်၏ ဘုန်းတန်ခိုးအကြောင်း အဆိုအမိန့်ကိုဖော်ပြရာတွင်-

**လူတစ်ယောက်၏ ဘုန်းတန်ခိုးဆိုသည်မှာ အလုပ်လုပ်ခြင်းပင်ဖြစ်ကြောင်း၊ ဆင်ခြေပေးသည့်ပါးစပ် ထမင်းငတ်တတ်ကြောင်း၊ မေ့ခြင်းဆိုသည်မှာ မလေးစား၍ဖြစ်ကြောင်း၊ ကြောက်ခြင်းဆိုသည်မှာ မိမိကိုယ်မိမိ မခိုင်လုံ၍ဖြစ်ကြောင်း၊ နှေးခြင်းသည် မလေးစား၍ဖြစ်ကြောင်း၊ သို့သော်နှေးခြင်းသည် အရေးမကြီး။ ရပ်မနေရန်သာ အရေးကြီးကြောင်း၊ သူတစ်ပါးကို မနာလိုမဖြစ်သင့်ကြောင်း၊ အလုပ်လုပ်သူသည် နေရာရနိုင်ကြောင်း၊ စာရိတ္တကောင်းလျှင် နောက်ကြောင်းရှင်းနိုင်ကြောင်း၊ မလုပ်တတ်ကြောင်းများများပြောသူသည် ပို၍ပို၍ မလုပ်တတ်ကြောင်း၊ မိမိတို့ဘဝတွင် လိုသလောက်မရနိုင်သော်လည်း၊ မိမိတို့လုပ်နိုင်သလောက် ရနိုင်ကြကြောင်း၊ အထူးသတိထားရန်မှာ လူတစ်ဦး၏ အကျင့်စာရိတ္တသည် ထိုသူ၏ကံကြမ္မာဖြစ်ကြောင်း စသည့် အဆိုအမိန့်များကို မိမိတို့၏ ဘဝလမ်းညွှန်သဖွယ် ရင်ဝယ်ပိုက်ထားသင့်ကြောင်း** (စာ-၁၀) စသည် ဖော်ပြရေးသားထားပါသည်။

**ဖလမ်းခရိုင်ဝန် (၁၉၆၈)**

ရှေးခေတ်များကိုကျော်၍ ကျွန်တော်ကြိုက်နှစ်သက်သော အပိုင်းများကို ကောက်နုတ်တင်ပြပါရစေ။

အဘ၏ ဖလမ်းခရိုင်ဝန် (၁၉၆၈) ဘဝတွင် " ချင်းတိုင်းရင်းသားများသည် အလွန်ရိုးသားကြသည်။ ရာဇဝတ်မှုလည်း ကျူးလွန်လေ့မရှိ။ တော်ရုံတန်ရုံအမှုကိစ္စများကို ယင်းတို့၏ ဓလေ့ထုံးတမ်းနှင့်အညီ စီရင်ဆုံးဖြတ်လေ့ရှိကြသည်။ ၁၉၆၉ ဇန်နဝါရီလတွင် တရားသူကြီးချုပ်၊ ဒေါက်တာမောင်မောင်ထံမှ စာတစ်စောင်ရပုံ၊ ချင်းရိုးရာ ဓလေ့ထုံးတမ်းအရ တိုင်းရင်းသားများ၏ တရားစီရင်ပုံ၊ ခေါင်ရည်အိုးများရှေ့တွင် ထိုင်ပြီး ခေါင်ရည်သောက်ရင်း စွပ်စွဲသူ၊ စွပ်စွဲခံရသူများ၏ တင်ပြချက်ကို နားထောင်ကြပုံ၊ ရှေးလူကြီးများ စီရင်ခံသည့်ထုံးကို နှလုံးမူ၍ မျှမျှတတစီရင်ကြပုံ၊ နွားနောက်တစ်ကောင်မှ ၁၀ ကောင်၊ ၁၅ကောင်အထိ လျော်ကြေးပေးပုံ၊ အမှုအကြီးအသေးကိုလိုက်၍ ဝက်အတိုင်းအတာတွက်ပုံ၊ ဝက်၏ ခန္ဓာကိုယ်လုံးပတ်ကိုကြိုးဖြင့်ပတ်၍တိုင်းပုံ၊ ပြစ်ဒဏ်ချမှတ်ပုံ၊ ဝက်ကိုပေါ်၍ ဝက်သားဟင်းဖြင့် ပျော်ပျော်ရွှင်ရွှင် ထမင်းလက်ဆုံစားကြပုံ၊ ခေါင်ရည်များလည်း သောက်ကြပုံ၊ နှစ်ဖက်အာဃာတ မထားကြဖို့၊ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး နေထိုင်သွားကြဖို့ မိတ်မပျက်ဆက်ဆံဖို့ ဆုံးမကြပုံများ(စာ-၁၁၄)တွင် ရေးသားထားသည်" ချစ်စရာ ဓလေ့ထုံးတမ်းများ ဖြစ်ပါပေသည်။

**ချင်းဓလေ့ထုံးတမ်းများ**

အထူးခြားဆုံး မှတ်သားစရာကို တင်ပြလိုပါသေးသည်။ ရှားပါးလည်း ဖြစ်ပါသည်။ ကိုလိုနီလက်အောက်သို့ မကျရောက်မီ ချင်းဝိသေသတိုင်း၌ လက်ခံကျင့်သုံးခဲ့သော **"ချင်းဓလေ့ထုံးတမ်းများ"** ကို ပူးတွဲ(ဂ)အဖြစ် အဘဦးအေးမောင်က တင်ပြထားပါသည်။

ချင်းလူမျိုးများ၌ ထုံးစံရှိသည့်အတိုင်း ထုံးစံ(ဥပဒေ)စာအုပ်ရှိစေရန်၊ နောင်လာ နောက်သားတို့ သိရှိနားလည်ကြရန် အကျွန်ုပ် ဘခင်၊ ကမ်းဟောက်နယ်စား၊ ကျက်သရေဆောင် ရွှေစလွယ်ရမင်းနှင့် သူရဲကောင်း ငွေခါးဘွဲ့ရ ဟောက်ကျင်းခုပ်နှင့်အတူ ညှိနှိုင်းတိုင်ပင်၍ ဤထုံးစံ(ဥပဒေ) စာအုပ်ကို စီရင်ရေးသားလေသည်ဟု ကူးရေးသူ ဝုန်းရခန်၊ တွန်းဇာတ်ရွာသူကြီး၊ ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့ဟု ဖော်ပြထားပါသည်။ ရှားပါးစာမူအဖြစ် နာယူသင့်လှပါသည်။

**ကျင့်ဝတ်နီတိများ**

မှတ်သားစရာ၊ လေ့လာစရာများစွာထဲက ကျင့်ဝတ်နီတိများအကြောင်း မချန်ရစ်နိုင်ပါ။ အုပ်ချုပ်ရေးဆိုင်ရာ ကျင့်ဝတ်နီတိများ (The Administrative Maxims) စာအုပ်အကြောင်း ဖြစ်ပါသည်။ ယခင်ဗြိတိသျှပင်္ဂလိညာဉ်ခံ ဝန်ထမ်းက ပြုစုခဲ့ခြင်းဖြစ်သော်လည်း ယခုအထိ လိုက်နာကျင့်သုံးသင့်ပါသဖြင့် အဘက ထိုစာအုပ်အား ပြည်ထဲရေးဝန်ကြီးဌာနသို့ လက်ဆင့်ကမ်း ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားပါသည်။ (စာ-နောက်ဆက်တွဲ)အခန်းပေါင်း ခြောက်ခန်း ပါဝင်သည့် အုပ်ချုပ်ရေးဆိုင်ရာ ကျင့်ဝတ်နီတိများ မူဝါဒ၊ ပြည်သူများ၏ အချုပ်အခြာအာဏာ၊ အရာရှိများ၏ ကောင်းမွန်သည့် လက္ခဏာများ၊ နည်းလမ်း၊ ရာဇဝတ်မှုနှိမ်နင်းရေး၊ ပြည်သူ့သဘောထားတို့ ဖြစ်ပါသည်။

**စေတနာ**

ဘဘ၊ ရှေ့နေချုပ်(ငြိမ်း)သရေစည်သူဦးအေးမောင်၏ အစိုးရ ၁၅ ဆက်အောက် အုပ်ချုပ်ရေးခရီးနှင့် ကျွန်တော်၏ ဘဝစာအုပ်အပေါ် စာအုပ်ဝေဖန်ချက်အဖြစ် တပည့်က ရေးသားရန် မဝံ့ပါ။ လူတစ်ယောက်၏ ဘုန်းတန်ခိုးကို လူငယ်များအား ဝေငှပေးသည်မှာမူ ကေန်ဖြစ်ပါကြောင်း ဥပဒေအတွေး တွေးခွင့်ပြုပါခင်ဗျား။

# ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီး၏ သက်တော်(၁၀၀)ပြည့် ရာပြည့် ဂုဏာပူဇာသဘင် ကျင်းပမည်

**ညောင်တုန်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ သက်တော်အရှည်ဆုံး သတ္တမစံကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ)၏ သက်တော် (၁၀၀)ပြည့် ရာပြည့်ဂုဏာပူဇာသဘင် ပူဇော်ပွဲကြီးကို ရွှေဟင်္သာတောရကျောင်းတိုက်မှ နာယကထေရ်ကြီးများ၊ ပြည်တွင်း ပြည်ပမှ ရွှေဟင်္သာဝံသ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ ပူးပေါင်း၍ ၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၄ ရက် (ဇန်နဝါရီ ၁၉ ရက်)စနေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူဇော်ပွဲကြီးအတွက် ရပ်နီးရပ်ဝေးမှ တပည့် သံဃာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အနေဖြင့် ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ ဖုန်း-၀၁- ၅၅၉၆၂၄၊ ၀၉-၇၉၅၇၉၂၄၄၇၊ ဘဒ္ဒန္တအာဒိစ္စ ဖုန်း-၀၉-၇၉၈၂၅၁၃၆၂ နှင့် ဦးမျိုးအောင် ဖုန်း-၀၉-၂၅၀၁၂၁၈၇၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ရက်ရှည်ပိတ်ရက်များကြောင့် ပုပ္ပားတောင်ကလပ်၌ ဘုရားဖူးများ ကြိတ်ကြိတ်တိုးနေ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁

**နှစ်သစ်ကူး ရက်ရှည်အားလပ်ရက်များကြောင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်တွင် မြန်မာပြည်အထက်ပိုင်းသို့ ဘုရားဖူးလှည့်လည်လာကြသည့် ခရီးသွားဧည့်သည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တွင် တောင်ကလပ် ကားလမ်းပေါ်၌ မော်တော်ယာဉ်များ အတက်အဆင်းပင် ခက်ခဲခဲ့ကြောင်း သိရသည်။**



"ကားတွေက ကျပ်ညပ်နေတာပဲဗျာ၊ ကားရပ်ဖို့နေရာကလည်း မလွယ်ကူဘူး၊ လမ်းတွေက ကျဉ်းလာတယ်၊ ပုဂ္ဂလိက ရပ်နားကွင်းလေးမှာပဲ ဖြစ်သလို ကားထိုးပြီး ထားခဲ့ရတယ်၊ တစ်ခါ အောင်သိဒ္ဓိကုန်းကနေ ပြန်တက်ပြီး ပုပ္ပားတောင်ဉယျာဉ် စန္ဒကူးတောက သမင်ခြံကို ကလေးတွေလိုက်ပို့ချင်တာ၊ အဲဒီလမ်းက ဘယ်လိုမှ တက်မရဘူး၊ အဲဒါနဲ့ပဲ အောက်လမ်း(ညောင်ပင်ဆိပ်လမ်း)က ပြန်ဆင်းပြီးမှ သုံးထပ်လမ်းကနေ ပုပ္ပားပြန်တက်ပြီး ပုပ္ပားကနေမှ စန္ဒကူးတောက သမင်ခြံကို ပြန်သွားရတယ်၊ ဈေးသည်တွေ ပြောတာကတော့ ဘိုးတော်ထွက်ပွဲထက်တောင် စည်တယ်လို့ ပြောကြတာပဲဗျ"ဟု မိသားစုဖြင့် ဘုရားဖူးရောက်ရှိခဲ့သည့် ဧည့်သည်တစ်ဦးဖြစ်သူ ဦးမြင့်သိန်းက တောင်ကလပ်၏ စည်ကားမှုအခြေအနေ ကိုယ်တွေ့ကြုံခဲ့ပုံကို ပြောပြသည်။

ပုပ္ပားတောင်ကလပ်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် တည်ရှိသော်လည်း အမြင့် ၄၉၈၁ ပေမြင့်သည့် ပုပ္ပားတောင် ရေဝေရေလဲဒေသ၏ အရိပ်အာဝါသကြောင့် ရာသီဥတုအေးမြပြီး စိမ်းစိုသာမောသည့် သဘာဝအလှ ရှုခင်းများရှိရာ ပြည်တွင်းပြည်ပ ခရီးသွားများ သဘောကျနှစ်ခြိုက်သည့် နေရာတစ်ခုဖြစ်သည်။

နှစ်စဉ် မြန်မာနှစ်ဆန်း ၁ ရက်နေ့၊ ဘိုးတော် ထွက်ပွဲနေ့ဖြစ်သော တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ မတိုင်မီ နေ့များနှင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်များတွင် လူစည်ကားလေ့ရှိသော်လည်း ယခုနှစ် ဒီဇင်ဘာကျောင်းပိတ်ရက်မှာ ရက်ရှည်ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အပြင် လမ်းပန်းဆက်သွယ်ရေး ပို၍ကောင်းမွန်လာခြင်းနှင့် ယခုရက်ပိုင်းအတွင်း စက်သုံးဆီဈေးနှုန်းများ ကျဆင်းသွားခြင်းတို့ကြောင့်လည်း ယခင်နှစ်များထက် ပိုမိုစည်ကားနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ကတော့ သံလမ်းတွေ တက်မရအောင် ပြည့်ညပ်နေလို့ ကျွန်တော်တို့အဖွဲ့တွေ တစ်နေကုန် လမ်းရှင်းနေရတယ်၊ ဈေးသည်တွေလည်း ရောင်းမလောက်အောင်ပဲ၊ ကားတွေကလည်း အလုအယက်ဝင်ကြတော့ မလိုအပ်တဲ့ လမ်းပိတ်ဆို့မှုတွေ ဖြစ်ကုန်တာ တွေ့ရတယ်၊ ကျွန်တော်တို့ တောင်ကလပ် ဂေါပကအဖွဲ့အနေနဲ့ကတော့ လုံခြုံရေးနဲ့ သန့်ရှင်းရေးအတွက် အထူးကြပ်မတ် ဂရုစိုက်နေရတာပေါ့"ဟု ပုပ္ပားတောင်ကလပ် ဂေါပကအဖွဲ့မှ ဦးဝင်းလှိုင်က ပြောသည်။

ပုပ္ပားတောင်မကြီးသို့ လွန်ခဲ့သည့် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ကလည်း ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ချောက်၊ မိတ္ထီလာ၊ မြင်းခြံ၊ ပခုက္ကူ စသည့်မြို့များမှ ဒေသခံပြည်သူများ လာရောက်၍ တောင်တက်ပွဲဆင်နွှဲခဲ့ကြပြီး အပြန်တွင် တောင်ကလပ်သို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။ ထို့နောက် နှစ်ကူးပိတ်ရက်များဖြစ်သည့် ဒီဇင်ဘာ ၂၉ ရက်မှစတင်ကာ ဇန်နဝါရီ ၁ ရက် အထိ ခရီးသွားဧည့်သည်များ နေ့စဉ်ပင် တိုးမပေါက်အောင် စည်ကားများပြားနေကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ လာရောက်လည်ပတ်သူများပြားလျက်ရှိ

**ဒီးမော့ဆို ဇန်နဝါရီ ၁**

နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ကယားပြည်နယ်အတွင်းသို့ ခရီးသွားပြည်သူများ တစ်နေ့ထက်တစ်နေ့ ပိုမိုလာရောက်လည်ပတ်လျက်ရှိသလို ဒီးမော့ဆိုမြို့နယ်အတွင်းမှ ပန်ပက်ကျေးရွာသို့ လာရောက်လည်ပတ်မှုသည်လည်း ယခုနှစ်တွင် ယခင်နှစ်များထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

လာရောက်လည်ပတ်ကြသူများအနေဖြင့် ပန်ပက်ကျေးရွာတွင် ကယန်းလူမျိုးတို့၏ ရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းများကို လေ့လာနိုင်သည့်အပြင် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူနိုင်သလို ရိုးရာဝတ်စုံများဝတ်ဆင်၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်သည့်အတွက် ခရီးသွားပြည်သူများ ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ဇာနည်ဘွား ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မမော်က "ကျွန်မတို့က ရှမ်း-ကယား ခရီးစဉ်ကို ပြေးဆွဲနေတာပါ၊ ကယားပြည်နယ်ခရီးစဉ်များမှာ ပန်ပက်ကျေးရွာကို သွားရောက်လည်ပတ်တာကို ခရီးသွားပြည်သူများက ပိုသဘောကျကြတယ်"ဟု ပြောကြားသည်။ နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ပန်ပက်ကျေးရွာသို့ လာရောက်လည်ပတ်သော ပြည်တွင်းခရီးသွားများ များပြားနေသောကြောင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပိုမိုရောင်းချရပြီး ပြည်ပခရီးသွားများမှာမူ ရိုးရာဝတ်စားဆင်ယင်မှု၊ နေထိုင်မှုဓလေ့ထုံးစံများကိုသာ လာရောက်လေ့လာကြကြောင်းလည်း ဒေသခံပြည်သူများထံမှ သိရသည်။



လက်ရှိအချိန်တွင် ကယားပြည်နယ်သည် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော ကန်ခုနှစ်ဆင့်၊ ထီးပွင့်ကန်၊ ငွေတောင်ဆည်နှင့် ပန်ပက်ကျေးရွာသို့ ခရီးသွားပြည်သူများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# တောင်ငူမြို့ ဝိဇ္ဇာမဟိဒ္ဓိစေတီတော် ထီးတော်တင်ပွဲ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၁**

တောင်ငူမြို့(၁၂)ရပ်ကွက် ဇေတဝန်ကျောင်းတိုက်ဝင်းအတွင်းတည်ရှိပြီး ဟောင်းနွမ်းယိုယွင်းနေပြီဖြစ်သော ရှေးဟောင်း ဝိဇ္ဇာမဟိဒ္ဓိ စေတီတော်မြတ်ကြီးအား ဉာဏ်တော်မြှင့်၍ ရွှေထီးတော် တင်လှူပူဇော်ပွဲကို စေတီတော်တည်ရှိရာ ကုန်းတော်ပေါ်၌ ဒီဇင်ဘာနောက်ဆုံးပတ်အတွင်းက ကျင်းပသည်။

ထီးတင်ပွဲတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ပဓာနနာယကဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူ့ရှင်မိသားစုများ၊ ဓမ္မစကြာအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်၍ ထီးတော်တင်လှူကြသည်။ ထို့နောက် တောင်ငူမြို့(၁၁)ရပ်ကွက် ကန်တော်လမ်းနေ ဦးမြင့်သူ-ဒေါ်ခင်သန်းဝင်း မိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့သော ဓမ္မသုခ ဓမ္မာရုံတော်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား အနေကဇာတင်ပူဇော်ပွဲကို ဆက်လက်ကျင်းပကာ ကြာနီကန်စာသင်တိုက် ပဓာနနာယကဆရာတော်ကြီးက အနုမောဒနာတရား ချီးမြှင့်ခဲ့သည်။

**(၀၄၈)**

# ရန်ကုန်ဗုဒ္ဓတက္ကသိုလ်(ရွှေပြည်သာ)တွင် ဗုဒ္ဓဓမ္မသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက် ဦးဥတ္တမလမ်း ပညာပါရမီကျောင်းတိုက် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် (ရွှေပြည်သာ)တွင် ၂၀၁၉ ပညာသင်နှစ်အတွက် ဖွင့်လှစ်ခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

ယခုနှစ် ၂၀၁၉ ပညာသင်နှစ်အတွက် PABE ဒီပလိုမာတန်း ၁ နှစ်သင်တန်းအတွက် ၄၀၊ PSE (1) ဒီပလိုမာတန်း ၂ နှစ် သင်တန်း အတွက် ၃၀၊ သင်တန်း နှစ်ခုကို စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသို့တက်ရောက်ရန် သင်တန်း (ဖောင်) ပုံစံများကို ရန်ကုန်ဗုဒ္ဓတက္ကသိုလ်တွင် ထုတ်ယူကာ လျှောက်ထားရမည်ဖြစ်သည်။ PABE သင်တန်းတွင် အင်္ဂလိပ်၊ အဘိဓမ္မာ၊ ပါဠိ၊ ဗုဒ္ဓအလင်းပြဘာသာများကို သင်ကြားမည်ဖြစ်သည်။ PSE(1) သင်တန်းတွင် ဗုဒ္ဓ၊ ဓမ္မ၊ အင်္ဂလိပ်၊ သက္ကတ၊ ဘာသာဗေဒ ဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ စတင်သင်ကြားသွားမည်ဖြစ်သည်။

ရန်ကုန်ဗုဒ္ဓတက္ကသိုလ် (ရွှေပြည်သာ)တွင် PABE ဒီပလိုမာတန်းအတွက် ရဟန်းရှင်လူပြည်သူအများ၊ သီလရှင် ဆရာကြီး၊ ဆရာလေးပါမကျန် မည်သူမဆို တက်ရောက်နိုင်ပြီး PSE(1)သင်တန်းတွင် PABE အောင်မြင်ပြီးသူများနှင့် ပထမကြီးတန်းအောင်မြင်ပြီးသူ ရဟန်းရှင်လူပြည်သူ သီလရှင်များ မည်သူမဆို တက်ရောက်နိုင်ကြောင်း ထိုသင်တန်းနှစ်ခုအတွက် ဒီပလိုမာအောင်လက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် BA သင်တန်း ၂ နှစ်၊ MA သင်တန်း ၃ နှစ် သင်ကြားပြီး မဟာဝိဇ္ဇာတန်းများကို ခေတ်မီဗုဒ္ဓစာပေ ပရိယတ္တိသင်ရိုးများအတိုင်း သင်ကြားပေးသွားရန် စီစဉ်ထားကာ ဆရာတော်ရှစ်ပါးက သင်ကြားပေးသွားမည်ဖြစ်သည်။

ရန်ကုန်ဗုဒ္ဓတက္ကသိုလ် (ရွှေပြည်သာ)တွင် အဆိုပါ သင်တန်းများကို ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ကြောင်း ဆရာကြီးဦးမြင့်ဆွေ (မဟာဝိဇ္ဇာလန်ဒန်)၏ ပါဠိစာပေသင်ကြားနည်းအတိုင်း ဗုဒ္ဓတက္ကသိုလ် (ရွှေပြည်သာ) ရန်ကုန်၌ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# စာရင်းအင်းဆိုင်ရာအချက်အလက်များမှန်ကန်ရေး စာတမ်းဖတ်ပွဲ ဘိုကလေးမြို့၌ကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၁**

ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအနေဖြင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပြုစုရာတွင် ပြည့်စုံမှန်ကန်စေရေးအတွက် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးစံမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြားပြီး ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာ စာရေးဝန်ထမ်းများက အဖွဲ့လိုက်ပြုစုထားသော ပုံစံ(၂၇)မျိုး စာရင်းဇယားများ၏ အရေးပါမှုနှင့် မှန်ကန်သောစာရင်းဇယားများ ဖြည့်သွင်းနိုင်ရေးအတွက် စာတမ်းသုံးစောင်ကို ဖတ်ကြားတင်ပြကြသည်။ ထို့နောက် စာတမ်းများအပေါ် အားနည်းချက်၊ အားသာချက်များကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

"ဒီစာတမ်းဖတ်ပွဲက စာရင်းဇယားများ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး အခြေခံစာရင်းဇယား ကောက်ယူနေတဲ့ ရပ်ကွက်၊ ကျေးရွာများကရာအိမ်မှူး၊ ဆယ်အိမ်မှူးများအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ပြုစုနိုင်ရေးအတွက် ရည်ရွယ်ပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စုများမှာ အထူးသဖြင့် လူဦးရေစာရင်းများ မှန်ကန်ရေး၊ ဖွား/သေ၊ ပြောင်းဝင်/ပြောင်းထွက်၊ ရပ်ဝေးဒေသသွား စသဖြင့် လူဦးရေစာရင်းများ မှန်ကန်မှုမရှိရင် နိုင်ငံတော်ရဲ့ စီမံကိန်း စီမံချက်များအထိ အကျိုးသက်ရောက်တာ ဖြစ်လာနိုင်တယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ထို့ကြောင့် ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များနှင့် လဝကဌာန စသည့် ဌာနများမှ စာရင်းများကို တိကျမှန်ကန်အောင် စီမံခန့်ခွဲခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား (PPT Cup )ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ကျင်းပမည်

၁။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီက အဓိကကူညီပံ့ပိုးသော ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား (PPT Cup )ဂေါက်သီးရိုက်ပြိုင်ပွဲကို လူငယ်မျိုးဆက်သစ်ဂေါက်သီးကစားသမားများ ပေါ်ထွက်လာရေးနှင့် မြန်မာ့ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်းတွင် ၂၉-၁-၂၀၁၉ ရက်မှ ၁-၂-၂၀၁၉ ရက်အထိ (၁၈)ကျင်း (၂)ရက် (၃၆)ကျင်း ယှဉ်ပြိုင်စေ၍ ကျင်းပသွားမည်။

၂။ တစ်ဦးချင်း(အကျောမဲ့)၊ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲများဖြစ်ပြီး အသင်းတစ်သင်းလျှင် အသင်းအုပ်ချုပ်သူ (၁)ဦး၊ ကစားသမား(၄)ဦးဖြင့် ဖွဲ့စည်းရမည်။ အသင်းလိုက်ပြိုင်ပွဲတွင် ပထမ(၁၈)ကျင်း ရိုက်ချက်များကို System 36 ဖြင့် တွက်ချက်၍ အဆိုပါ(အကျောပေး)သတ်မှတ်ချက်ဖြင့် ဒုတိယ (၁၈)ကျင်းကို ဆက်လက်တွက်ချက်မည်။ ရိုက်ချက်အနည်းဆုံးကစားသမား(၃)ဦး၏ (၃၆)ကျင်း ရိုက်ချက်သည် ထိုအသင်း၏ အချက်ရေဖြစ်သည်။

၃။ တစ်ဦးချင်းဝင်ကြေး ကျပ် ၃၀၀၀၀၊ အသင်းလိုက်ဝင်ကြေး (တစ်ဦးချင်းဝင်ကြေးအပါအဝင်) ၂၀၀၀၀၀ ကျပ်တို့ကို မန္တလေးမြို့ KBZ ဘဏ်ခွဲ(၂၂)ရှိ ဘဏ်စာရင်းအမှတ် 16330215500013101 Account Holders ဦးကျော်ဝင်း၊ ဦးရဲလွင်ဦးတို့ထံသို့ ပေးသွင်းပြီး ငွေသွင်းချလန်အထောက်အထား၊ အမည်တို့နှင့်အတူ Yedagun Taung Golf Course Facebook Page ၏ Chat Box (သို့မဟုတ်) ဦးကျော်ကျော်ဆွေ 09-421711859၊ ဦးထွန်းထွန်း 09-402579456 တို့ထံ Viber ဖြင့် ၂၅-၁-၂၀၁၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

၄။ ဆုကြေးနှင့်အခြား အသေးစိတ်သိရှိလိုပါက အဆိုပါ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | |
|---|---|
| ဦးသန့်ဇင်ဦး | ဖုန်း-၀၉-၅၁၂၁၄၅၁ |
| ဦးကျော်ကျော်ဆွေ | ဖုန်း-၀၉-၄၂၁၇၁၁၈၅၉ |
| ဦးထွန်းထွန်း | ဖုန်း-၀၉-၄၀၂၅၇၉၄၅၆ |
| Club House | ဖုန်း-၀၉-၄၄၄၆၈၉၀၇၃၊ ၀၉-၇၇၄၀၆၁၉၂၃ |

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အသိအမှတ်ပြု စမ္မကထိကများ သိစေရန်

မိုးကုတ်အဖွဲ့ချုပ်ကြီး၏ နာယကချုပ်ဆရာတော် ဘဒ္ဒန္တ ဇနိတာလင်္ကာရ၊ ဒုတိယနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ကစ္စာယနနှင့် ဒေါက်တာဘဒ္ဒန္တအဂ္ဂညာဏတို့အား အာစရိယဂုဏဝိသိဋ္ဌဝန္ဒနာပူဇော်ပွဲနှင့် ဩဝါဒပဋိဂ္ဂဟဏ ခံယူပွဲတို့ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း၊ ၃ ရက်) ၈-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပင့်လျှောက်လွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါသည်ဘုရား။

အဖွဲ့ချုပ်ကြီး၌ တစ်ရက်ကြိုတင် ကြွရောက်တည်းခိုကျိန်းစက်နိုင်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**အလုပ်အမှုဆောင်အဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအောင်မြင့်၏ သမီးဖြစ်သူ (ထ-၁)မ/၃၊ အထပြဆရာမ မသန္တာလွင်(ခ)ခင်မျိုးအောင်နှင့် ဒေါ်ခင်မျိုးအောင် ၁၂/ဒဂန(နိုင်)၀၀၁၁၂၇ သည် တစ်ဦးတည်းဖြစ်ပါသည်။

### ပဲခူးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၁၆၅/၁)နှင့် (၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား (ရန်ကုန်-နေပြည်တော်) အသွားလမ်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၂-၁-၂၀၁၉ ရက် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၀-၁-၂၀၁၉ ရက် |
| | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | - ၁၁-၁-၂၀၁၉ ရက်၊ နံနက် ၁၀ နာရီ |
| | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ |

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ဥက္ကလာပ (မြင်သာ)ရန်ကုန်မြို့တွင် ၂-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၉-၅၀၀၅၃၄၁၊ ၀၉-၄၀၁၅၅၆၂၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**Khayann Treasure Land Co.,Ltd.**
**KTL**
**Construction & Home Decoration**
အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့်အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက်ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
အခန်းဖွဲ့ခြင်းလုပ်ငန်းများ အုတ် Partition ၊ အလူမီနီယံ၊ မှန်၊ Composite P.V.C များဖြင့် အခန်းဖွဲ့ပေးခြင်း၊ Celing မျက်နှာကြက်များဖြင့် အလှဆင်ပေးခြင်း၊ အိမ်အတွင်းအပြင် ဆေးသုတ်ခြင်းလုပ်ငန်း၊ ကြွေပြားကပ်ခြင်း/ခင်းခြင်း၊ ပါကေးခင်းခြင်း၊ အလူမီနယံများ Composite များ Deisign များဖြင့် အလှဆင်ခြင်း။ အလူမီနီယံ Slide Door ၊ သံပန်း၊ Sunshade ၊ စတီးလ်၊ လိတ်တံခါးများ တပ်ဆင်ခြင်း။
No.42, 94 Street, Mingalar Taung Nyunt Township, Yangon, Myanmar.Tel : 09-73242372, 09-420127578, 09-421126097

### ထားဝယ်တက္ကသိုလ်

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ | **ခေါ်ယူသည့်တင်ဒါ** | - ထားဝယ်တက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း |
| ၂။ | **တင်ဒါသက်တမ်း** | - ၃-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ထားဝယ်တက္ကသိုလ်၊ ငွေလက်ခံဌာန |
| ၄။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၁၄-၁-၂၀၁၉ ရက် (တနင်္လာနေ့) |
| ၅။ | **နောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ** | - ၂၅-၁-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီ၊ ထားဝယ်တက္ကသိုလ်၊ သင်တန်းရေးရာဌာန |

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါ တင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် ၀၅၉-၂၂၀၇၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ**
**ထားဝယ်တက္ကသိုလ်**

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ ရန်အောင်ကျေးရွာ အမှတ်(၄) အထက သတ္တမတန်း(B)မှ မမေသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၉/ပဘန(နိုင်)၁၂၇၀၄၅ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးဇင်ဝေ၏သမီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မလှိုင်မြို့နယ်စာစစ်ဌာနမှ မလ-၉၁၂ ဖြင့် အောင်မြင်ပြီး ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တောင်ကြီးဆေးတက္ကသိုလ်(ဒုတိယနှစ်)မှ ၅-၈-၂၀၀၁ခုနှစ်တွင် မွေးဖွားသူ မအိမြတ်သူ ၁၂/လကန(နိုင်)၂၄၀၇၅၈အား မမေသူကိုဟု ပြောင်းလဲခေါ်ပါရန်။

## အများသိရှိစေရန် ကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ အင်းဂလိုင်ကွင်း လယ်မြေတောတွင်နေထိုင်သော ဦးစိုးဝင်း အပါအဝင် (၁၀)ဦး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးနိုင် ၁၃/လလန(နိုင်)၀၅၀၁၃၅၊ အမှတ် ၁၂၉၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိရှိနိုင်ရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အင်းဂလိုင်ကွင်းသည် မူလက ဧက ၄၁၀ ခန့်ကျယ်ဝန်းပြီး ယင်းလယ်မြေများအနက်-လယ်မြေ ၂၉၃ ဧကကို အိမ်ရာစီမံကိန်းအတွက် နိုင်ငံတော်မှသိမ်းယူခဲ့ပြီး ရေနက်ကွင်းလယ်မြေဧက ၁၀၀ ကျော်ကျန်ရှိကာ ယနေ့တိုင်လယ်မြေအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ဦးစိုးဝင်းအပါအဝင် တောင်သူ ၁၀ ဦးတို့ကို ယင်းကျန်လယ်မြေဧက ၁၀၀ ကျော်ပေါ်တွင် မိုးစပါး၊ ဆောင်းသီးနှံစိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်သူများဖြစ်ကြပါသည်။ ထိုလယ်မြေများမှာ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၆-၉-၁၉၈၉ ရက်စွဲပါ အမိန့်အမှတ်(၄၁/လန) ထန်းတပင် ၈၉ တွင် ပါရှိသော သိမ်းဆည်းလယ်မြေဧက(၂၉၃)၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသည့် လယ်မြေများဖြစ်သည့်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှ ၁၃-၅-၂၀၁၃ ရက်စွဲပါ ဦးပိုင်မှတ်ပုံတင်စာရင်း၊ စာရင်းစာအုပ်(၁-က)များကို ၎င်းတို့အား ထုတ်ပေးထားကြောင်း မှတ်တမ်းများအရ သိရပါသည်။ ထို့အပြင် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းရုံး၏ ၃-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်(၂၁၃၃/လယ-၉)အရလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၅-၅-၂၀၁၅ ရက်စွဲပါ စာအမှတ် ၃/၆-၃(၅၄)စိုက်/မွေးအရလည်းကောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၏ ၃-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်(၈၉၇/လယ်-စီ၊ ၂၀၁၅)တို့အရလည်းကောင်း ထိုလယ်မြေတို့မှာ သီးခြားလယ်မြေများဖြစ်ကြောင်း သိရှိရပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုချက်အရဟုဆိုကာ ပထမအကြိမ် လယ်ယာမြေဧက (၂၀)ခန့်တွင်းသို့ အတင်းဝင်ရောက်ဆောက်လုပ်ရေးလုပ်ကိုင်နေသော လူပုဂ္ဂိုလ် ကုမ္ပဏီတို့အား ဦးစိုးဝင်းတို့က "အမိန့်ပေးတားဝရမ်းထုတ်ပေးစေလိုမှု" ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၉၈/၂၀၁၆ (ယခင်ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၃၇/၂၀၁၅ ဖြစ်ပါသည်)ဖြင့် တရားစွဲဆိုထားရာ ရုံးတော်က ထိုအမှုအား စစ်ဆေးကြားနာလျက်ရှိပြီး အမိန့်တစ်စုံတစ်ရာချမှတ်ခြင်း မပြုရသေးပါကြောင်းနှင့် အဆိုပါမြေများမှာ ခရိုင်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးထားသည့် အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းမှတ်တမ်းများအရ ဦးစိုးဝင်း ပါ(၁၀)ဦးတို့က လုပ်ကိုင်နေသည့် လယ်မြေများဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ သက်ဆိုင်ရာများသို့ ကန့်ကွက်ထားပါသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန(ယခင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး) ယခု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကဟုဆိုကာ လယ်သမားများပိုင် လယ်မြေများပေါ်သို့ ဆက်လက်ကျူးကျော်ပြီး အိမ်ရာများဖော်ဆောင်ကာ တိုက်ခန်းများကို အများပြည်သူသို့ ရောင်းချရန် အမှုအတောအတွင်း စီစဉ်ဆောင်ရွက်နေခြင်းအား အပြင်းအထန်ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ (၈၀၈၂)**
**တိုက် ၉/၁၁၊ အခန်း ၃၀၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၂) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

င - ၈၂၀၁၃၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ကဏ - ၅၃၇၁၆၆ က - ၇၁၈၁၄၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

တ - ၂၂၃၈၆၆ င - ၇၁၄၉၂၀
ခ - ၃၀၂၀၁၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဘ - ၁၂၆၁၉၅ ဂ - ၃၂၃၇၉၃ ကဈ - ၄၄၇၆၁၀
ကဒ - ၃၀၁၆၁၅ ဇ - ၃၇၄၆၆၉

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဏ - ၁၂၄၀၂၆
ဏ - ၂၃၂၀၁၅
ဖ - ၂၇၇၄၀၇
န - ၂၉၇၇၁၈
ဓ - ၃၃၈၈၃၇
ဋ - ၄၃၈၉၅၂
ဝ - ၄၇၆၅၃၉
ဋ - ၅၀၉၈၅၇
ကစ - ၅၃၀၉၂၄
ဝ - ၅၄၇၀၄၂
ကခ - ၆၄၄၉၂၈
တ - ၇၀၄၇၀၀
ကက - ၈၄၆၄၅၂
ဍ - ၈၅၄၁၇၇

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဏ - ၁၂၀၉၂၀
ဎ - ၁၅၅၄၃၁
ခ - ၂၄၉၅၈၁
ကခ - ၃၁၂၄၄၃
ပ - ၃၄၇၆၅၈
ကစ - ၃၆၈၈၃၃
ကဃ - ၅၅၆၉၆၈
ဗ - ၅၈၄၂၄၀
ကစ - ၈၂၂၃၀၅
ဂ - ၈၂၄၅၀၄
ခ - ၈၃၀၃၅၉
ဗ - ၈၄၀၁၉၂
ကဃ - ၈၆၅၈၉၃
ဂ - ၈၆၇၀၉၁

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ဆ - ၁၀၃၅၇၆
ယ - ၁၀၃၇၀၂
ဖ - ၁၈၀၂၄၁
ကတ - ၁၈၇၉၂၀
သ - ၁၉၄၇၅၄
ဓ - ၂၁၁၅၈၇
မ - ၂၄၉၂၃၄
အ - ၂၈၇၄၀၀
ကစ - ၃၀၀၈၆၂
ဈ - ၄၃၅၃၇၇
ဂ - ၅၉၁၃၅၄
ဋ - ၆၀၈၇၅၄
ဗ - ၇၆၄၂၅၅
ဌ - ၈၉၄၂၃၈
န - ၉၄၈၀၂၇

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

င - ၁၁၀၁၁၂ ကင - ၅၇၁၈၅၂
အ - ၁၃၇၂၀၂ ကခ - ၆၁၃၇၇၃
ဗ - ၁၇၅၄၅၀ င - ၆၅၃၄၄၈
ပ - ၂၂၂၃၀၇ ပ - ၈၆၄၆၂၈
ဟ - ၂၅၃၁၉၇ ကဈ - ၈၆၅၈၈၀
ဌ - ၂၇၂၄၃၃ ယ - ၉၃၇၃၉၄
လ - ၃၅၂၆၁၁ ဌ - ၉၇၂၈၂၃
ရ - ၄၂၀၂၀၀

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ

ကဂ - ၁၂၈၆၀၃ ကက - ၆၁၇၁၂၂
ကက - ၁၆၇၀၄၃ သ - ၆၄၉၈၆၁
ကပ - ၂၂၂၂၂၈ ကပ - ၆၄၉၉၃၅
က - ၂၃၅၈၂၀ ဍ - ၆၅၂၆၀၂
ကဎ - ၂၉၇၀၆၅ ကခ - ၇၃၇၀၅၆
ကက - ၃၂၅၇၈၉ ကထ - ၇၈၇၃၆၆
ကစ - ၃၇၄၂၉၉ ကဌ - ၈၀၉၉၄၃
ကဂ - ၄၃၅၈၁၃ ဎ - ၈၂၅၆၅၁
ကဌ - ၄၄၅၈၈၁ ဏ - ၈၆၃၅၉၆
ဋ - ၄၇၀၆၅၂ ဋ - ၉၉၁၅၄၄
ပ - ၄၉၈၀၂၄ ကဒ - ၉၉၅၂၇၉
စ - ၅၂၀၂၆၀

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဌ - ၁၀၉၅၁၇ | ကင - ၂၉၁၄၄၆ | ဌ - ၄၇၉၈၈၈ | ကည - ၅၉၄၈၇၅ | ဏ - ၇၇၃၁၈၈ |
| လ - ၁၉၁၇၅၅ | ပ - ၃၀၁၇၀၀ | ဒ - ၅၂၉၇၁၂ | ကဎ - ၆၀၁၁၇၇ | ခ - ၈၈၉၁၂၂ |
| ကဂ - ၂၂၅၃၁၆ | ဍ - ၃၃၇၇၂၆ | ကခ - ၅၃၇၉၀၃ | ဈ - ၆၈၃၇၀၇ | ဘ - ၉၀၄၂၃၄ |
| ကဃ - ၂၂၈၅၅၄ | ဍ - ၃၄၀၅၀၆ | ကဏ - ၅၃၈၅၄၅ | ဌ - ၇၀၅၃၉၄ | ဃ - ၉၈၅၁၂၆ |
| ကဏ - ၂၆၃၄၈၄ | ဘ - ၄၀၂၈၂၈ | ကပ - ၅၆၅၇၃၄ | သ - ၇၁၈၇၀၂ | |
| ကဈ - ၂၈၀၃၄၀ | ဟ - ၄၅၈၄၁၈ | ကဒ - ၅၆၉၆၀၂ | ဎ - ၇၄၁၅၅၄ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

သ - ၁၃၇၆၄
(သ-၁၃၇၆၄၀ မှ သ-၁၃၇၆၄၉ထိ)

န - ၆၃၆၇၉
(န-၆၃၆၇၉၀ မှ န-၆၃၆၇၉၉ထိ)

ဂ - ၂၁၈၂၆
(ဂ-၂၁၈၂၆၀ မှ ဂ-၂၁၈၂၆၉ထိ)

ကတ - ၇၂၀၅၈
(ကတ-၇၂၀၅၈၀ မှ ကတ-၇၂၀၅၈၉ထိ)

ထ - ၄၃၉၁၆
(ထ-၄၃၉၁၆၀ မှ ထ-၄၃၉၁၆၉ထိ)

ဠ - ၇၇၅၀၆
(ဠ-၇၇၅၀၆၀ မှ ဠ-၇၇၅၀၆၉ထိ)

ဍ - ၅၃၅၇၆
(ဍ-၅၃၅၇၆၀ မှ ဍ-၅၃၅၇၆၉ထိ)

ကစ - ၉၂၀၀၅
(ကစ-၉၂၀၀၅၀ မှ ကစ-၉၂၀၀၅၉ထိ)

ထ - ၆၀၇၉၅
(ထ-၆၀၇၉၅၀ မှ ထ-၆၀၇၉၅၉ထိ)

ဆ - ၉၃၆၃၁
(ဆ-၉၃၆၃၁၀ မှ ဆ-၉၃၆၃၁၉ထိ)

ဖ - ၆၃၃၀၂
(ဖ-၆၃၃၀၂၀ မှ ဖ-၆၃၃၀၂၉ထိ)

ကတ - ၉၉၁၂၆
(ကတ-၉၉၁၂၆၀ မှ ကတ-၉၉၁၂၆၉ထိ)

**အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ကဇ - ၁၁၆၀
(ကဇ-၁၁၆၀၀၀ မှ ကဇ-၁၁၆၀၉၉ထိ)

ကဌ - ၇၂၀၈
(ကဌ-၇၂၀၈၀၀ မှ ကဌ-၇၂၀၈၉၉ထိ)

မ - ၃၆၄၅
(မ-၃၆၄၅၀၀ မှ မ-၃၆၄၅၉၉ထိ)

ဗ - ၇၂၂၂
(ဗ-၇၂၂၂၀၀ မှ ဗ-၇၂၂၂၉၉ထိ)

ဖ - ၃၉၂၂
(ဖ-၃၉၂၂၀၀ မှ ဖ-၃၉၂၂၉၉ထိ)

ဆ - ၈၅၆၃
(ဆ-၈၅၆၃၀၀ မှ ဆ-၈၅၆၃၉၉ထိ)

ဍ - ၅၄၅၈
(ဍ-၅၄၅၈၀၀ မှ ဍ-၅၄၅၈၉၉ထိ)

ဏ - ၈၆၉၀
(ဏ-၈၆၉၀၀၀ မှ ဏ-၈၆၉၀၉၉ထိ)

တ - ၆၁၈၈
(တ-၆၁၈၈၀၀ မှ တ-၆၁၈၈၉၉ထိ)

ကဎ - ၉၁၀၀
(ကဎ-၉၁၀၀၀၀ မှ ကဎ-၉၁၀၀၉၉ထိ)

ကထ - ၆၇၉၄
(ကထ-၆၇၉၄၀၀ မှ ကထ-၆၇၉၄၉၉ထိ)

ဏ - ၉၃၄၃
(ဏ-၉၃၄၃၀၀ မှ ဏ-၉၃၄၃၉၉ထိ)

**အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဃ - ၁၈၈
(ဃ-၁၈၈၀၀၀ မှ ဃ-၁၈၈၉၉၉ထိ)

ခ - ၃၂၆
(ခ-၃၂၆၀၀၀ မှ ခ-၃၂၆၉၉၉ထိ)

ကတ - ၇၄၄
(ကတ-၇၄၄၀၀၀ မှ ကတ-၇၄၄၉၉၉ထိ)

ဓ - ၈၄၃
(ဓ-၈၄၃၀၀၀ မှ ဓ-၈၄၃၉၉၉ထိ)

ကစ - ၂၁၉
(ကစ-၂၁၉၀၀၀ မှ ကစ-၂၁၉၉၉၉ထိ)

စ - ၄၀၉
(စ-၄၀၉၀၀၀ မှ စ-၄၀၉၉၉၉ထိ)

ပ - ၇၇၀
(ပ-၇၇၀၀၀၀ မှ ပ-၇၇၀၉၉၉ထိ)

န - ၉၃၃
(န-၉၃၃၀၀၀ မှ န-၉၃၃၉၉၉ထိ)

ကက - ၂၇၁
(ကက-၂၇၁၀၀၀ မှ ကက-၂၇၁၉၉၉ထိ)

လ - ၆၀၀
(လ-၆၀၀၀၀၀ မှ လ-၆၀၀၉၉၉ထိ)

န - ၇၈၁
(န-၇၈၁၀၀၀ မှ န-၇၈၁၉၉၉ထိ)

ကက - ၉၃၃
(ကက-၉၃၃၀၀၀ မှ ကက-၉၃၃၉၉၉ထိ)

ဍ - ၂၇၅
(ဍ-၂၇၅၀၀၀ မှ ဍ-၂၇၅၉၉၉ထိ)

ဖ - ၇၀၄
(ဖ-၇၀၄၀၀၀ မှ ဖ-၇၀၄၉၉၉ထိ)

**အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ကဌ - ၂၆
(ကဌ-၂၆၀၀၀၀ မှ ကဌ-၂၆၉၉၉၉ထိ)

ကဆ - ၆၉
(ကဆ-၆၉၀၀၀၀ မှ ကဆ-၆၉၉၉၉၉ထိ)

ကဎ - ၂၇
(ကဎ-၂၇၀၀၀၀ မှ ကဎ-၂၇၉၉၉၉ထိ)

ကက - ၇၀
(ကက-၇၀၀၀၀၀ မှ ကက-၇၀၉၉၉၉ထိ)

ဌ - ၂၉
(ဌ-၂၉၀၀၀၀ မှ ဌ-၂၉၉၉၉၉ထိ)

ကဌ - ၇၃
(ကဌ-၇၃၀၀၀၀ မှ ကဌ-၇၃၉၉၉၉ထိ)

ကဈ - ၃၈
(ကဈ-၃၈၀၀၀၀ မှ ကဈ-၃၈၉၉၉၉ထိ)

ဂ - ၇၄
(ဂ-၇၄၀၀၀၀ မှ ဂ-၇၄၉၉၉၉ထိ)

ကစ - ၄၄
(ကစ-၄၄၀၀၀၀ မှ ကစ-၄၄၉၉၉၉ထိ)

ကဏ - ၉၀
(ကဏ-၉၀၀၀၀၀ မှ ကဏ-၉၀၉၉၉၉ထိ)

ဈ - ၆၃
(ဈ-၆၃၀၀၀၀ မှ ဈ-၆၃၉၉၉၉ထိ)

ဂ - ၉၂
(ဂ-၉၂၀၀၀၀ မှ ဂ-၉၂၉၉၉၉ထိ)

**အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း**

၁။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၂၂) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၃၅၄၄၀)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၃) ကြိမ်မြောက် ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (အ) အက္ခရာထိ၊ (ကက) အက္ခရာမှ (ကဓ) အက္ခရာထိ အက္ခရာအလုံး (၅၂)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ယခု (၂၂)ကြိမ်မြောက် ကျပ် ၅၀၀တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂. ၁. ၂၀၁၉) ရက်နေ့မှ စတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၁. ၁. ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
# ရုံးသုံးနှင့်စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့် စက်အရန်ပစ္စည်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | Digital Weighting System(1 Ton) | Nos | 3 |
| (ခ) | Digital Camera | Nos | 5 |
| (ဂ) | Air Conditioner(1.5)HP | Nos | 8 |
| (ဃ) | Air Conditioner(2.0)HP | Nos | 7 |
| (င) | Desktop Computer Core i7 | Nos | 10 |
| (စ) | Printer A4 | Nos | 5 |
| (ဆ) | Scanner A4 | Nos | 10 |
| (ဇ) | Copier A3(23 PPM) | Nos | 2 |
| (ဈ) | Copier A3(20PPM) | Nos | 2 |
| (ည) | Projector | Nos | 1 |
| (ဋ) | မီးခံသေတ္တာ | Nos | 5 |
| (ဌ) | Spare Parts for Printing Machine | Lot | 1 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၈-၁၂-၂၀၁၈ ရက်မှ ၂၈-၁-၂၀၁၉ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၉ရက် နံနက် ၉ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၀၂၈၊ ၀၆၇-၃၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| ၀၆၇-၃၄၁၂၀၂၈၊ | ဖုန်း-၀၆၇-၃၄၁၂၃၉၀ |
| ၀၆၇-၃၄၁၂၁၂၈ | |

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဗဟိုအဆင့်ဆေးရုံကြီးများမှ တည်ဆောက်ရေးလုပ်ငန်း(၈)ခု၊ ကုသရေးဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်း(၄၃)ခု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်း(၁၉)ခုတို့ကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၇-၁-၂၀၁၉
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၂-၂၀၁၉
ညနေ (၄း၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး (ဖုန်း-၀၂-၂၈၄၈၁၃၀) (ယာယီရုံး ၆၂ လမ်း၊ သရဖီလမ်းနှင့် စံပယ်လမ်းကြား၊ ကန်တော်နဒီဆေးရုံ)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
# (၃/၂၀၁၈-၂၀၁၉)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် MRRP သစ်တောစိုက်ခင်းစီမံကိန်းလုပ်ငန်းများနှင့် ညွှန်ကြားရေးမှူးချုပ်ရုံးတွင် အသုံးပြုရန် ရုံးလုပ်ငန်းသုံးစက္ကူ၊ ယူနီဖောင်းပိတ်စ၊ ဦးထုပ်နှင့် ဖိနပ်တို့ကို အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက် (with front Dozer 95 HP) | ၃ စီး |
| | ပုဇဉ်းခေါင်းထော်လာဂျီ<br>(50HPဟိုက်ဒရောလစ်ပြောင်းပါ(၃)တန်ယာဉ်) | ၄ စီး |
| (ခ) | ဂျစ်ပဆင်မှုန့် (25kg အိတ်) | ၅၀၀ အိတ် |
| (ဂ) | ၇"×၃" ပလတ်စတစ်အိတ် (ပေါင် ၅၀ ဝင်) | ၃၀၀ အိတ် |
| | ၈"×၁၀" ပလတ်စတစ်အိတ် (ပေါင် ၅၀ ဝင်) | ၅၀ အိတ် |
| (ဃ) | ဖိုက်ဘာကန် (ဂါလန် ၄၀၀ ဆံ့) | ၁၀ လုံး |
| (င) | ပျိုးဥယျာဉ်လုပ်ငန်းသုံး လက်တွန်းလှည်း | ၁၂၀ စီး |
| (စ) | A 4 စက္ကူ (70 gms)(၅ ထုပ်ပါ) | ၂၀၀ စီး |
| (ဆ) | ကာကီရောင်ပိတ်ပါးစ | ၁၈၃၉ ကိုက် |
| | ဦးထုပ် (တံဆိပ်ပါ) | ၆၁၃ လုံး |
| | ခါးပတ် | ၆၁၃ ခု |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို(၇-၁-၂၀၁၉)ရက်နေ့ ရုံးချိန်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၂၈)၊ နေပြည်တော်တွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး၊ (၃၁-၁-၂၀၁၉) ရက်နေ့ (၁၆း၃၀) နာရီ၌ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၅၃၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာ R.C(၄)ခန်းတွဲ၊ (၄)ထပ် (၆၁'×၆"×၅၁'×၃၉') (၁)လုံး ဆောက်လုပ်ခြင်း၊ ဗန်းမော်ခရိုင်စီမံကိန်းဦးစီးရုံးတိုးချဲ့သံကူကွန်ကရစ် အဆောက်အအုံ (၆၀'×၃၆'×၂၇'×၆") တည်ဆောက်ခြင်းနှင့် ရုံးဝင်းအုတ်တံတိုင်း ကာရံခြင်း (၂၆၆'×၆') ပူတာအိုခရိုင်ဝန်ထမ်းအိမ်ရာနှင့် VIP အိပ်ဆောင်(၄)ခန်းတွဲ၊ (၃)ထပ် R.C (၆၁'×၆"×၅၁'×၃၉') ဆောက်လုပ်ခြင်း၊ နောင်မွန်းမြို့နယ် စီမံကိန်းဦးစီးရုံး R.C (၁)ထပ် (၅၀'×၃၅') ဆောက်လုပ်ခြင်းနှင့် အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၂-၂၀၁၉ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံးတွင် လာရောက်ဝယ်ယူပြီး ၂၈-၂-၂၀၁၉ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် စီမံကိန်းဦးစီးရုံး၊ တယ်လီဖုန်း-၀၇၄-၂၅၂၂၄၄၀၊ ၀၇၄-၂၅၂၃၃၃၉ သို့ ဆက်သွယ်နိုင်ပါသည်။

**ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး**
**မြစ်ကြီးနားမြို့**

## (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့
# အထိမ်းအမှတ်ပွဲတော်ကြော်ငြာ

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၀ရက်မှ ၁၉ရက်နေ့အထိ (၁၀)ရက်တိုင်တိုင် လွိုင်ကော်မြို့၊ ကန္တရဝတီပွဲတော်ကွင်းတွင် အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ကယားပြည်နယ်နေ့ပွဲတော် အခမ်းအနားတွင် ဗဟိုပြခန်း၊ ဌာနဆိုင်ရာနှင့် အရပ်ဘက်ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲများ၊ အရောင်းပြခန်းများနှင့် စျေးဆိုင်ခန်းများ၊ ကန္တရဝတီမောင်/မယ်ပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲနှင့် အငြိမ့်ပွဲများ၊ စက်ဘီးစီး၊ မာရသွန်၊ ဘောလုံး၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် အခြားရိုးရာ အားကစားနည်းမျိုးစုံပြိုင်ပွဲများ၊Iron Cross တေးဂီတအဖွဲ့၏ Free Show ဖျော်ဖြေမှုနှင့် နိုင်ငံကျော်အနုပညာရှင်များစွာ ပါဝင်သည့် စတိတ်ရှိုးပွဲများ၊ အခြား ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကယားပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီ**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ သဖန်းချောင်းအုပ်စု၊ ဉသျှစ်ကုန်းကျေးရွာ အလက(သဖန်းချောင်း)၊ စတုတ္ထတန်းကျောင်းသူ မဆုမြတ်နိုးနှင့် အဋ္ဌမတန်းကျောင်းသူ မပပဝင်းခင်တို့၏ ဖခင်အမည်မှန်မှာ ဦးအုံးဆွေဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဟ/၄၉၈၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**


## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

၁။ (၁) ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး (၂၄)ကြိမ်မြောက် ၅၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်များကိုလည်း ပူးတွဲရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ၁၀၀၀ ကျပ်တန် အောင်ဘာလေထီအတွက် အမြင့်ဆုံးဆု ကျပ်သိန်း ၁၅၀၀၀ (ကျပ် သိန်းတစ်သောင်းငါးထောင်) ချီးမြှင့်မည်ဖြစ်ပြီး ၅၀၀ ကျပ်တန်အောင်ဘာလေထီအတွက် အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀ (ကျပ်သိန်းတစ်သောင်း) ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ထီစာအုပ်ရောင်းချရငွေအပေါ် ခွဲဝေချီးမြှင့်မည့် ဆုမဲစာရင်းများကို ထီဖွင့်ပွဲမတိုင်မီတွင် ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ ၁၀၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်မှာ အလျား ၁၃.၈ စင်တီမီတာ ၊ အနံ ၆.၄ စင်တီမီတာ ရှိပြီး (၁)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-




MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
LUCKY
BONUS
Up to
150%
For Data
အစီအစဉ်တွင်ပါဝင်ရန် *700# ကိုဖုန်းခေါ်ဆိုလိုက်ပါ
E-topup
MPT 4U App
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပါက အင်တာနက် အသုံးပြုနိုင်သော Lucky Bonus ငွေဖြည့် လက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ဂရန်မြေကွက်ကြီးရောင်းမည်

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာ အပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ မျက်နှာစာအကျယ်ပေ(၅၀၀)ခန့်၊ ပတ်ကားခြံခတ်ပြီး၊ (11 KVA) ဓာတ်အားလိုင်းသွယ်တန်းပြီး၊ (60x40)' (RC) တစ်ထပ်အဆောက်အအုံအသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ ခြံဝိုင်းကြီးရောင်းမည်။

**ဖုန်း-၀၉-၈၉၇၇၈၅၀၀၃၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂**


# ရွှေလက်ဆောင်




၂၀၁၉/၂၀၂၀ ပညာသင်နှစ်မှာ မေးခွန်းပုံစံသစ်ဆိုတော့
ဘာသာရပ်တိုင်းကို တတ်သိနားလည်ပြီး မေးခွန်းပုံစံသစ်ကို ရင်ဆိုင်နိုင်ဖို့
အသစ်ပြင်ဆင် လမ်းပြလိုက်သော **တက္ကသိုလ်ဝင်တန်း**

မကြာမီ ထွက်မည်

**ဘာသာစုံ ပြည့်ပြည့်စုံစုံ သင်ရိုးကုန်**

မေးခွန်းပုံစံသစ်နှင့်ညီသော မှတ်စုများ၊ အမေးအဖြေများ၊ လေ့ကျင့်ခန်းများနှင့်
စာအုပ်အရွယ်အစားတို့ အားလုံး အားလုံး - **အသစ်** ...

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။



D.G.C
DAGON GOLF CITY

# WELCOME TO DAGON GOLF CITY

## Golfer မိတ်ဆွေများ အတွက် သတင်းကောင်း

| GREEN FEE | | | | |
|---|---|---|---|---|
| | Local | | Foreigner | |
| | Before | Now | Before | Now |
| WEEKDAY | ~~40,000 Ks~~ | 30,000 Ks | ~~U$ 40~~ | U$ 30 |
| WEEKEND & PUBLIC HOLIDAYS | ~~60,000 Ks~~ | 40,000 Ks | ~~U$ 60~~ | U$ 40 |
| SPORT DAY (EVERY WEDNESDAY) | 20,000 KS | | U$ 20 | |

~ For Membership & Booking ~
Please Contact:
09 445 88888 1
09 445 88888 2
09 445 88888 3

Dagon Golf City, Kha Yay Pin Road,
Mingaladon Township, Yangon, Myanmar





### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/A၊ မြေကွက်အမှတ် ၂၁င/က-၁၊ ဧရိယာ ၆ ဒသမ ၃၈၁၈ဧက၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၂၁င/က-၁၊ ဘိုခြံလမ်း၊ ပြည်လမ်းဘက်အခြမ်း၊ ပျဉ်းမပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် မစ္စတာရပ်နီရန်ဂျန်ဒါတ်စ်(ခ)အမည်ပေါက် မြေအမျိုးအစား RR (ဟိုတယ်နှင့် အိမ်ရာဆောက်လုပ်အသုံးပြုခွင့်အမိန့်) ၂၇-၅-၂၀၁၅ရက်စွဲပါစာအမှတ် ၃/၆-၃(၅၄) စိုက်မွေးဟု မှတ်သားထားသည့်မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက် အစိတ်အပိုင်းအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၄၃၃၁/၁၆ (၂၅-၇-၁၆)၊ ၃၃၇၀/၁၈(၁၈-၁၀-၁၈)ဖြင့် ပိုင်ဆိုင်သူ ဒေါ်တင်တင်ချို ၇/သနပ(နိုင်)၀၁၄၉၈၃မှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၄၁/၂၀၁၄(၁၂-၁၂-၁၄)၊ ၂၄၂/၂၀၁၄ (၁၂-၁၂-၁၄) အရောင်းအဝယ်မှတ်ပုံတင်စာချုပ်တို့ကိုတင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဖက်တန်းလမ်းနေ သမီးဖြစ်သူ မအိမ့်မို့မို့ ၁၄/ပသန(နိုင်)၂၉၂၂၇၈သည် မိဘ၏ ဆိုဆုံးမှုကို လုံးဝနာခံခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**မိဘ ဦးအောင်နိုင်-ဒေါ်မြမြဇော်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်မ ဒေါ်ခင်ဆွေအေးသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ ၁ လမ်းရှိ ဦးသန်းတင်အမည်ပေါက် ပေ(၄၀×၆၀) ခြံမြေမှ ခေါင်းရင်းခြမ်း၊ အမှတ် ၆၃၃၊ (၂၀'×၆၀')အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမင်းမင်း ၁၂/ဥကတ(နိုင်)၀၉၃၀၃၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် အိမ်၊ ခြံ၊ မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ ကန့်ကွက်မည်ဆိုပါက ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေအေး၊ ဖုန်း-၀၉-၄၂၀၀၈၃၁၄၈၊ ၀၉-၇၇၈၁၆၅၂၄၅**

# နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ဘားအံမြို့ အထင်ကရနေရာများတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား


ဘားအံမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ကြောင့်ကမ်လာဘ်တွင် လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကြောင့်ကမ်လာဘ်၊ ဘုရင့်ညီနောင် ရတနာလိုဏ်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ လင်းနို့ဂူ၊ ဆဒ္ဒန်ဂူ၊ ရေတံခွန် ရေလှောင်တမံ၊ ချစ်သူမြိုင်အပန်းဖြေဥယျာဉ်၊ ရွှေယဉ်မျှော်နှင့် ဘုရားကြီးဝင်းတို့ကဲ့သို့သော အထင်ကရနေရာများနှင့် တန်ခိုးကြီးကျောင်းကန်ဘုရားများသို့ နှစ်သစ်ကူးရုံးပိတ်ရက် အားလပ်ရက် လေးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပန်းဖြေလာရောက်သူများသည် သာမန်နေ့ရက်များထက် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ လာရောက်ဘုရားဖူး အပန်းဖြေသူများအနက်မှ ရန်ကုန်မြို့မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံမှ မနွယ်နီဦးက "နှစ်သစ်ကူးအားလပ်ရက် လေးရက်မှာ ပထမ စနေ၊ တနင်္ဂနွေ နှစ်ရက်ကိုတော့ အလုပ်ဖြစ်တဲ့ စာသင်တဲ့ အလုပ်ကိုလုပ်ပါတယ်။ ၃၀ ရက် ညနေပိုင်းကနေစပြီးတော့ ခရီးစထွက်ဖြစ်ပါတယ်။ ကျိုက်ထီးရိုးမှာ တစ်ရက်နေပြီးတော့ ဘားအံကို လာလည်ဖြစ်တယ်။ ဘားအံမှာ ကော့ဂွန်းဂူရယ်၊ ဘုရင့်ညီဂူရယ်၊ ရသေ့ပုံဂူရယ် သွားရောက်လည်ပတ်ပြီးတော့မှ အခု ကြောင့်ကမ်လာဘ်ကို ဘုရားဖူး လာရောက်လည်ပတ်ဖြစ်တာပါ။ ဒီကပြီးရင် ဇွဲကပင်တောင်ခြေမှာရှိတဲ့ ဇွဲကပင်သဘာဝအပန်းဖြေဥယျာဉ်ကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ ထူးခြားတာလေးတစ်ခုကတော့ ရသေ့ပုံဂူမှာ တောင်ထဲကို ဝင်ပြီးတော့ ဂူထဲမှာ လှေစီးခဲ့ရတာ အစ်မဘဝရဲ့ ပထမဦးဆုံး

စာမျက်နှာ ၇ ကော်လံ ၁ ✤

## မလေးရှားဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာမှ ရဲလင်းထွန်း ရွှေတံဆိပ်နှင့် သီဟဇော် ငွေတံဆိပ်ဆွတ်ခူး

**ရန်ကုန် ဇန်နဝါရီ ၁**

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပခဲ့သည့် ဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လက်ဝှေ့ကစားသမားခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ရဲလင်းထွန်းနှင့် သီဟဇော်တို့ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲပြိုင်ပွဲများကို ယမန်နေ့ ညပိုင်းက ကျင်းပခဲ့ရာ ၆၄ ကီလို၊ လိုက်ဝယ်သာဝိတ်တန်းတွင် သီဟဇော်(မြန်မာ)နှင့် Jhonatan Siagian(အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ကစားကြရာ သီဟဇော်ကို အင်ဒိုနီးရှားကစားသမားက အမှတ်ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆွတ်ခူးကာ မြန်မာမှ သီဟဇော်က ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ နောက်တစ်ပွဲဖြစ်သည့် ၇၅ ကီလို မစ်ဒယ်ဝိတ်တန်းတွင် ရဲလင်းထွန်း(မြန်မာ)နှင့် Wanzuhaili Bin Wanzain (မလေးရှား)တို့ သုံးချီပြည့် ယှဉ်ပြိုင်ကစားကြရာ မြန်မာမှ ရဲလင်းထွန်းက မလေးရှားကို

စာမျက်နှာ ၇ ကော်လံ ၃ ◆


ပြိုင်ပွဲအပြီး မြန်မာလက်ဝှေ့ကစားသမားများအား တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် မင်္ဂလာ မမွှသဘင် ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပ

စာမျက်နှာ » ၃



## ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ တက်ရောက်မည်

**မိတ္ထီလာ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်အတွင်းရှိ အရှေ့မြင်အနောက်မြင်တောင်နှင့် ဟိုပုံးမြို့နယ်အတွင်းရှိ မဲနယ်တောင်တောင်တက်ခရီးစဉ်နှစ်ခု တက်ရောက်ပြီးလျှင် ပူတာအိုမြို့နယ်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင်ပေါ် အမြင့်ပေ ၁၁၉၂၀ ပေသို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အဖွဲ့ရဲ့ တစ်နှစ်တာ နောက်ဆုံးတောင်တက်ခရီးစဉ်တွေအဖြစ် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အရှေ့မြင် အနောက်မြင်တောင် အမြင့် ၇၇၅၂ ပေကို ဇန်နဝါရီ ၅ ရက် တက်ရောက်မှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလထဲမှာ ဟိုပုံးမြို့နယ်အတွင်းက မဲနယ်တောင်တန်းဒေသရှိ အမြင့်ပေ ၈၀၀၀ ခန့်ရှိတဲ့ လွယ်မိုင်းတောင်ပေါ်ကို တက်ရောက်သွားမှာ ဖြစ်ပါတယ်။ အရှေ့မြင် အနောက်မြင်တောင်နဲ့ မဲနယ်တောင် တောင်တက်ခရီးစဉ်နှစ်ခု တက်ရောက်ပြီးရင် ပူတာမြို့နယ်အတွင်းမှာရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင်

စာမျက်နှာ ၆ ကော်လံ ၁ ❍

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘ ပြည်သူ များ၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ခရစ်နှစ် ၂၀၁၉ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



ရန်ကုန်မြို့မှာ မြို့ပြဖွံ့ဖြိုးမှု တိုးမြှင့်ဆောင်ရွက်သွားမယ့် မြို့နယ်တွေအဖြစ် မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တွေမှာ လုပ်ကိုင်သွားဖို့ ရှိနေပါတယ်။ အဲဒီမြို့နယ်တွေဟာ တဖြည်းဖြည်းနဲ့ ရန်ကုန်မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာအဖြစ် ရောက်ရှိလာနေတာမို့ စနစ်တကျနဲ့ ဆောင်ရွက်သွားမယ်ဆိုရင် တိုးမြှင့်လုပ်ဆောင်လို့ရတဲ့ မြို့နယ်တွေ ဖြစ်ပါတယ်။

# အဆင့်မြှင့်တင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး

## နယ်မြေတွေနဲ့ မြို့ရန်ကုန်

ဝေယံဦး



**ရန်ကုန်မြို့ဟာ** နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် ရေရှည်တည်တံ့တိုးတက်ဖွံ့ဖြိုးဖို့ဆိုတာ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုရမှာ ဖြစ်ပါတယ်။ လူနေထိုင်မှု သိပ်သည်းလာသလို မော်တော်ယာဉ်တွေလည်း များပြားလာတာမို့ စနစ်တကျနဲ့ လူမှုဘဝနေထိုင်နိုင်ဖို့ဆိုတာ ထိန်းသိမ်းစောင့် ရှောက်မှုလိုအပ်လာပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအပါအဝင် ပြည်သူတွေလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်မှ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံမှာ လူဦးရေ နေထိုင်မှုအများဆုံးဖြစ်ပြီး စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အများဆုံးတည်ရှိရာ တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်အောင် အသစ်အသစ်တည်ဆောက်မှုလုပ်ငန်းတွေ အားပေးရမှာဖြစ်သလို သဘာဝပတ်ဝန်းကျင်၊ ရှေးဟောင်းမြို့ပြအမွေအနှစ်တွေ မထိခိုက်မပျက်စီးအောင်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ရန်ကုန်မြို့ရဲ့ ၃၃ မြို့နယ်ကို အဆင့်မြှင့်တင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် နယ်မြေရိယာတွေ သတ်မှတ်ထားပြီဖြစ်ပါတယ်။ အဲဒီလိုသတ်မှတ်တဲ့အခါ လက်ရှိမြို့ပြသဘာဝပတ်ဝန်းကျင်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာ၊ မြို့ပြဖွံ့ဖြိုးရေးအား ထိန်းသိမ်းနိုင်ရန် သတ်မှတ်ထားသည့်

**အချပ်ပို (ယ) သို့**

# နှစ် ၆၀ ပြည့် သာကေတမြို့နယ်

**ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း** တည်ရှိသော သာကေတမြို့နယ်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မြို့တည်သက်တမ်း နှစ် ၆၀ တင်းတင်းပြည့်မြောက်တော့မည်ဖြစ်သည်။

မြို့ဝင်ကျောက်စာတိုင်မှ မှတ်တမ်းအရ "သာကေတမြို့ကို ၁၃၂၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်တွင် စတင်တည်ဆောက်သည်"ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရပြီးနောက် ဧပြီလမှစတင်ကာ ပြည်တွင်းစစ်မီးနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်းစစ်ကြောင့် ကျေးလက်ဒေသတွင် နေထိုင်ကြသူများအဖို့ နီးရာဓား၊ နီးရာသေနတ်များကို ရှောင်ကွင်းလျက် ရန်ကုန်မြို့နယ် အနှံ့အပြား၌ လာရောက်ခိုလှုံ အခြေချနေထိုင်လာခဲ့ကြရသည်။ ကွက်သစ်အများအပြား ပေါ်ထွက်လာခဲ့သည်။

ထိုစဉ်က ယခုကဲ့သို့ အကွက်ချစနစ်တကျ တည်ဆောက်နေထိုင်ခြင်းမဟုတ်ဘဲ တဲအဖြစ်၊ အိမ်အဖြစ်သာသာ တည်ဆောက်နေထိုင်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ ထို့အတွက် သတင်းစာဆရာကြီး ဦးသိမ်းမောင်က ရန်ကုန်ရာဇဝင်သမိုင်းစာအုပ် စာမျက်နှာ ၃၀၄ ၌ "ရန်ကုန်မြို့ကြီးသည် ဖြစ်ချင်သလိုဖြစ်ပြီး ညစ်ပတ်ပေကျံနေသော မြို့ကြီးတစ်မြို့ ဖြစ်ခဲ့သည်"ဟု မှတ်တမ်းတင်ရေးသားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ကို ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးအဖြစ် တည်ဆောက်ရန် "မဟာရန်ကုန်မြို့တော် တည်ဆောက်ရေးစီမံကိန်း" ကို ရေးဆွဲခဲ့သည်။

၁၉၅၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော "အိမ်စောင့်အစိုးရ"တက်လာခဲ့သည်။

ပြည်သူ့လုပ်ငန်းအိမ်ရာ ဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ဗိုလ်မှူးချုပ်တင်ဖေက ဝန်ကြီးဖြစ်လာခဲ့ပြီး ဗိုလ်မှူးကြီး ထွန်းစိန်က ရန်ကုန်မြို့တော်ဝန် (မြူနီစီပယ်မင်းကြီး) ဖြစ်လာခဲ့သည်။

ဗိုလ်မှူးကြီး ထွန်းစိန်က "မြို့တော်ကို ချွေးနှင့်ဆေးမည်"ဟု တက်ကြွစွာ ကြွေးကြော်ခဲ့သည်။ မြို့တော်ဝန်သည် ပြည်သူလူထုအင်အား တပ်မတော် ကြည်း၊ ရေ၊ လေ စစ်သမီးအင်အား ပါမကျန် ပေါင်းစုစည်းရုံး၍ မြို့တော်ကြီးသန့်ရှင်းရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရာ နိုင်ငံခြားသားများပင် အံ့သြငေးမောခဲ့ရသည်ဟု ဆိုသည်။

ဖ.ဆ.ပ.လ နှစ်ခြမ်း ကွဲပြီးနောက် ရပ်ဆိုင်းခဲ့ရသော "မဟာရန်ကုန်မြို့တော် တည်ဆောက်ရေးစီမံကိန်း" ကြီးကို ပြန်လည်စခဲ့သည်။ မြို့သစ်များအဖြစ် သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ မြောက်ဥက္ကလာပမြို့သစ်ကြီး သုံးမြို့ကို အိုးအိမ်အဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ နေ့ချင်း ညချင်း တည်ဆောက်ခဲ့သည်။

သာကေတမြို့သစ်စီမံကိန်း စသည်နှင့် ဗမာ့တပ်မတော် အင်ဂျင်နီယာအဖွဲ့က ပုသိမ်ညွန့်မီးရထားတံတားဟောင်းကြီးကို ထိုခေတ်အခေါ် " တစ်လမ်းမောင်း" မော်တော်ကားလမ်းအဖြစ် ပြုပြင်တည်ဆောက်ခဲ့သည်။

ယခင်ရှိပြီးသား လမ်းဟောင်းများကို ဘေးဘယ်၊ ညာ တိုးချဲ့၍ ရောဝဏ်လမ်း၊ မင်းနန္ဒာလမ်း၊ မြင်တော်သာလမ်း၊ ယမုံနာလမ်းမကြီးများအဖြစ် ပြောင်းလဲခဲ့သည်။ ရှုခင်းသာလမ်းနှင့် အရှေ့မြို့ပတ်လမ်းများ ပေါက်ခဲ့သည်။ ထိုမှ ကန့်လန့်ဖြတ်လမ်းများ တည်ဆောက်ခဲ့သည်။ နံပါတ်စဉ်လိုက် ရပ်ကွက်များတပ်၍ မြေကွက်များ ရိုက်ပေးခဲ့သည်။

မြေကွက်များပေါ်လာသည်နှင့် မြူနီစီပယ်အဖွဲ့က လင်း(စ်) ဒေါင်းမှစတင်၍ ပုဇွန်တောင်၊ အလီမူလာ၊ ထင်းပုံဆိပ်၊ ကျီတော်၊ ပေတောကုန်း၊ စက်ဆန်း၊ အမဲဈေး၊ ပုသိမ်ညွန့်၊ တာမွေနတ်ချောင်းနှင့် အခြားမြို့နယ်တို့မှ "ကျူး"များကို ဖျက်သိမ်း၍ နေရာအစားပေးခဲ့သည်။

သောက်သုံးရေများ အခက်အခဲမရှိစေရေးအတွက် ဂျိုးဖြူမှ ရေကို ပိုက်လိုင်းကြီးများဖြင့် သွယ်တန်း၍ ပေးခဲ့သည်။ ရပ်ကွက်၊ လမ်းထိပ်တိုင်း၌ အုတ်ရေကန်များ တည်ဆောက်ပေးခဲ့သည်။

မြို့လူထုသောက်သုံးရေ မလုံလောက်မှုကြောင့် ရောဝဏ်လမ်းနှင့် အနော်မာလမ်းထောင့်တွင် ယနေ့တိုင် နာမည်ကျော် "အနော်မာသောက်ရေကန်ကြီး" ကို ဗိုလ်မှူးကြီး ထွန်းစိန် (မြို့တော်ဝန်)နှင့် ပွင့်ကောင်းငါးပိ ငံပြာရည်စက်ရုံပိုင်ရှင် ဦးပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီတို့က ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပန္နက်ချ တူးဖော်လှူဒါန်းပေးခဲ့သည်။

မြို့စီမံကိန်းရေးဆွဲစဉ်ကတည်းကပင် တိကျသော နေရာချထားမှုများရှိခဲ့သည်။ မြို့သစ်နေပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်မှုလက်မှုရပ်ကွက်၊ သာသနာ့နယ်မြေ၊ မြို့ပြစီမံကိန်းအုပ်ချုပ်ရေးအတွက် ရုံး၊ ကျောင်း၊ ရဲစခန်း၊ မီးသတ်စခန်းများ၊ ပြည်သူလူထုအနားယူအပန်းဖြေစေနိုင်ရန်အတွက် ရုပ်ရှင်ရုံနှင့် ပန်းခြံများ၊ ကျန်းမာရေးနှင့် အားကစားအတွက် ဆေးရုံနှင့် ဘောလုံးကွင်းများ တည်ဆောက်ရန် လျာထားပါဝင်ခဲ့သည်။

**စက်မှုဇုန်**

ပ.ထ.စ (ပြည်ထောင်စု) အစိုးရခေတ်တွင် သာကေတစက်မှုလက်မှုရပ်ကွက်ကို ဖော်ထုတ်ခဲ့ပြီး လမ်းမတော် ကီလီဈေးတစ်ဝိုက်ရှိ ငါးပိငါးခြောက်ပွဲရုံများကို ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ထို့နောက် ထိုခေတ်ထိုအခါက နာမည်ကျော်ကြားခဲ့သော "ဗမာ့သဘော်ာဆေးစက်ရုံ"၊ "ရွှေခြင်္သေ့ကော်ဖီစက်ရုံ"၊ "ဟံသာအေးနိုင်လွန်အထည်စက်ရုံ"၊ "ပွင့်ကောင်းငံပြာရည်စက်ရုံ"၊ "ကြက်ဆင်ဖဲထီးစက်ရုံ"၊ "အဏ္ဏဝါဆားစက်ရုံ" စသည်များက လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ကြသည်။

**မြို့တော်တံတားကြီးများ**

ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်အကြား ပုဇွန်တောင်ချောင်းကူးတံတားကို "သာကေတတံတား"ဟု အမည်ပေးတည်ဆောက်ခဲ့ပြီး ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

ကိုလံဘိုစီမံကိန်းအရ ကနေဒါနိုင်ငံ၏ အကူအညီဖြင့် ၁၉၆၆ ခုနှစ်က ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလယ်ခန်းဖွင့်များမှာ အရှင်ဖြစ်သည်။ ရေလမ်းမှ သင်္ဘောကြီးများသွားလာပါက အလယ်ခန်းဖွင့်ကြမ်းခင်းနှစ်ခုမှာ အပေါ်သို့ ထောင်ပေးနိုင်သည်။

တံတားတည်ဆောက်မှု သက်တမ်းနှစ် ၅၀ ကျော်လာပြီဖြစ်သည့်အတွက် ယင်းသာကေတတံတားနှင့် ကပ်လျက်တွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တံတားအသစ်တစ်စင်း တည်ဆောက်ခဲ့ပြီး "ဒေါပုံတံတား" ဟု အမည်ပေးခဲ့ကာ ယနေ့ NLD အစိုးရလက်ထက် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သာကေတမြို့နယ်နှင့် သုဝဏ္ဏကို ဆက်သွယ်ပေးသည့် "သုဝဏ္ဏတံတား"ကို ၁၉၈၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ငမိုးရိပ်ချောင်းကိုပင် ဖြတ်သန်းလျက် သင်္ဃန်းကျွန်းမြို့နယ်အတွင်း သုဝဏ္ဏနှင့်ဆက်သွယ်သော ငမိုးရိပ်(သုဝဏ္ဏ) ဒုတိယတံတားကို ယခင်တံတားဟောင်းနှင့် ၇၅ ပေအကွာတွင် တည်ဆောက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်သို့ တိုက်ရိုက်ပေါင်းကူးနိုင်သည့် "သန်လျင်တံတား" ယနေ့ နောက်ပိုင်းတံတားသစ်များ ဖြည့်ဆည်းတည်ဆောက်လာနိုင်မှုကြောင့် ယခု "သန်လျင်အမှတ်(၁) တံတား"ကို တရုတ်-မြန်မာ ချစ်ကြည်ရေးအဖြစ် ၁၉၈၆ ခုနှစ်က တည်ဆောက်ခဲ့သည်။ ရှစ်လေးလုံးအရေးအခင်းတွင် ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ၁၉၉၀ တွင်မှ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တံတားတည်ဆောက်မှုသက်တမ်း ၂၅ နှစ်ကို ကျော်လာခဲ့ပြီး ယခုအခါ တံတားပေါ်မှ ဖြတ်သန်းသွားလာမှုမှာ အဆပေါင်းများစွာ များပြားလာမှုကြောင့် "သန်လျင်တံတား အမှတ် ၃"ကို ဂျပန်နည်းပညာဖြင့် တည်ဆောက်ရန်စီစဉ်နေပြီဖြစ်သည်။ တရုတ်တံတား၊ ဂျပန်တံတားနှစ်စင်း တူယှဉ်ထိုးလာမှုကြောင့် ပြည်သူအများက "တရုတ်တံတား" "ဂျပန်တံတား"ဟူ၍ ယခုကပင် အမည်တပ် ခေါ်ဆိုနေကြပြီဖြစ်သည်။




သင်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်အကြားရှိ ငမိုးရိပ်ချောင်းပေါ်မှ တည်ဆောက်ထားသော "ကမာကြည်တံတား"ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၇ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ပုဇွန်တောင်ချောင်းကို ဖြတ်ကျော်လျက် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်တည်ဆောက်ထားသော်လည်း သာကေတမြို့နယ်အတွက် အရေးပါသည့် "မဟာဗန္ဓုလတံတား" ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**ဆိပ်ခံတံတား**

သာကေတဆိပ်ခံတံတားသည် ၆ ရပ်ကွက် ရှုခင်းသာလမ်းမကြီး၏ တောင်ဘက် ပဲခူးမြစ်ဘေးတွင် တည်ရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကြယ်ငါးပွင့်လုပ်ငန်းမှ "သာကေတဆိပ်ခံတံတား" ကို ၁၉၉၆ ခုနှစ်တွင် စတင်ပန္နက်စိုက်ခဲ့ပြီး ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ထိုစဉ်က ဟားခါး၊ မြစ်ကြီးနား၊ တောင်ကြီး၊ သံလွင်၊ ချင်းတွင်းကမ်းရိုးတန်းသင်္ဘောကြီးများဖြင့် ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မွန်ပြည်နယ်ရှိ မော်လမြိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ခရီးသည်နှင့်ကုန်စည်များကို ပို့ဆောင်ပေးခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဧပြီလ ၁ ရက်မှစတင်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းခဲ့သည်။

**ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ**

မြို့နယ်အတွင်း အစည်ကားဆုံးနေရာမှာ "ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ"ပင် ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၁၀ တောင်ရပ်ကွက် အမှတ် (၁) သန်လျင်တံတားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

၇ ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း(သာကေတအဝိုင်း)အနီးတွင် တည်ရှိသည်။ ကိုယ်ထူကိုယ်ထ ခုတင် ၁၆ လုံးဆံ့အဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ၁၉၉၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ခုတင် ၂၅လုံးဆံ့ မြို့နယ်ဆေးရုံအဖြစ် တိုးချဲ့ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် HIV/AIDS လူနာများအတွက် အားထားရာဆေးရုံဖြစ်လာခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ခုတင် ၁၀၀ ဆံ့ ဗဟိုအဆင့်ဆေးရုံအဖြစ် အဆင့်ဆင့်တိုးတက်လာခဲ့သည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၈ ခုနှစ်က စတင်ခဲ့သည်။ မြန်မာ-ကမ္ဘောဒီးယားချစ်ကြည်ရေးခရီးစဉ်မှ လက်ဆောင်ရခဲ့သော မိကျောင်းသုံးကောင်အနက် တစ်ကောင်ကို ထိုစဉ်က ပုလဲနှင့် ငါးမွေးမြူရေးကော်ပိုရေးရှင်းက လက်ခံရယူပြီး မွေးမြူခဲ့ခြင်းဖြစ်သည်။

မွေးမြူစဉ်အစက နိုင်ငံခြားဝင်ငွေကောင်းရရှိနိုင်ရန်အတွက် ရည်ရွယ်ခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်သော အပင်နှင့်တိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ရေးစာချုပ် (C၊ T၊ ES) အရ ၁၉၉၇ ခုနှစ်တွင် မိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းမွေးမြူထိန်းသိမ်းရေးနှင့် အပန်းဖြေစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မိကျောင်းအကောင်ရေ ၅၀၀ ကျော် မွေးမြူပြသလျက်ရှိနေသည်။

ခေတ်စနစ်များ အလီလီပြောင်းလဲခဲ့သည့်အကြား စီးမျောလျက် ယနေ့နှစ် ၆၀ ပြည့် သာကေတမြို့သည် အစိုးရဌာနဆိုင်ရာ ယန္တရားကြီး ၂၇ ခု၊ ဘာသာ သာသနာကို စောင့်ရှောက်တော်မူကြသော ဘုရားကျောင်းကန်နှင့် စာသင်တိုက်ကြီး ၁၁ တိုက်၊ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၇၆ ကျောင်း၊ အပြည်ပြည်ဆိုင်ရာကောလိပ်နှင့် ကိုယ်ပိုင်(ပုဂ္ဂလိက) ကျောင်းပေါင်း ၁၁ ကျောင်း၊ ပြည်သူ့ကျန်းမာရေးအတွက် ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံ၊ ရဲ-မီးသတ်စခန်း၊ စည်ပင်ဈေးရှစ်ဈေး၊ ပုဂ္ဂလိကဘဏ်ကြီး ခုနစ်ဘဏ်၊ ကုန်တိုက်ကြီးနှစ်တိုက်၊ ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်၊ အိမ်ခြေပေါင်း ၃၀၀၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ၄၆၀၀၀ ကျော်၊ လူဦးရေနှစ်သိန်းနှစ်သောင်းကျော်ဖြင့် ယနေ့နှစ် ၆၀ ခရီးမှသည် ရှေ့နှစ်ပေါင်းများစွာကို ဖြတ်ကျော်လျက် ဖွံ့ဖြိုးမြဲ၊ တိုးတက်မြဲ၊ စည်ပင်မြဲပင် ရှိနေဦးမည်ဖြစ်ပေသည်။ ။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

---

အချပ်ပို (ဃ)မှ

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနောက်ဘက်ရှိ အင်းလျားကန်စပ်၌ ဖွင့်လှစ်ထားသော စိမ်းလန်းစိုပြည်ဂါဒင်းတွင် ကလေးငယ်များအတွက် ဆေးရောင်ခြယ်နှင့် ပန်းချီပြိုင်ပွဲများ ကျင်းပပေးမည်ဟု ဆိုသည်။

စာရေးသူတို့ ငယ်စဉ်ကာလက နံနက်အရုဏ်တက်ချိန်မှ ညနေ နေဝင်ချိန်တိုင်အောင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားများထဲတွင် အချိန်ကုန်လေ့ရှိသည်။ နံနက် ၅နာရီခန့်တွင် စတင်လေ့ရှိသောအပြေးပြိုင်ပွဲများမှ အစပြု၍ ကစားနည်းတစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ကစားကာ မွန်းတည့် ၁၂ နာရီခန့်တွင် ထမင်းစားချိန်အဖြစ် ခေတ္တရပ်နားလေ့ရှိသည်။ ညနေ ၃ နာရီခန့်တွင် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ကျန်သောကစားနည်းများကို ဆက်လက်ကစားပြီး ည ၇ နာရီခန့်တွင် ဆုပေးပွဲများစတင်လေ့ရှိသည်။ ည ၉ နာရီခန့် ဆုပေးပွဲများအပြီးတွင် တစ်နေ့တာ လွတ်လပ်ရေးနေ့အစီအစဉ်များ အဆုံးသတ်လေ့ရှိသည်။

ဆောင်းရာသီတစ်ခုသော နံနက်ခင်း၏ အရုဏ်တက်ချိန်တွင် ရပ်ကွက်အတွင်းရှိ အသံချဲ့စက်မှ လွတ်လပ်ရေးသီချင်းသံနှင့်အတူ ကလေးငယ်များ အိပ်ရာထ၊ အပြေးအလွှား သွားရောက်ကစားကာ တစ်နေ့တာပတ်လုံးကို ဖြတ်ကျော်လေ့ရှိပြီး ညနေမိုးချုပ် အိမ်ပြန်ချိန်တွင် ရရှိထားသောဆုများကို ရင်ဝယ်ပိုက်ကာ အပြုံးနှင့်အတူ အိမ်ပြန်လေ့ရှိသော နေ့ရက်များသည်ကား နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့တည်းဟူသော လွတ်လပ်ရေးနှစ်ပတ်လည်နေ့များပင် ဖြစ်ပါတော့သည်။ ။



# ရန်ကုန်မြို့ပြ သန့်ရှင်းခေတ်မီလှပဖို့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်စို့

**ရုံးပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့မို့ ရွှေတိဂုံစေတီတော်မြတ် မုခ်လေးမုခ်မှာ ဘုရားဖူးပြည်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ အနောက်ဘက် မုခ်အနီးတွင်ရှိသော ပြည်သူ့ရင်ပြင်တွင်လည်း လာရောက်အပန်းဖြေသူတို့ဖြင့် စည်ကားလျက်ရှိသည့် နည်းတူ ရွှေတိဂုံတောင်ဘက်မုခ်ရှိ ဦးဥတ္တမပန်းခြံနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့တွင်လည်း လာရောက်အပန်းဖြေသူတို့ဖြင့် ရန်ကုန်မြို့သည် အလုပ်ပိတ်ရက် အပန်းဖြေ အနားယူသူတို့ဖြင့် လှုပ်လှုပ်ရှားရှား စည်ကားလျက်ရှိသည်။**

**သော်တာနှမ့်စန်၊ ဓာတ်ပုံ -သစ္စာ**



လမ်းမကြီးလေးဘက်မှ လှမ်းမြော်ဖူးတွေ့ရသော ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ရွှေရောင်ဝင်းဝါတောက်ပလျက် ဖူးမြော်ရသူ အပေါင်းကို ကြည်ညိုသဒ္ဓါ တိုးပွားစေလျက်ရှိသည်။ ပြည်သူ့ရင်ပြင်မှ အရှေ့ဘက်တွင် ရွှေတိဂုံစေတီတော်မြတ်၊ အနောက်ဘက်တွင် လှပဝင့်ကြွားစွာတည်ရှိနေသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ရန်ကုန်တိုင်းလွှတ်တော်တို့မှာ ခံ့ထည်စွာဖြင့် ရန်ကုန်မြို့ပြ၏ဂုဏ်ကို ပြသလျက်ရှိနေသည်။

### ရန်ကုန်မြို့ သန့်ရှင်းသာယာရေး ဝိုင်းဝန်းဆောင်ရွက်

မြန်မာပြည်၏ စီးပွားရေး၊ နိုင်ငံရေးအရ အချက်အချာကျရာ မြို့ပြတစ်ခုလည်းဖြစ်၊ နိုင်ငံခြားသားခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်ရာဒေသဖြစ်သည့်အပြင် ကိုလိုနီခေတ်၏လက်ရာများ ယနေ့တိုင်ကျန်ရှိလျက် မြို့ပြအမွေအနှစ်တို့ ထိန်းသိမ်းသိုမှီးရာမြို့ကြီးအဖြစ်ထင်ရှားလျက်ရှိသည်။ နိုင်ငံခြားသားခရီးသွားများလည်ပတ်ရာ ပုဂံနှင့်အင်းလေးပြီးလျှင် ဒုတိယအများဆုံး ခရီးသွားဝင်ရောက်ရာနေရာလည်းဖြစ်သည်။ ထိုမြို့ပြကြီး တစ်နှစ်ထက်တစ်နှစ်ခေတ်မီလှပသန့်ရှင်းသာယာလှပလာရန် အစိုးရတစ်ရပ်တည်းတွင် တာဝန်ယူရန် မဟုတ်ဘဲ ပြည်သူအပေါင်းမှလည်း မိမိနိုင်ငံ၏ဂုဏ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထိန်းသိမ်းဖော်ဆောင်သည့်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် မြို့ပြသန့်ရှင်းသာယာလှပရေးကို ဝိုင်းဝန်းလက်တွဲဖော်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ ရန်ကုန်မြို့ကြီး အစဉ်သန့်ရှင်းလှပနေမည်ဖြစ်သည်။ ယနေ့ရန်ကုန်မြို့ပြ၏ လမ်းမများပေါ်တွင် မြို့ပြအင်္ဂါနှင့် ညီညွတ်မှုမရှိသောအရာများကို ပိုမို၍တွေ့မြင်ရသည်။

ရန်ကုန်မြို့တွင်းဆိုလျှင် မဟာဗန္ဓုလပန်းခြံ၊ ဆူးလေစေတီတော်တို့တွင် နေ့စဉ် အများပြည်သူနှင့် နိုင်ငံခြားသားများ လာရောက်လည်ပတ်ရာနေရာအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ထို့အတူ ဆူးလေလူကူးခုံးကျော်တံတား၊ ပန်းဆိုးတန်းလူကူးခုံးကျော်တံတားနှင့်ကမ်းနားတို့တွင်လည်း အပန်းဖြေသူ၊ အနားယူသူတို့ဖြင့် ရန်ကုန်မြို့ပြ၏အလှကို နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကြည့်ရှုခံစားလျက်ရှိသည်။ ဆူးလေလူကူးခုံးကျော်တံတားပေါ်မှ ရွှေရောင်တောက်ပနေသော ကြည်ညိုဖွယ် ဆူးလေစေတီတော်ကြီးနှင့် ဟိုတယ်ကြီးများ၊ တာဝါအဆောက်အအုံများ၊ တည်ဆောက်စ အဆောက်အအုံတို့မှာ ရန်ကုန်မြို့ကြီး၏ တရိပ်ရိပ်ဖွံ့ဖြိုးတိုးတက်လာမှုကို ပြသလျက်ရှိသည်။ ရန်ကုန်မြို့တွင် အသစ်အသစ်သော အဆောက်အအုံများနှင့် ဟောင်းနွမ်းစပြုနေသော လူနေတိုက်တာ အဆောက်အအုံတို့ကိုလည်း သန်လျင်တံတား၊ ဘုရင့်နောင်အမှတ်(၁)တံတားနှင့် တွံတေးကြိုးတံတားပေါ်မှတွေ့မြင်ရသည်မှာ မြို့ပြ၏အလှနှင့် ဂုဏ်ကျက်သရေကို ပေါ်လွင်စေလျက်ရှိသည်။ နောင်ဆိုလျှင် ရန်ကုန်-ဒလတံတားကြီးပေါ်မှ ရန်ကုန်မြို့ပြ၏အလှကို နေ့၊ ညအနီးကပ်ကြည့်ရှုခံစားနိုင်တော့မည် ဖြစ်သည်။

ရန်ကုန်မြို့တွင် ဆူးလေလူကူးခုံးကျော်တံတားလှေကားလက်ရန်းအောက်မှ ကွမ်းတံတွေးများ၊ စတုရန်းပုံတံတားပေါ်ရှိလူသွားလမ်းနံဘေးမှကွမ်းတံတွေးများ၊အမှိုက်ပုံးအပြင်တွင် စွန့်ပစ်ထားသော အမှိုက်များ၊ တံတားပေါ်မှ ဈေးသည်များ လူကူးခုံးကျော်တံတားပေါ်ထက် တံတားအောက်ယာဉ်များကြား ပြေးပြေးလွှားလွှား သွားလာနေကြသူများ၊ တဖြည်းဖြည်းဖြင့် ရန်ကုန်မြို့တွင်း လူသွားလမ်း ပျောက်လာသော လျှောက်လမ်းပေါ်မှ ဈေးသည်များ၊ လမ်းဆုံမီးပွိုင့်အနီးမှ ဈေးသည်များ၊ မြို့တွင်းလမ်းမကြီးပေါ်မှ ဈေးသည်များနှင့် ပန်းဆိုးတန်းလူကူးခုံးကျော်တံတား အတက်၊ အဆင်းမှ ဈေးသည်များ၊ ရန်ကုန်မြို့ရှိ ပန်းခြံများ ဝင်ပေါက်နှင့်ပန်းခြံတွင်းမှ ဈေးသည်များ၊ ရေဆိုးမြောင်းများနှင့် နောက်ဘက်လမ်းကြားများ၊ မြို့ပြ၏ ဟိုတယ်ကြီးများ၊ City Mart နှင့် Supermarket များရှေ့မှ လမ်းပေါ်ဈေးသည်များ၊ အဖြူအနီရေးဆွဲထားသောနေရာတွင် ရပ်တန့်ခရီးသည်တင်ဆောင်သော တက္ကစီယာဉ်များ၊ မြို့ပြအဆောက်အအုံများနှင့် ရုပ်ရှင်ရုံများရှေ့မှ တွန်းလှည်းဈေးသည်၊ လမ်းပေါ်ဈေးသည်များ၊ အများပြည်သူ အပန်းဖြေရာ နေရာတို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးသည်များ၊ ရန်ကုန်မြို့တွင်း ရေမြောင်းများအတွင်းမှ စွန့်ပစ်အမှိုက်နှင့် လမ်းပေါ်အမှိုက်များသည် လည်းကောင်း၊ မြို့တွင်းဌာနဆိုင်ရာ ရုံးများရှေ့တွင် ရောင်းချလျက်ရှိသော ဈေးသည်များ၊ မြို့ပြအလှနှင့် လိုက်ဖက်ညီစေမည့် ရန်ကုန်မြစ်ကမ်းတစ်လျှောက် ပြုပြင်မွမ်းမံရမည့် ဆိပ်ခံနှင့်ကမ်းနားများ၊ ပြုပြင်ရန် လိုအပ်နေသော ရန်ကုန်မြို့တွင်းမှ ရေဆိုးမြောင်းများ၊ ကိုယ်လက်လှုပ်ရှားအားကစားခြင်းနှင့် အများပြည်သူ အပန်းဖြေအနားယူသော အင်းလျားကန်နှင့် မြကျွန်းသာ ကန်ပေါင်တို့မှ ညလုံးပေါက် ဈေးသည်များ၊ စွန့်ပစ်အမှိုက်များသည် လည်းကောင်း စသည့်မြို့ပြအလှကို ထိခိုက်စေသော မြင်ကွင်းများကို ပြုပြင်ဖော်ဆောင်ခြင်းဖြင့် မြန်မာပြည်၏ပုံရိပ်ဖြစ်သော ရန်ကုန်မြို့ကြီး ခေတ်စနစ်နှင့်အညီ အိမ်နီးချင်းနိုင်ငံတို့နှင့်အတူ ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

> **ရန်ကုန်မြို့ပြကြီး အရောင်ဆိုးခံနေရသည်ကို အချိန်မီကုစားရန် လိုအပ်နေပြီ ဖြစ်သည်။ တစ်နေ့တာ ပိတ်ဆို့နေသော ယာဉ်များ၊ အချိန်နှင့် ငွေပေးဆပ်၍ သွားလာနေရသော ပြည်သူများအနေဖြင့် ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရန် ဖော်ဆောင်နေသော စီမံချက်များနှင့် ပရဟိတလုပ်ငန်းစဉ်တို့တွင် ဝိုင်းဝန်း လက်တွဲလုပ်ဆောင်သင့်**

သန့်ရှင်းသာယာခေတ်မီလှပသောမြို့ပြကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာပါက ရန်ကုန်မြို့သည် ပြည်တွင်း ခရီးသွားများသာမက နိုင်ငံ ခြားသားပြည်ပခရီးသွားများ ပိုမိုစိတ်ဝင်စားလျက် ခရီးသွားဝင်ရောက်မှုတိုးမြှင့်လာသည်ကို တွေ့မြင်လာရမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေတိုးမြှင့် ရရှိကာ ထိုသို့သောအသီးအပွင့်ကို မြို့ပြနေပြည်သူတို့နှင့်အတူ အနာဂတ်မျိုးဆက်သစ်လူငယ်များ ရရှိခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။

### မြို့ပြသန့်ရှင်းသာယာရေး ဝိုင်းဝန်းလက်တွဲ

ယနေ့ ရန်ကုန်မြို့ပြကြီး အရောင်ဆိုးခံနေရသည်ကို အချိန်မီကုစားရန် လိုအပ်နေပြီဖြစ်သည်။ တစ်နေ့တာ ပိတ်ဆို့နေသော ယာဉ်များ၊ အချိန်နှင့် ငွေပေးဆပ်၍ သွားလာနေရသော ပြည်သူများအနေဖြင့် ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရန် ဖော်ဆောင်နေသော စီမံချက်များနှင့် ပရဟိတလုပ်ငန်းစဉ်တို့တွင် ဝိုင်းဝန်းလက်တွဲလုပ်ဆောင်သင့်ပါသည်။ မိမိမြို့ပြသာယာလှပခြင်းသည် မိမိ မိသားစုနှင့် မိမိပတ်ဝန်းကျင်သာယာလှပခြင်းဖြစ်သည့်အပြင် ရန်ကုန်မြို့ပြကြီး ခေတ်မီတိုးတက်လာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မိမိတို့၏ မျိုးဆက် သစ်များကို အမွေခံကောင်းများ လက်ဆင့်ကမ်းနိုင်ရန် ယနေ့အချိန်မှစ၍ ရန်ကုန်မြို့ပြ ခေတ်မီ သန့်ရှင်းသာယာလှပရန်နှင့် မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာဖွံ့ဖြိုး တိုးတက်ရန် ဝိုင်းဝန်းဖော်ဆောင် လက်တွဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။



# ရင်ခုန်လှုပ်ရှား လွတ်လပ်ရေးအကြို မြင်ကွင်းများ

● ထင်ပေါ်ဝင်း



ယမန်နှစ်က
လွတ်လပ်ရေးနေ့အခမ်းအနားကို
မဟာဗန္ဓုလပန်းခြံ၌ ကျင်းပနေစဉ်။

ဇန်နဝါရီလ ၄ ရက်နေ့တည်းဟူသော လွတ်လပ်ရေးနေ့ကို တဖြည်းဖြည်းနီးကပ်လာသည်နှင့် အမျှ ရန်ကုန်သူ ရန်ကုန်သားတို့က လွတ်လပ်ရေးနေ့ အခမ်းအနားများကို ကျင်းပရန် အချိန်ယူ ပြင်ဆင်လျက်ရှိကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က တိုင်းတစ်ပါးလက်အောက်ခံဘဝမှ လွတ်မြောက်ခဲ့ပြီးနောက် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအချုပ်အခြာအားလုံးကို မိမိဘာသာ မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ဖန်တီးစီမံ အုပ်ချုပ်နေနိုင်ပြီဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော် မလွတ်လပ်ခဲ့သော ဘဝများကို ဖြတ်သန်းခဲ့ပြီးနောက် လွတ်လပ်ရေးရပြီး ချိန်ခါဝယ် လွတ်လပ်ရေး၏အရသာကို အပြည့်အဝခံစားသည့်အနေဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြသည်မှာ နှစ်ပေါင်း ၇၁ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

**လွတ်လပ်ရေးအနှစ်သာရပြိုင်ပွဲများ**

လွန်ခဲ့သော နှစ်ပေါင်း ၇၁ နှစ်တာကာလ၏ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်မြို့အတွင်း ဝန်များရုံးအတွင်းရှိ ယာယီပါလီမန်(တိုင်းပြုပြည်ပြုလွှတ်တော်) အဆောက်အအုံရှေ့ အလံတိုင်ပေါ်မှ ဗြိတိသျှယူနီဂျက်အလံကို အောက်သို့ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခြင်းဖြင့် စတင်ခဲ့သော မြန်မာနိုင်ငံ၏ လွတ်လပ်မှုမှာ ယခုအခါ ၇၁ နှစ် တင်းတင်း ပြည်မြောက်ခဲ့ပြီဖြစ်သည်။ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေထိုင်ခြင်းတည်းဟူသော လွတ်လပ်ရေး၏ အနှစ်သာရကို ပြသနိုင်ရန် နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်းပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပလာခဲ့ကြသည်။

ယခုဆိုလျှင် ရန်ကုန်မြို့တော် မဟာဗန္ဓုလပန်းခြံအတွင်း၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ အခမ်းအနားကျင်းပမည့် အစီအစဉ်၊ ဖိတ်ကြားမည့် ဧည့်သည်တော်များ စသည်ဖြင့် လွတ်လပ်ရေးနေ့အခမ်းအနားအတွက် အစစအရာရာလိုလေသေးမရှိအောင် စီစဉ်မှုများဖြင့် စတင်လျက်ရှိသည်။ မဟာဗန္ဓုလပန်းခြံ အဝင်မုခ်ဦးကို ကတ္တီပါနီညိုရောင်အောက်ခံဖြင့် စာလုံးများရေးထိုးရန် ပြင်ဆင်နေဆဲဖြစ်သည်။ မုခ်ဦး၏ ဘယ်ညာနှစ်ဖက်တွင် နိုင်ငံတော်အလံများကို လွှင့်ထူထားသည်။

**အကြိုပြင်ဆင်မှုများပြုလုပ်**

ရန်ကုန်တိုင်းဒေသကြီး၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ စစ်ဘက်ဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရုပ်ရှင် သဘင် ဂီတနယ်ပယ်များမှ ကိုယ်စားလှယ်များ၊ ၈၈ မျိုးဆက်ခေါင်းဆောင်များ၊ ရဲဘော်သုံးကျိပ်မိသားစုဝင်များ၊ သခင်မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများကို ဖိတ်ကြားသွားရန် စီစဉ်ထားပြီး ယခုနှစ်ကျင်းပမည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို အဆိုပါအဖွဲ့အစည်းများအပါအဝင် လူဦးရေ ၃၀၀၀ ခန့် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းများထံမှ သိရသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့သာမက ရပ်ကွက်နှင့် မြို့နယ်နေပြည်သူများကလည်း လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန် အကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ပြုလုပ်နိုင်ရန် နေရာ၊ ငွေကြေး၊ အချိန်တို့ကို ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တိုင်ပင်ဆွေးနွေးသတ်မှတ်ကြသည်။ ရန်ပုံငွေရရှိမှု၊ နေရာရရှိမှု အပေါ်မူတည်၍ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရန် စီစဉ်ကြသည်။ တစ်ချိန်က ရပ်ကွက်များအတွင်းရှိ အဆောက်အအုံဆောက်လုပ်ထားခြင်းမရှိသော နေရာများတွင် ကျင်းပနိုင်ခဲ့သော်လည်း ပြောင်းလဲလာသော လူနေမှုစနစ်များကြောင့် အဆောက်အအုံဆောက်လုပ်ထားခြင်းမရှိသော မြေလွတ်မြေလပ်မှာ ကျန်ရှိခြင်းမရှိတော့ချေ။ ထို့ကြောင့်ပင် ရပ်ကွက်အတွင်းလမ်းများတွင် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ကြရသည်။

အပြေးပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများ၊ ဂုန်နီအိတ်စွပ်၊ အာလူးကောက်၊ မုန့်စား၊ ချောတိုင်တက်၊ ဘောလုံးပစ်၊ သားရေကွင်းပစ်ပြိုင်ပွဲများသည် နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း ရပ်ကွက်အတွင်းရှိ ကလေးငယ်များအတွက် ပြုလုပ်ပေးနေကျ အားကစားပြိုင်ပွဲများဖြစ်သည်။ ဘောလုံးပြိုင်ပွဲကဲ့သို့ အချို့သော အားကစားပြိုင်ပွဲများမှာ တစ်ပတ်ခန့် ကြိုတင်ယှဉ်ပြိုင်ကြပြီး လွတ်လပ်ရေးနေ့တွင် နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပကြလေ့ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း အားကစားပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပကြလေ့ရှိသည်။ ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အားကစားပြိုင်ပွဲများ၊ ပုံပြောနှင့် နံရံကပ်စာစောင်ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်ဟု သိရသည်။ လှည်းတန်းမီးပွိုင့်အနီးရှိ လှည်းတန်းစင်တာမှလည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမှိုက်ကောက်ခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်သွားမည်ဟု ကြိုတင်သတင်းရရှိသည်။ **အချပ်ပို (ခ) သို့**



ဓာတ်ပုံ-အာကာစိုး

*အဆင့်မြှင့်တင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေတွေနဲ့ မြို့ရန်ကုန် . . . မှ*

ရေိယာများနဲ့ သမိုင်းအမွေအနှစ်များ စုဝေး တည်ရှိရာ ဧရိယာ၊ လူနေသိပ်သည်းမှုကို မြှင့်တင် ဆောင်ရွက်သွားမယ့်ဧရိယာ၊ မြို့ပြဖွံ့ဖြိုးမှုများကို စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်မယ့်ဧရိယာစတဲ့ သတ်မှတ်မှုတွေနဲ့ ထိန်းသိမ်းလုပ်ကိုင်ဖို့ အစီအစဉ်တွေရှိနေပြီ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ကန်တော်ကြီး၊ အင်းလျားကန်၊ လှော်ကား စတဲ့နေရာတွေအပြင် သဘာဝ စိမ်းလန်းမြေနဲ့ ရေပြင်တွေ၊ ပန်းခြံနေရာတွေကို လက်ရှိမြို့ပြသဘာဝ ပတ်ဝန်းကျင်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး ဧရိယာတွေအဖြစ် သတ်မှတ်ကာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကလည်း လက်ရှိမှာ အရှိန်အဟုန်နဲ့ တည်ဆောက်လာတဲ့ အထပ်မြင့်အဆောက်အအုံတွေ၊ စီးပွားရေးလုပ်ငန်းနဲ့ စားသောက်ဆိုင်တွေဟာ ကန်တော်ကြီး၊ အင်းလျားကန်တွေရဲ့သဘာဝ ပတ်ဝန်းကျင်ဖြစ်တည်မှုကို ခြိမ်းခြောက်လာနေလို့ပဲ ဖြစ်ပါတယ်။ ဒါတွေကို စနစ်တကျနဲ့ စိစစ်ထိန်းသိမ်းနေပေမယ့် ထိထိရောက်ရောက် လုပ်ကိုင်မှုရတော့မယ့်အချိန်ကို ရောက်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ရဲ့ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်တွေဟာ ရန်ကုန်မြို့လယ်ရဲ့ မြို့နယ်တွေဖြစ်တဲ့အပြင် ရှေးဟောင်းမြို့ပြ အဆောက်အအုံတွေ အများအပြားတည်ရှိရာ နေရာတွေလည်းဖြစ်ပါတယ်။ ဒီလိုပါပဲ ဆိပ်ကမ်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်နဲ့ ကမာရွတ်မြို့နယ်အပါအဝင် ရွှေတိဂုံစေတီဝန်းကျင်ဧရိယာတွေကလည်း သမိုင်းအမွေအနှစ်တွေ တည်ရှိရာ နေရာတွေ ဖြစ်နေပါတယ်။ ဒါကြောင့် အဲဒီမြို့နယ်တွေမှာ မြို့ပြဖွံ့ဖြိုးမှု ထိန်းသိမ်းနိုင်ဖို့ ဧရိယာတွေနဲ့ သမိုင်းအမွေအနှစ်တွေ စုဝေးတည်ရှိရာ ဧရိယာတွေအဖြစ် သတ်မှတ်ဆောင်ရွက်ကာ ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်မြို့ရဲ့ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒေါပုံ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နဲ့ ရွှေပြည်သာမြို့နယ်တွေမှာလည်း စနစ်တကျ မြို့ပြလူနေထိုင်မှု မြင့်တက်လာအောင် တိုးမြှင့်ဆောင်ရွက်မယ့် ဧရိယာတွေအဖြစ် ဆောင်ရွက်သွားဖို့လည်း ရှိနေပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ရဲ့ မြို့နယ်သစ်တွေမှာ မူလက စနစ်တကျ အကွက်ရိုက်ပြီး မြို့ပြမြေကွက်ပုံစံ ဖော်ဆောင်ခဲ့ပေမယ့် နောက်ပိုင်းမှာ နေထိုင်မှု ဧရိယာပုံစံတွေ ပြောင်းလဲလာခဲ့တာမို့ အခုအချိန်မှာ ထိန်းသိမ်းစောင့်ရှောက်မှု ပိုမိုလိုအပ်နေတာပဲ ဖြစ်ပါတယ်။

**တိုးမြှင့်လုပ်ဆောင်**

ရန်ကုန်မြို့မှာ မြို့ပြဖွံ့ဖြိုးမှု တိုးမြှင့်ဆောင်ရွက်သွားမယ့် မြို့နယ်တွေအဖြစ် မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တွေမှာ လုပ်ကိုင်သွားဖို့ ရှိနေပါတယ်။ အဲဒီမြို့နယ်တွေဟာ တဖြည်းဖြည်း နဲ့ ရန်ကုန်မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာအဖြစ် ရောက်ရှိလာနေတာမို့ စနစ်တကျနဲ့ ဆောင်ရွက်သွားမယ်ဆိုရင် တိုးမြှင့်လုပ်ဆောင်လို့ရတဲ့ မြို့နယ်တွေဖြစ်ပါတယ်။

ဒ့ါအပြင် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုတွေ စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် အတွက် ဒလ၊ ဆိပ်ကြီးခနောင်တို၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လှိုင်နဲ့ ရန်ကင်းမြို့နယ်ဧရိယာတွေကို သတ်မှတ် ဆောင်ရွက်ဖို့ရှိနေပါတယ်။

ရန်ကုန်မြို့ကို အဲဒီလိုဧရိယာတွေအဖြစ် သတ်မှတ်ပြီး စနစ်တကျနဲ့ ထိန်းသိမ်းစောင့်ရှောက်မှုတွေ၊ တိုးတက်ဖွံ့ဖြိုးမှုတွေ၊ ပြန်လည် ဖွံ့ဖြိုးအောင် ဆောင်ရွက်မှုတွေကို လုပ်ဆောင်နိုင်မယ်ဆိုရင်တော့ ရန်ကုန်မြို့ဟာ နိုင်ငံတကာ မြို့ကြီးတွေလို အစီအမံကောင်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုကောင်းကောင်းနဲ့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမယ့် မြို့ကြီးတစ်မြို့ဖြစ်လာမှာ အမှန်ပါပဲ။ ။